www.burmeseclassic.com

# ထူးဒိုး

မရဏာဖွား

# ပြိတ္တာဂူ နှင့် နွယ်ပေါင်းကျောက်ကွဲ



BURMESE CLASSIC .com

ပန်းချီ ထွန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ထူးအံ့ |မရဏဗွား|

# ပြိတ္တာဂုနှင့်နွယ်လောင်ကျောက်ကွဲ

**မိစဉ်သူ** ဦးအောင်ရိုး(မော်လမြိုင်)


စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၄၄၀၃၀၉

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၀၇၀၅၀၉

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ သြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၉၊ နှစ်လ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး – **ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ရန်ကုန်။ ဖုန်း- ၃၇၉၄၄၀

၇၉၅.၇၃

ထူးအံ့ (မရဏဗွား)

ပြိတ္တာဂုနှင့်နွယ်လောင်ကျောက်ကွဲ / ထူးအံ့၊ မရဏဗွား - ရန်ကုန်။ သိန်းမင်းစာပေ၊ ၂၀၀၉ ။

- စာ၊ ၁၃ × ၂၀ စင်တီ။

(၁) ပြိတ္တာဂုနှင့်နွယ်လောင်ကျောက်ကွဲ


ဘေးလွတ်ကြောင်း(၅)ပါး

(၁) ဇပ္ပ - မန္တရားမန်းသဖြင့် လွတ်ရာသည်၊

(၂) မန္တ - ပညာရှိတို့ကိုတိုင်ပင်သဖြင့် လွတ်ရာသည်၊

(၃) သုဘာသိတ- ကောင်းသောစကားကိုဆိုသဖြင့် လွတ်ရာသည်၊

(၄) အနုပ္ပဒါန - ဥစ္စာတံစိုးပေးသဖြင့် လွတ်ရာသည်၊

(၅) ပဝေဏိ - အမျိုးအနွယ်ကိုဆက်စပ်သဖြင့် လွတ်ရာသည်၊

ဤသည်လျှင် ကြီးစွာသောဘေးမှ လွတ်အောင်ပြုရာသော အကြောင်းငါးပါးတည်း။

(ပုစ္ဆာပကိဏ္ဏကကျမ်း)

www.burmeseclassic.com

www.burmeseclassic.com

## ဗြိတ္တာ(၄)မျိုး

**ပရဒတ္တူပ ဇီဝိတဗြိတ္တာ** = သူတစ်ပါးတို့ပေးကမ်းလှူဒါန်း စွန့်ကြဲအပ်သောစားဖွယ်သောက်ဖွယ်ကိုအမှီပြု၍ အသက်ရှင်ရသောပြိတ္တာမျိုး။

**ခုပ္ပိပါသိကဗြိတ္တာ** = အစာငတ်၊ ရေငတ်ခြင်းတို့ဖြင့် အမြဲဒုက္ခခံနေရသောပြိတ္တာမျိုး။

**နိဇ္ဈာမတဏှိကဗြိတ္တာ** = အမြဲတမ်း လောင်ကျွမ်းပူပန်ခြင်းခံနေရသောပြိတ္တာမျိုး။

**ကာလကဉ္စိကဗြိတ္တာ** = အသူရကာယ်ဟုခေါ်သည့် ပြိတ္တာမျိုးတို့ဖြစ်သည်။

(ပေတဝတ္ထု)

အသင်စာဖတ်သူသည်...

ကျွန်ုပ်၏ဝတ္ထုကြီးကိုဖတ်ပြီးသည့်နောက် သင့်အတွက် အကျိုးရှိလှသော တစ်စုံတစ်ရာ မှတ်သားဖွယ်ရာကျန်ရစ်ခဲ့၊ ကျွန်ုပ်ပြုစုရေးသားရကျိုးနပ်ပါ၏။

ခပ်သိမ်းသတ္တဝါ ချမ်းသာပါစေ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ နိမိတ်ဆိုး

၂။ မညာမတာ ထိုမိန္တာ

၃။ ထူးဆန်းသောသူတော်စင်

၄။ သဘော်ာပေါ်က ခရီးဖော်

၅။ ဝဋ်ကြွေးကြမ္မာနှင့် လူဝင်စား

၆။ မထင်မှတ်သောညွှသည်များ

၇။ အငြိုးကြီးသောကြမ္မာဆိုး

၈။ ဝမ်းနည်းဝမ်းသာကြုံရာသူ

၉။ ကြုံတွေ့ရသော ထိုဓလေ့

၁၀။ တောကြီးမြိုင်နန်း ခရီးလမ်း

၁၁။ ရန်သူ့လက်တွင်းကျရောက်ခြင်း

၁၂။ ကျွန်ပ်ပါးရိုက်ခံရခြင်း

၁၃။ ကျွန်ုပ်ကိုယ်ကျွန်ုပ်သုံးသပ်ခြင်း

၁၄။ ကျွန်ုပ်တို့၏ကာယ်တင်ရှင်

၁၅။ နွယ်လောင်ကျောက်ကွဲ

၁၆။ တောနင်းမည့်သူ

၁၇။ ခွင့်လွှတ်ခြင်းဆိုတာ

၁၈။ ငွေစကား ရွှေစကား

၁၉။ ဒုတိယအကြိမ်အဖမ်းခံရခြင်း

၂၀။ လောဘသားတို့ကြမ္မာဆိုး

၂၁။ အပြန်ခရီး

၂၂။ နာနာဘာဝရ

၂၃။ အချစ်သဘော်

၂၄။ ဗြိတ္တာဂုနှင့် နွယ်လောင်ကျောက်ကွဲ

၂၅။ နိဂုံး






www.burmeseclassic.com

www.burmeseclassic.com

## နိမိတ်ဆိုး

### (၁)

ဂျိုင်ဝါ။

ဂျိုင်ဝါဆိုသည်က နတ်ဟောဆရာကြီးကို ခေါ်ဆိုခြင်းဖြစ်၏။ တစ်နည်း နတ်ဆရာကြီး။

တဲအိမ်ကြီး၏အပြင်ဘက်တွင် ယာယီနတ်စင်ကို ဝါးပိုးဝါးများဖြင့် တည်ဆောက်ထားကာ နှီးများဖြင့် ချည်နှောင်ထားခြင်းဖြစ်သည်။

ထိုနတ်စင်၏အလယ်၌ ယဇ်ပလ္လင်ဆိုသည် ပါရှိသေး၏။ ထိုပလ္လင်၌ ယဇ်ကောင်၏ဦးခေါင်းကို ချိတ်ဆွဲထားရသည်။ ယဇ်





ကောင်ကိုပူဇော်ရာတွင် ကျွဲ၊ နွား၊ ဝက်စသည့် တိရစ္ဆာန်များအပြင် တောတိရစ္ဆာန်တို့ကိုလည်း တင်မြှောက်နိုင်ပေသေးသည်။

ယဇ်ကောင်၏ဦးခေါင်းဘေး၌ ယဇ်ကောင်၏အသားစိမ်းများကို ဖက်နှင့်ထုပ်ကာ နတ်စင်ပေါ်တင်ထားရပေသည်။

ထို့ပြင် ရိုးရာအရက်၊ ခေါင်ရည်စသည်တို့ကိုလည်း နတ်စင်ပေါ်တွင် အပြည့်တင်ရှိလေ၏။

နတ်ဆရာကြီးသည် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများဖြင့် ပိန်လှီကာ အိုမင်းရင့်ရော်လျက်ရှိပေ၏။ နတ်ဆရာကြီးသည် အဆောင်အယောင် အဝတ်အစားများကိုဝတ်ဆင်ထားပြီး နတ်စင်ရှေ့၌ မီးထွန်းညှိထားသောမီးတိုင်ကြီးအနီး၌ရပ်ကာ အလွန်ထူးဆန်းသောဘာသာစကားတစ်ခုဖြင့် ရွတ်ဖတ်လျက်ရှိရာ တစ်ခါတစ်ခါ ဝမ်းခေါင်းသံကြီးနှင့် လေအားပြင်းပြင်းထွက်လာသော ပါးစပ်မှအသံက ကြက်သီးထစဖွယ်ပင်ဖြစ်ပေ၏။ နတ်ဆရာကြီးနှင့် မနီးမဝေးနောက်နားတွင်ရပ်နေသူ လူတစ်ယောက်ရှိပေသေး၏။ ထိုသူက ယဇ်ကောင်သတ်သူဖြစ်ပြီး 'ခင်ဂျောင်'ဟု ခေါ်လေ၏။

နတ်ဆရာကြီးသတ်မှတ်ထားသော စည်းဝိုင်းအပြင်ဘက်၌ ယဇ်ပူဇော်နိုင်းသူ ကာယကံရှင်တို့ရှိကြလေ၏။ ထိုကာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှင်တား နတ်ဆရာကြီးကို အခကြေးငွေများစွာပေး၍ မိမိဖြစ်ချင်သောဆန္ဒ မိမိလုပ်လိုသောဆန္ဒကိုတင်ပြကာ နတ်ဆရာကြီးကို အကူအညီတောင်းရခြင်းဖြစ်ပေ၏။

ကာယကံရှင်ကြီးသည် နတ်ဆရာကြီးလုပ်သမျှကို ပီတိအပြုံးဖြင့်ကြည့်ကာ ပျော်ရွှင်နေဟန်ရှိ၏။ ထို့အတူ ကြီးမားသောအငြိုးအတေးကြီးတစ်ခုအား စိမ်ပြေနပြေလက်စားချေနေသူတစ်ဦး၏အပြုံးမျိုးကို မျက်နှာတွင် အထင်းသားတွေ့ရလေ၏။

နတ်ဆရာကြီးသည် မျက်လုံးစုံမှိတ်လျက် ပါးစပ်မှရွတ်ဖတ်မှုများကို အချိန်အတန်ကြာအောင်ပြုလုပ်ပြီးနောက် လက်နှစ်ဖက်တွင်ဆုပ်ကိုင်ထားသော အဝါရောင်အမှုန့်လေးများကို မီးတိုင်ဆီသို့ ပစ်ပေါက်လိုက်ရာ…။

“ဝုန်း”

“အား”

ထိတ်လန့်တကြားအော်ဟစ်သံကြီးသည် ညဥ့်ဦးယံကို ထွင်းဖောက်သွားလေ၏။

“အနူး…အနူး”

အမေဟုအော်ဟစ်ရင်း လူငယ်တစ်ယောက်က ‘ဒေါ်ခေါင်နူး’ အိပ်နေရာသို့ အပြေးရောက်ရှိလာလေသည်။





“အနူး…ဘာဖြစ်တာလဲ၊ ဘာဖြစ်နေတာလဲဟင်”

ဒေါ်ခေါင်နူးကိုမေးလိုက်သည်။ မျက်နှာတပြင်လုံး ချွေးတို့ရွှဲနစ်နေလေ၏။ လူငယ်က ဖန်မီးအိမ်အလင်းရောင်ကို အနည်းငယ်မြှင့်တင်လိုက်သည်။

“အိပ်မက်…အိပ်မက်ဆိုးတွေ ဘရန်ရှောင်”

‘ဘရန်ရှောင်’က အမေ့အတွက် သောက်ရေတစ်ခွက်ပြေးခပ်လိုက်ပြီးနောက် မိခင်ဖြစ်သူကိုတိုက်လိုက်သည်။

“ဖြစ်မှဖြစ်ရလေအနူးရယ်၊ ကျွန်တော်လန့်သွားတာပဲ”

ဘရန်ရှောင်က မိခင်ကိုကြင်နာစွာကြည့်လိုက်ပြီးနောက် မျက်နှာသုတ်ပုဝါငယ်တစ်ထည်ယူကာ မိခင်အား ချွေးသုတ်ပေးလေသည်။

“ဟင်…အနူး၊ ကိုယ်တွေပူနေပါလား၊ အဖျားတက်နေတာပဲ”

“ရပါတယ်သားရယ်၊ ခဏပဲနေမှာပါ၊ မင်းညီအငယ်ကောင် ဘောက်နော်ရော”

“အိပ်ပျော်နေတယ်ထင်တယ် အနူး။ နေဦး…အနူးသောက်စရာ ဘာဆေးရှိလဲ”

ဘရန်ရှောင်က ကြောင်အိမ်အံဆွဲထဲမှ သောက်စရာဆေးရှိလိုရှိငြား ရှာကြည့်လိုက်သည်။ ဘာမှမရှိ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မော် ခရီးသည်တင်ကားအဖြစ် အသုံးပြုကာ စီးပွားရှာကြရသည်။ ဘောက်နော်က ကားကို ကျွမ်းကျင်နိုင်နင်းစွာ မောင်းနှင်နိုင်ပြီ ဖြစ်သော်လည်း ဘရန်ရှောင်က အထိန်းအကွပ်သဘောမျိုး လိုက်ပါဦးဆောင်ပေးနေရသည်။ ဘောက်နော်က လူငယ်ပီပီ တစ်ခါတရံ အပေါင်းအသင်းများနှင့် သွားလာသောက်စားတတ်သေးသဖြင့် စိတ်မချဖြစ်ကာ နောက်ကလိုက်နေရခြင်းလည်းဖြစ်သည်။

"ခုတလော ငါ နိမိတ်မကောင်းတဲ့အိပ်မက်တွေ ခဏခဏမက်နေတယ် ဘရန်ရှောင်၊ အဲဒါ နင့်အဝါးကို ငါသတိပေးချင်တယ်"

"ဘယ်လိုမက်တာလဲအနူး"

"မကောင်းဆိုးဝါး နတ်မိစ္ဆာကြီးတစ်ကောင် ငါတို့မိသားစုကို တစ်စစီဖြစ်အောင် ဖျက်ဆီးနေတယ်လို့ အိပ်မက်မက်တယ်၊ ပြီးတော့..."

"ပြီးတော့ ဘာဖြစ်လဲအနူး"

"ပြီးတော့ ငါက မိုးကာအနီရဲရဲကြီးခြုံပြီးသွားတယ်တဲ့၊ အဲဒါ သွေးနိမိတ်"

"အာ...အနူးကလည်း၊ အနူးကျန်းမာရေးမကောင်းလို့





သွေးလေချောက်ချားဖြစ်တာပါ အနူးရယ်၊ ဘုရားသခင်အာရုံပြုပါ၊ ဘာမှတွေးမနေပါနဲ့နော်"

"ငါက တို့မိသားစုကို တစ်စုံတစ်ယောက် ကြံနေပြီလို့ ထင်တာ"

"မဟုတ်ပါဘူး အနူးရယ်၊ အိပ်တော့နော်၊ ကျွန်တော် နက်ကျမှ မကျိုဆရာဆီသွားပင့်မယ်"

မနက်တွင် ဆေးဆရာပင့်မည့်အကြောင်းနှစ်သိမ့်ရင်း င်ဖြစ်သူကို ချော့မော့နှစ်သိမ့်ကာ စောင်ခြုံပေး၍ ဘရန်ရှောင် မ်ပြင်ထွက်ခဲ့လေသည်။ အိမ်ခေါင်းရင်းရှိ ကုက္ကိုလ်ပင်ကြီးသုံး င်ပေါ်မှ လင်းဖြာကျလျက်ရှိသောလရောင်ကြောင့် ကောင်းကင် ိုမော့ကြည့်မိသည်။

ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာလျက်ရှိလေ လပြည့်ကျော်ရက်မို့ လထွက်နောက်ကျသော်လည်း လမင်း သင်းက အေးမြဆဲ။

နာရီကြည့်လိုက်တော့ ညဥ့်သန်းခေါင်ကျော် နှစ်ချက်တီး အိပ်ရာထဲဝင်ရန်အတွက် အိမ်တွင်းပြန်ဝင်ခဲ့သည်။

အိပ်ပျော်စေရန် မနည်းကြိုးစားရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

မညှာမတာ ထိုမိန္ဓာ

(၂)

အချိန်က နေဝင်ရီတရောအချိန်။

ရန်ကုန်မြို့ကြီး၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခု။

''သားငယ်...လိမ့်ကျမယ်နော်''

အေးမှုက လေးဘက်သွားနေသော သူ၏သားငယ်လေးကို ရေတဲ့ကင်အနီး အဝတ်လျှော်နေရာမှ လှမ်းအော်ခြင်းဖြစ်သည်။

သို့သော် သိတတ်ကာစ လေးဘက်သွားကလေးငယ်လေး သည် မိခင်ဖြစ်သူအသံကြောင့် ခဏပဲလှည့်ကြည့်ကာ အိမ်မကြီး လှေကားပေါ်သို့ တက်ရန်ပြင်နေသည်။ ခါတိုင်းလည်း တက်နေ





ကျဖြစ်သည်။ သို့သော် ကလေးနောက်မှ လူကြီးတစ်ယောက် လိုက်စောင့်ရှောက်ပေးရ၏။

ယခု အေးမှု လက်မအား။

ကလေးလိမ့်ကျမည်စိုးသဖြင့် 'လျှော်လက်စအဝတ်ကိုချ ကာ ကလေးဆီသို့သွားရန်ပြင်လိုက်သည်။

ထိုစဉ်...

ရုတ်တရက် ကလေးငယ်သည် တစ်စုံတစ်ယောက်မှ တွန်းချလိုက်သည့်အလား လှေကားအောက်သို့ ပြုတ်ကျသွားလေ တော့သည်။

''ဝါး''

နောက်သို့လိမ့်ကာလိမ့်ကာဖြင့် ပြုတ်ကျသွားပြီးနောက် ကလေးငယ်၏ ကြောက်လန့်တကြားအော်ဟစ်ငိုလိုက်သံ။

''လုပ်ကြပါဦးရှင်၊ ကျွန်မသားလေးပါးစပ်မှာ သွေးတွေ၊ သွေးတွေ''

ကလေးမှာ တဝါးဝါးအော်ငိုနေလေ၏။ အေးမှုမှာ ခြေ ကိုင်မိ၊ လက်မကိုင်မိ။ ကလေးကိုပွေ့ချီကာ ဘာလုပ်ရမည် သိဖြစ်နေလေသည်။

''ဟဲ့...ဟဲ့...အေးမှု၊ ကလေးဘာဖြစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဘေးပတ်ဝန်းကျင်အိမ်မှ မိသားစုများရောက်လာကြ သည်။

“လှေကားပေါ်က လိမ့်ကျတာပဲ”

“ဟုတ်လား...နှုတ်ခမ်းပေါက်သွားတာထင်တယ်”

“မဟုတ်ဘူး၊ ရှေ့သွားလေးနှစ်ချောင်းက တစ်ချောင် ကျိုးသွားတာတော့၊ ဒီမှာမမြင်ဘူးလား”

“အေး...အေး...ဟုတ်တယ်ကွ၊ ကလေးကို မြန်မြန်ဆေ ခန်းသွားပြရအောင်”

“ဟိုကောင်လှလွင်...လှလွင်မရှိဘူးလား အေးမူ”

“ကျွန်မယောက်ျား ဦးတင်စိန်ကိုကော်စက်မှာ အလု ဝင်နေတယ်”

“ဟုတ်လား၊ မိအေး...လှလွင်ကိုသွားခေါ်စမ်း၊ ကလေ ဆေးခန်းပို့ရအောင်”

“ဟုတ်ကဲ့...ဟုတ်ကဲ့”

မိအေးက ကလေးအဖေ လှလွင်အလုပ်လုပ်ရာ အလု အိမ်သို့ အပြေးအလွှားသွားရောက်ခေါ်လေ၏။ ကလေးကာ ဘယ်လိုချော့၍မှ အငိုမတိတ်။

နောက်တော့ မောင်လှလွင်ရောက်လာကာ လင်မယာ နှစ်ယောက် ဆေးခန်းပြေးကြလေတော့၏။





သူတို့လင်မယားနှစ်ယောက် ဆေးခန်းကပြန်လာတော့ ကလေးငယ်လေးမှာ မောမောနှင့် အိပ်နေချေပြီ။ ဆရာဝန်က အိပ်ဆေးအသုံးပြုလိုက်ဟန်ရှိသည်။ နှီမစိုနိုင်ဘဲ မောင်လှလွင် ဆက်ထဲမှ အိပ်ပျော်နေသောကလေးကိုကြည့်ကာ အေးမူပါးပြင် ပေါ်သို့ မျက်ရည်များစီးကျလာလေ၏။

“ကိုလှလွင်...ကျွန်မအမေအိမ်လိုက်ပို့၊ ဒီည ဖော့ကန်က အမေ့အိမ်ကိုသွားအိပ်မယ်”

“ဘာဖြစ်လို့လဲကွာ၊ မိန်းမကလည်း၊ ဒီမှာ သားလေးမှ နေမကောင်းတာ”

“သားလေးနေမကောင်းလို့ ပြောတာပေါ့၊ ဒီကျက်သရေ မရှိတဲ့အိမ်မှာ ကျွန်မမနေချင်ဘူး”

“ဘာပြောတယ် အေးမူ”

“ဟုတ်တယ်...ကျွန်မမနေနိုင်ဘူး၊ ဒီအိမ်ကြောင့် ကျွန်မ ကလေးဒုက္ခရောက်တာ၊ ကြာရင် သေတောင်သေနိုင်တယ်”

“မိန်းမကလည်းကွာ...ဘာတွေပြောနေတာလဲ”

“ကျွန်မ ဘာတွေပြောနေတာလဲ ရှင်မသိဘူးလား၊ ရှင့် အဒေါ်အပျိုကြီးက ဒီအိမ်မှာ ဘာတွေလုပ်ထားလဲမသိဘူး”

“မင်းက ဘာဖြစ်လို့ ဒီလိုပြောရတာလဲကွာ၊ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ကြားသွားရင် မကောင်းပါဘူး။ သူကျေးဇူးကြောင့် မင်းနဲ့ ငါ ဒီအိမ်လေးမှာနေခွင့်ရတာလေကွာ၊ တော်ကြာ ငါတို့ ဘုံ ပျောက်သွားပါဦးမယ်''

''ရှင့်ဟာရှင်နေချင်နေခဲ့၊ ကျွန်မနဲ့သားလေး အမေ့ဆီမှာ ပြန်နေတော့မယ်၊ ဒီအိမ်မှာရှိတဲ့မကောင်းဆိုးဝါးတွေကို ကျွန်မ တို့ကြောက်တယ်''

''ဘာ...ဘာပြောတယ်''

''ကျွန်မကြောက်တယ်၊ ကိုလှလွင်...ကျွန်မတို့ကို အမေ့ အိမ်လိုက်ပို့ပေးပါနော်''

ဒီမိန်းမ သားဇောနှင့် ရူးကြောင်ကြောင်ဖြစ်သွားပြီလားဟု မောင်လှလွင်က အံ့ဩစွာတွေးလိုက်၏။ မဖြစ်နိုင်တာတွေပြော နေသော်လည်း သူတို့သားအမိစိတ်ချမ်းသာအောင် ဒီတစ်ည တော့ လိုက်ပို့ပေးမည်ဟု စိတ်ကူးသည်။ သို့ဖြင့် အဝတ်အစား အနည်းငယ်ယူကာ ညခုနစ်နာရီမြို့ပတ်ရထားအမီ ဘူတာသို့ ထွက်ခဲ့ကြလေ၏။ ရထားလက်မှတ် တစ်စောင်(၂၅)ပြားဖြင့် နှစ်စောင်ဖြတ်ကာ ရထားအလာစောင့်နေကြလေ၏။

''မင်းကွာ...မဟုတ်တာတွေ လျှောက်တွေးမနေပါနဲ့၊ တော်ကြာ ဥပါဒန်ကြောင့် ဥပါဒ်ရောက်နေပါဦးမယ်မိန်းမရာ''





''ကျွန်မစိတ်ထဲမှာ မသန့်ဘူးလို့ ခံစားနေရလို့တော့''

''ကြံကြံဖန်ဖန်ကွာ၊ မင်းက ဘာစိတ်မသန့်ဖြစ်နေရတာ လဲ''

''ရှင့်အခေါ်က ဘုရားတရားလိုလို၊ နတ်ကတော်လိုလို တွေလုပ်နေတာလေ၊ အဲဒီကိစ္စတွေ ကျွန်မ တစ်ခုမှမသကာဘူး''

''မင်းကလည်းကွာ...အခေါ်က သူ့ဟာနဲ့သူ၊ သူ့ဝါသနာ နဲ့သူပါ၊ သိပ်လည်းမပြောပါနဲ့၊ မင်းနဲ့ငါက သူစောင့်ရှောက်ထား လို့ အခုလိုနေရတာမဟုတ်လား၊ သူ့အရိပ်မှာဆိုတော့ သူ့ကျေး ဇူးတွေက တို့အပေါ် အများကြီးရှိတယ်ကွ''

''ကျေးဇူးရှိတာတော့ ဟုတ်ပါတယ်တော်၊ ကျွန်မက ကျေးဇူးကန်းစကား တစ်ခွန်းမှမပြောပါဘူး၊ ခုဟာက ရှင့်အခေါ် လုပ်ရပ်တွေကို ကျွန်မကထောက်ပြတာ၊ ပြီးတော့ အခုလို အခေါ်အိမ်မှာကပ်နေရတာလည်း ရှင့်ကြောင့်ပါတယ်၊ ရှင်က ကျွန်မကို အိမ်ငှားသီးသန့်ထားပေးပါလား''

''မိန်းမကလည်းကွာ...ငါလည်းကြိုးစားနေတာပဲ၊ အဆင် မပြေသေးတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ နည်းနည်းတော့ သည်းခံ ရမှာပေါ့''

''ရှင်ပြောတာ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သားလေး ခုလိုမကျန်းမာတဲ့အချိန်မှာတော့ ကျွန်မ အမေ့ဆီမှာပဲနေပါရစေဦး''

**အေးမူစကားကြောင့် လှလွင်စဉ်းစားသွားသည်။**

**ရထားလာပြီ။**

ရထားလာသည်အထိ လှလွင်စဉ်းစားနေသေး၏။

''ကလေးကိုယ်တွေပူလာတယ်၊ အဖျားတက်ပြီထင်တယ်''

''ဆရာဝန်ပြောလိုက်တယ်လေ၊ ကလေးက လန့်ဖျားဖျားလိမ့်မယ်တဲ့၊ သောက်ဆေးလည်းပေးလိုက်တယ်၊ အမေ့အိမ်ရောက်မှပဲ ဆေးတစ်ခါတိုက်ကြတာပေါ့''

လှလွင်က ကလေး၏နဖူးကိုစမ်းသပ်ကြည့်လိုက်တော့ ကလေးက ကိုယ်ငွေ့နေလေပြီ။

''သနားလိုက်တာသားလေးရယ်''

ရင်ထဲ အတော်မကောင်းဖြစ်မိသည်။

''မနက်ဖြန်တော့ ငါအလုပ်ပြန်ပြီးဆင်းရမယ်ဟာ၊ သားလေးလည်း ဖျားနေပြီဆိုတော့ ငါတို့ငွေလိုလာပြီလေ၊ နင်က အမေ့အိမ်မှာ နှစ်ရက်တန်သည်၊ သုံးရက်တန်သည်နေဦးပေါ့၊ ပြီးတော့ ငါ အဘ ဦးအံ့ထူးအောင်ဆီသွားပြီး ဘာလုပ်ရမလဲ မေးစမ်းပါဦးမယ်ဟာ''





''ရှင် ကျွန်မတို့သားအမိဆီ နေ့တိုင်းမလာနိုင်လည်း တစ်ရက်ခြားတော့လာပေါ့၊ ရှင့်အဒေါ်အိမ်ကိုလည်း ဘာဖြစ်နေတယ်ဆိုတာ ရှင်လေ့လာလိုက်ဦး''

''အေးပါကွာ''

လှလွင် ရင်မောစွာဖြင့် သက်ပြင်းတစ်ခုချလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောသူတော်စင်

### (၃)

တစ်နေ့တွင် ကျွန်ုပ်နေထိုင်ရာ မြောက်ဥက္ကလာပနေအိမ်သို့ ကချင်ပြည်နယ်ရှိ မိတ်ဆွေတစ်ဦးထံမှ စာတစ်စောင်ရောက်ရှိလာလေသည်။ စာမှာ အောက်ပါအတိုင်းဖြစ်သည်။

သူငယ်ချင်း . . .

မင်္ဂလာနဲ့ပါ၊

ခကောလိုလို ကြားတတ်သူက စောင့်နေမယ်။

စာကိုဖတ်ကြည့်မိပြီးနောက် ကျွန်ုပ်သည် အတော်ရယ်ချင်သွားမိ၏။ ဘယ်သူ့လက်ချက်မှန်း ကျွန်ုပ်အတတ်သိပါ၏။





သို့နှင့် ကျွန်ုပ်မှာလည်း ရေစက်တုန်း ရေတွင်းထဲကျဆိုသလို ခရီးထွက်ရန်ကြံစည်နေချိန်မို့ လိုအပ်သည်များကို တပည့်ဖြစ်သူ မောင်မျိုးအားမှာကြားကာ ပြင်ဆင်စေခဲ့၏။

ကျွန်ုပ်တို့လို စာရေးဆရာများမှာ ခရီးသွားလာခြင်းမှ ဗဟုသုတများစွာ၊ ဒေသန္တရဗဟုသုတများစွာရရှိတတ်လေသဖြင့် မကြာခဏဆိုသလို ခရီးထွက်ရတတ်လေ၏။

ကျွန်ုပ်ကိုယ်တိုင်လည်း ရေးလက်စစာမူများ လက်စသတ်ခြင်း၊ အမိဌာန်ဝင်ရက်ပြီးစီးအောင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရပေတော့၏။

ယနေ့လည်း ကျွန်ုပ်သည် အမိဌာန်ရက် အနည်းငယ်ကျန်သေးသဖြင့် နံနက်ပိုင်း လက်ဖက်ရည်နှင့် အဆာပြေစားသောက်ပြီးနောက် ဘုရားသွားရန်ပြင်ဆင်နေခိုက် မောင်လှလွင်ဆိုသော လူငယ်လေးရောက်ရှိလာလေ၏။

"အဘ...အပြင်သွားမလို့လား"

"ဩော်...မောင်လှလွင်ပါလား။ လာ...ထိုင်လေကွာ၊ ဘယ်ကလှည့်လာတာလဲ"

"ကျွန်တော် ဒီနေ့အလုပ်နားရက်မို့ အဘဆီ တမင်လာတာ၊ အခု အဘအပြင်ထွက်မလို့လား"

www.burmeseclassic.com



"အေး…ဟုတ်တယ်မောင်လှလွင်၊ အဘ ရွှေတိဂုံဘုရား သွားမလို့ မင်းကိစ္စရှိလို့လားကွ"

"ဟုတ်ကဲ့အဘ၊ ဒါပေမယ့် သိပ်အရေးတကြီးတော့ မဟုတ်ပါဘူး၊ ဘုရားကို ကျွန်တော်လည်းလိုက်ခဲ့မယ်လေ၊ မရောက်တာလည်း အတော်ကြာနေတော့ အဘအတွက်လည်း အဖော်ပေါ့"

"အေး…ကောင်းတာပေါ့ကွာ"

သို့နှင့်ပင် ကျွန်ုပ်နှင့် မောင်လှလွင်တို့သည် ရွှေတိဂုံဘုရားသို့ ဘတ်စ်ကားစီးကာ ထွက်ခဲ့ကြလေတော့၏။

ကျွန်ုပ်သည် မွေးနံ့မှာ ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေလှူခြင်းပြုလုပ်ပြီးနောက် အနောက်ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြားရှိ အောင်မင်းအောင် စေတီသို့ ထွက်လာခဲ့လေ၏။

အောင်မင်းအောင်စေတီမှာ ယခုအခါ အောက်ပစ္စယာ ဗုဒ္ဓဝင်ပြခန်းအရှေ့ လူသွားလမ်းဘေးရှိသော စေတီဖြစ်ပါသည်။ အောင်မင်းအောင်စေတီဟုအမည်တွင်ခြင်းမှာ စေတီတည်ခဲ့သော အောင်မင်းအောင်ကိုအစွဲပြု၍ ခေါ်ကြခြင်းဖြစ်ပေသည်။ ယခင်စေတီဟောင်းကတည်းက အောင်မင်းအောင်စေတီဟု



ကမ္ပည်းထိုးထားပါသည်။ အောင်မင်းခေါင် (ဘိုးမင်းခေါင်)စေတီ မဟုတ်ပါ။

ဘုရားတည်သော အဘအောင်မင်းအောင်သည် အရပ်ထွားထွားကြီးနှင့် အညာသားရုပ်ဖြစ်ပြီး ဖျင်နီတိုက်ပုံဝတ်ထားတတ်သည်ဟု ဆိုပါသည်။

အောင်မင်းအောင်စေတီ၏ထူးခြားမှုမှာ ဉာဏ်တော်(၁၈) တောင်ခန့်ရှိပြီး စေတီလုံးပတ်လည်းကြီး၍ ငလျင်ဒဏ်ကြောင့် ပြိုကျလာပါလျှင် တောင်စောင်းတစ်လျှောက်လိမ့်ဆင်းလာပြီး ပြိုကျခြင်းမျိုးမဟုတ်ဘဲ စေတီအတိုင်းလျှောကျလာပြီး လေးပေ ခန့်ကျယ်သောမြောင်းကိုပင်ကျော်ကာ လူသွားလမ်းနားရောက် လာပါသည်။ စေတီအလေးချိန်ကြောင့် မြေများကျွံသွားပြီးလျှင် စေတီမှာ တစ်ဖက်သို့စောင်းနေပါသည်။ ထိုကဲ့သို့ဖြင့် နှစ်ပေါင်း နှစ်ဆယ်ခန့်ကြာမြင့်ပါသည်။

ကျွန်ုပ်တို့နှစ်ဦးရောက်စဉ်အခါက စေတီတော် ပြန်လည် တည့်မတ်ခြင်းမပြုရသေးပါ။

ကျွန်ုပ်သည် ထိုစေတီအနီး၌ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို အချိန်တစ်နာရီကျော်ကြာပြုလုပ်ပြီးမှ မောင်လှလွင်နှင့် အေးအေးဆေးဆေးထိုင်ကာ စကားပြောဖြစ်ပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အပြန်လမ်းတွင် မောင်လှလွင်က...

"အဘ...အဲဒီ အောင်မင်းအောင်စေတီလေးကို အမြဲလာသလား"

"အင်း...အစိဋ္ဌာန်ရက်တွေပဲရောက်ပါတယ်၊ ဘာဖြစ်လို့လဲကွ"

"တချို့လူတွေပြောနေကြတာ အဓိဋ္ဌာန်ပြည့်တယ်လို့ပြောနေကြတယ်"

"ဟုတ်တာပေါ့ကွာ"



## သင်္ဘောပေါ်ကခရီးဖော်

(၄)

လုပ်ငန်းများပြီးပြတ်သောတစ်နေ့သ၌ ကျွန်ုပ်သည် ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့်ခရီးထွက်ခဲ့လေ၏။ မန္တလေးတွင် တစ်ညနားကာ ဂေါဝိန်ဆိပ်ကမ်းမှ ဗန်းမော်သို့ ရေကြောင်းခရီးဖြင့်သွားရန်အတွက် နှစ်ထပ်သင်္ဘောကြီးနှင့် ကျွန်ုပ်လိုက်ပါလာခဲ့လေတော့သည်။

ဧရာဝတီမြစ်၏ အထက်အဆန်ခရီးဖြစ်သည့်အလျောက် အချိန်များစွာကုန်ဆုံးကာ ပျင်းရိငြီးငွေ့ဖွယ်ခရီးတစ်ခုဖြစ်လေသည်။ သင်္ဘောသည် တချို့ဆိပ်ကမ်းတို့တွင် တခဏသာကပ်



www.burmeseclassic.com

ပြီး တချို့ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချကြာမြင့်စွာပြုလုပ်ပေ၏။ ကျွန်ုပ်သည် ထိုခရီးစဉ်အတွက် အထက်တန်း သီးသန့်ခန်းဝယ်မရသဖြင့် အပေါ်ထပ်ကုန်းပတ်၏ဘေး၌ ရိုးရိုးခရီးသည်များနည်းတူ တစ်နေရာယူကာ အိပ်လိုက်၊ စာဖတ်လိုက်၊ ကမ်းရိုးတန်းရှုခင်းတွေကြည့်လိုက်ဖြင့် အချိန်ဖြုန်းခဲ့ရပေ၏။ ထမင်းဟင်းစားသောက်ဖွယ်တို့မှာ အပြင်ထက် ဈေးအနည်းငယ်ပိုသော်လည်း သင်္ဘောပေါ်တွင် အဆင်ပြေလှပေသည်။

ကျွန်ုပ်သည် မန္တလေးမှ သင်္ဘောခရီးစဉ်စထွက်တည်းက မိမိဘေးရှိ လူရွယ်လေးတစ်ဦးနှင့်သိကျွမ်းခဲ့ရပေ၏။ ထိုလူရွယ်လေး၏အမည်ကား မောင်ဝင်းဖေဆိုသော ပန်းချီဆရာလေးတစ်ဦးပင်ဖြစ်ပေသည်။ ထိုလူရွယ်ကား ကသာမြို့လေးတွင်နေထိုင်ပြီး ပန်းချီလုပ်ငန်း၊ ဆိုင်းဘုတ်လုပ်ငန်းများလုပ်ကိုင်ကြောင်း၊ ပုံတူပန်းချီရေးဆွဲခြင်းကို မြို့ခံပန်းချီဆရာတစ်ဦးထံမှ သင်ယူခဲ့ကြောင်း၊ ယခုအခါ မန္တလေးမြို့ကြီးသို့သွားရောက်၍ ဗုဒ္ဓဝင်ပန်းချီကားရေးဆွဲနည်းများကို သွားရောက်လေ့လာခဲ့ပြီး ကသာမြို့သို့ပြန်ရောက်လျှင် ဗုဒ္ဓဝင်ပန်းချီကားများ ရေးဆွဲမည်ဖြစ်ကြောင်းနှင့် သူက စာပေစာဖတ်ဝါသနာပါကြောင်းများကို ကျွန်ုပ်အားပြောပြလေ၏။





"ကျွန်တော်က ဆရာတို့လို စာတော့မရေးတတ်ပါဘူး ဆရာ၊ ဒါပေမယ့် စာဖတ်တာတော့ ဝါသနာပါပါတယ်၊ ကျွန်တော် ဘယ်လိုစာမျိုးတွေ ရွေးဖတ်သင့်သလဲလို့ အကြံပေးပါ ဆရာ"

"စာဖတ်ဝါသနာပါတာ ကောင်းတာပေါ့ကွာ၊ အလိမ္မာမှာရှိလို့ ဆိုတယ်မဟုတ်လား၊ ပြီးတော့ ဗဟုသုတလည်း ိုးပွားတာပေါ့၊ စာဖတ်တဲ့အခါ စာကောင်းပေကောင်းရွေးဖတ် ပါ၊ ကိုယ့်အလုပ်အတွက်၊ ကိုယ့်ဘဝအတွက် အသုံးဝင်မယ့် ကိုပဲရွေးဖတ်ပါလို့ ဆရာအကြံပြုလိုပါတယ်"

"ဆရာ...တချို့စာရေးဆရာတွေက ကိုယ်ရည်သွေးပြီး တစ်ပါးကို ထိခိုက်နစ်နာအောင်ရေးကြတာ တွေ့ဖူးတယ်ဆရာ၊ ချို့ကိစ္စ အမှန်တရားဖြစ်ဟာမှန်ချင်မှန်ပေမယ့် တစ်ဖက်လူ နာမှာပေါ့ဆရာ၊ ဒီလိုစာမျိုးတွေနဲ့ပတ်သက်လို့ ဆရာ့အယူ ဆ ဘယ်လိုရှိပါသလဲ"

အလို...သူက အလာသားပါလားဟု ကျွန်ုပ်စိတ်တွင် တွေး ပေသေး၏။

"ဒီလို မောင်ဝင်းဖေရေ စကားပြောတဲ့အခါဖြစ်စေ၊ စာရေး အခါဖြစ်စေ မိမိကိုယ်ကိုမိမိမြှောက်၍ (သို့မဟုတ်) ဂုဏ်ယော်

www.burmeseclassic.com

ရှုပြောဆိုရေးသားခြင်းကို 'အတ္တုက္ကံသန'လို့ခေါ်တယ်၊ အတ္တ
မိမိကိုယ်ကို၊ ဥက္ကံသန- ချီးမြှောက်ခြင်းပေါ့ကွာ''

''ဟုတ်ကဲ့ဆရာ''

''သူတစ်ပါးကို ရှုတ်ချအပြစ်တင် ပြောဆိုရေးသားမှု
'ပရဝမ္ဘန'လို့ခေါ်တယ်၊ ပရ- သူတစ်ပါးကို၊ ဝမ္ဘန- ရှုတ်ချခြ
ဆိုတဲ့ အဓိပ္ပါယ်ပေါ့''

''ဟုတ်ကဲ့...ရှင်းပါပြီဆရာ''

''မိမိကိုယ်ကို ဂုဏ်ဖော်တာကတော့ကွာ...စကားပြောရ
စာရေးသားရာမှာ မိမိဘယ်လိုတော်ကြောင်း၊ တတ်ကြောင်
မိမိချမ်းသာကြွယ်ဝကြောင်း၊ ဆွေကြီးမျိုးကြီးဖြစ်ကြောင်း၊
အေ၊ အမ်အေအောင်ကြောင်း၊ သူများအပေါ် ဘယ်လိုအနိုင်
ကြောင်း စတာတွေပေါ့ကွာ၊ အဲဒါက မိမိဂုဏ်ကိုသာယာ
လောဘနဲ့ အထင်ကြီးမှုမာနတွေပေါ့''

''ဟုတ်ပါပြီဆရာ''

''သူတစ်ပါးကို ရှုတ်ချပြောဆိုရေးသားတာကလည်
ယုတ်မာမှုတစ်ခုပါပဲ၊ အဲဒါကတော့ ဣဿာနဲ့ မလိုမုန်းတ
ဒေါသသဘောပေါ့ကွာ၊ ဒါတွေကို သိသူတွေက အဲဒီလိုအပြုအ
အရေးအသားတွေကို ပကောင်းမှုမုန်းသိလို့ ရှောင်ရှားကြတယ်ကွ





ဒါပေမယ့် တစ်ခါတရံတော့ ဂုဏ်ဖော်တဲ့အမှုလုပ်ရတာလည်း
ရှိတတ်ပြန်သေးတယ်ကွ''

''ဟုတ်ကဲ့ဆရာ၊ ဘယ်လိုကြောင့်ပါလဲ''

''အဲဒါကတော့ မိမိဂုဏ်ကို ဖော်ပြမပြောမိလို့ရှိရင် မိမိ
အလုပ်ကိုဖြစ်စေ၊ မိမိစကားကိုဖြစ်စေ တစ်ပါးသူက အထင်သေး
မှာစိုးလို့ကွ၊ အဲဒါက မာနကြောင့်မဟုတ်ဘဲ မိမိအလုပ်နဲ့ မိမိ
စကားတွင်ကျယ်အောင်၊ ထိရောက်အောင် စီစဉ်ရတဲ့ အသိ
အလိမ္မာလို့ဆိုရမှာပေါ့''

''ဟုတ်တာပေါ့ဆရာရယ်''

''လူတွေမှာ ကိုယ့်ကိုယ်ကိုအထင်ကြီးစိတ်၊ ကြွားဝါစိတ်
နဲ့ ကိုယ့်လူဘက်က မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ
ဘက်လိုက်ချင်တတ်တဲ့စိတ်မျိုးတွေ ရှိကြတယ်ကွ၊ ဒါပေမယ့်
လူမှာက မိမိကိုယ်ကို မတော်တတ်မှန်ကန်သူ၊ ဖြောင့်မတ်သူ၊
သမာသမတ်ရှိသူ၊ အဂတိလိုက်စားခြင်းကင်းသူအဖြစ် အသိ
အမှတ်ပြုခံယူလိုစိတ်ကလည်း တစ်ဖက်ကရှိတတ်ကြသေးတယ်
ကွ''

''ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် စာအုပ်တစ်အုပ်မှာ
ဖတ်ဖူးတာရှိပါတယ်၊ ရေဒီယိုကို ရုရှားစွယ်စုံကျမ်းမှာ ရုရှားပြည်



www.burmeseclassic.com

www.burmeseclassic.com



က ရုရှားလူမျိုး 'ပိုပေါ့'ဆိုသူ စတင်တီထွင်သတဲ့၊ အီတလီက
လည်း သူ့လူမျိုး 'ကိုမာနီ'ဆိုသူက စတင်တီထွင်သတဲ့၊ အဲဒီလို
ပဲ ဗြိတိသျှစွယ်စုံကျမ်းကလည်း ဗြိတိသျှနိုင်ငံသား 'ဆာအော်
လစ်ဘာလော့ချ်' စတင်တီထွင်တယ်လို့ ဆိုပြန်တယ်ဆရာ၊ သူ
တို့က ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတွေဘက်ကလိုက်ရေးတယ်လို့
ကျွန်တော်ထင်မိတယ်''

''ဟား...ဟား...ဟား...ဟုတ်တာပေါ့ကွာ၊ မင်း နိုင်ငံတကာ
ဘောလုံးပွဲတွေအကြောင်း ကြားဖူးဖတ်ဖူးတယ်မဟုတ်လား။ အိမ်
ရှင်နိုင်ငံတွေကိုပဲ ဒိုင်လူကြီးတွေက ဦးစားပေးလိုက်လျောကြ
တာတွေလေ''

''ကျွန်တော်တို့လူမျိုးကတော့ အိမ်ရှင်က ဧည့်သည်ကို
ဦးစားပေးတတ်တဲ့ သဘောရှိတယ်နော်''

ကျွန်ုပ်တို့နှစ်ဦးသည် ရောက်တတ်ရာရာ စကားဖောင်ဖွဲ့
ပြောဆိုလာခဲ့ကြလေ၏။

ကျွန်ုပ်တို့စီးလာသော နှစ်ထပ်သင်္ဘောကြီးသည် နေ့ရော
ညပါ တအိအိခုတ်မောင်းလာခဲ့ရာ နှစ်ရက်မြောက်ည ဆယ့်တစ်
နာရီခန့်တွင် ကသာမြို့သို့ဆိုက်ကပ်လေတော့၏။

ကသာမြို့လေးသို့ဆိုက်ကပ်လေလျှင် ပန်းချီဆရာလေး





မောင်ဝင်းဖေသည် ကျွန်ုပ်ကိုနှုတ်ဆက်ကာ ကသာမြို့တွင် ဆင်း
ကျန်ရစ်ခဲ့လေတော့၏။

ကသာမြို့လေးတွင် ခရီးသည်များ အဆင်းအတက်လုပ်
နေခိုက် ကျွန်ုပ်သည် ဘယ်မှမသွားလိုသဖြင့် မိမိအိပ်ရာနေရာ
ထက်၌သာ လဲလျောင်းနေမိလေ၏။

ထိုအခိုက်...

''အဘ...အဘကြီးရှင့်''

မိန်းမပျိုတစ်ဦး၏ခေါ်သံကြောင့် ကျွန်ုပ်လည်း အိပ်ရာ
ထက်မှလူးလဲထကာ ထိုင်လိုက်ရလေ၏။

''ဘာလဲကွယ့်''

''ဒီဘေးနေရာမှာ လူရှိလား''

''မရှိပါဘူးကွယ်''

မိန်းမပျိုသည် တောင်ကြည့်မြောက်ကြည့်ကာ ကျွန်ုပ်၏
ဘေးနေရာကွက်လပ်တွင် ဝင်ထိုင်လိုက်လေ၏။ သူ့ကြည့်ရသည်
မှာ ထိတ်ထိတ်ပျာပျာရှိလှပြီး ခရီးသွားအိတ်လည်း ဘာမှမပါ
ပေ။ ဘေးလွယ်သားရေအိတ်တစ်လုံးသာပါလေသည်။

''ကျွန်မ ဒီမှာထိုင်မယ်နော်''

ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်မိလေ၏။ မိန်းမပျိုသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အိပ်ရာဘေးမှချွတ်ပုံထားသော အမေရိကန် ခေါင်းစွပ်စစ်ဂျာကင်အင်္ကျီကိုကြည့်ကာ...

"ကျွန်မကို ဒါခဏပေးဝတ်နော်"

သူမက ကျွန်ုပ်ခွင့်ပြုချက်ပင်မစောင့်နိုင်ဘဲ ရုတ်တရက်ကောက်ဝတ်ကာ ခေါင်းစွပ်ပါခြုံပြီး မြစ်ပြင်ဘက် မျက်နှာမူထိုင်နေလေ၏။

ကျွန်ုပ်မှာ ရုတ်တရက်မို့ ထိုမိန်းကလေး၏အပြုအမူကို မနှစ်မြို့မိသော်လည်း ပြောချင်ဆိုချင်စိတ်ကိုမျိုသိပ်လိုက်ကာ သူမကို အကဲခတ်နေလိုက်မိ၏။

"ဘယ်လိုမိန်းကလေးပါလိမ့်၊ ရုပ်ကလေးသနားကမားနဲ့၊ လက်ရဲဇက်ရဲရှိလှပါလား"

ကျွန်ုပ်လည်း အနွေးဂျာကင်ထဲ၌ အရေးတကြီးပစ္စည်းဘာတစ်ခုမှမပါသဖြင့် ထိုမိန်းကလေးကို ဘာမှမပြောဘဲ အခြေအနေသာကြည့်လိုက်သည်။

"ဘော်...ဘူ"

သင်္ဘောဥသြသံဆွဲ၍ သင်္ဘောကြီး ဆိပ်ကမ်းမှခွာတော့ သူမက နောက်သို့တစ်ချက်လှည့်ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။





"ဩော်...ဒီကလေးမ ချမ်းရှာတယ်ထင်ပါရဲ့၊ ဟုတ်တာ ...ပါ၊ မြစ်ပြင်လေနုအေးလေးက နည်းနည်းအေးတာကိုး၊ မနက် ...င်းကာနီးရင်တော့ နှင်းတွေနဲ့ ပိုပြီးအေးလာမှာ၊ ငါ့မှာက ...စောင်တစ်ထည်ပါလာသေးတယ်၊ သူ့ခမျာ စောင်မပါ၊ အနွေး ...ည်မပါမို့ထင်ပါရဲ့"

နောက်ပိုင်း ဖြည်းဖြည်းတော့ ကိုယ်ချင်းစာစိတ်နှင့် ...န်ုပ်က ဖြေတွေးတွေးပေးလိုက်မိပေသည်။ ခရီးအတန်ပေါက် ...သာအခါမှ...

"အဘ"

"ဟေ"

"ကျွန်မကို အင်္ကျီပေးဝတ်တာ ကျေးဇူးတင်ပါတယ်နော်၊ ...ှ ပြန်ချွတ်ပေးပါ့မယ်"

"ဩော်...ရပါတယ် မိန်းကလေးရယ်၊ မင်းချမ်းရင် ဝတ် ...ားလေ၊ အဘမှာ ခြုံစောင်ပါပါတယ်ကွယ့်၊ မနက်လင်းပိုင်း ...ာက်ရင် အအေးဓာတ်ကပိုလာမှာ"

သူမက ကျွန်ုပ်အား နှစ်ခြိုက်စွာပြုံးပြလျက်...

"ကျေးဇူးတင်ပါတယ်အဘရယ်"

ခဏကြာသောအခါ သူ့အိတ်ကလေးကိုမှီလျက် ကွေးကွေး



www.burmeseclassic.com

www.burmeseclassic.com



လေး နှစ်ခြိုက်စွာအိပ်မောကျသွားရှာလေသည်။ သည်လိုက် တော့လည်း သူမမျက်နှာက အပြစ်ကင်းစင်သည့်ကလေးနှယ် သဲ့ာ။

မိုးတားကိုကျော်ဖြတ်ပြီး ရွှေကူရောက်တော့ နံနက်(၅) နာရီခန့်ရှိပေပြီ။ ရွှေကူမှ သင်္ဘောကြီးထွက်ပြီးနောက် နံနက်(၆) နာရီခန့်တွင် မိန်းကလေးနိုးလာလေသည်။ သူမသည် ရေချိုး ခန်းတွင် မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးနောက် သူ့အိတ် ထဲမှပါသော အလှပြင်ပစ္စည်းများထုတ်ကာ မျက်နှာသပ်သပ် ရပ်ရပ်ဖြစ်အောင် ပြုပြင်လေ၏။ ခေါင်းဖြီးပြုပြင်ပြီးသော်အခါ သူမမျက်နှာလေးသည် ကြည်လင်ဝင်းလဲ့နေတော့၏။

"အဘ"

"ဟေ"

"နိုးတာကြာပြီလား"

"အေး…ရွှေကူဆိုက်ကတည်းကဆိုပါတော့"

"မနက်စာ ကျွန်မကျွေးပါ့မယ်၊ လာ…အဘ၊ ဆိုင်မှာ သွားစားရအောင်"

"အဘကျွေးပါ့မယ်ကွာ၊ သမီးမနိုးသေးလို့ စောင့်နေတာ ကွယ့်"





ကျွန်ုပ်တို့နှစ်ယောက်သည် စားသောက်ဆိုင်သို့ထလာကာ နံနက်အဆာပြေ ထမင်းကြော်စားကြလေ၏။ သူမကား ကျွန်ုပ် ၏အနွေးထည်ကို မချွတ်သေးပေ။ ပြီးလျှင် ကျွန်ုပ်က လက်ဖက် ရည်တစ်ခွက်မှာသောက်စဉ် သူမက ငွေထုတ်ရှင်းလေ၏။

"မလုပ်ပါနဲ့သမီးရယ်၊ အဘပဲ ဒကာခံပါ့မယ်"

"ဟင့်အင်း…မရဘူး၊ ကျွန်မပဲကျွေးပါရစေ"

သူမထံတွင် ငွေတော်တော်များများပါဟန်ရှိလေ၏။ စား သောက်ပြီးနောက် ကျွန်ုပ်တို့သည် ဝှနေရာတွင်ပြန်ထိုင်ကာ ပတ် ဝန်းကျင်ရှုခင်းကို ထိုင်ကြည့်ကြလေသည်။ အလင်းရောင်ကောင်း ကောင်းရှိသော်လည်း နေမင်းကြီးမထွက်သေးသဖြင့် မြူနှင်းပါး ပါးတို့က ကျန်ရှိနေပေသေး၏။

"သမီး ညက အဘကိုကျေးဇူးတင်လိုက်တာ"

"ဘာဖြစ်လို့လဲကွယ့်"

သူမက စပ်ဖြဲဖြဲ ပြောင်ချော်ချော်မျက်နှာဖြင့်…,

"ဒီအနွေးဂျာကင်ကြီးနဲ့ တူတူပုန်းတမ်းကစားရတာ အရမ်း ကောင်းတယ်"

သူ့ပြောစကားကို ကျွန်ုပ်နားမလည်သဖြင့်…

"ဘာဆိုလိုတာလဲကွယ့်၊ ရှင်းရှင်းပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟိ...ညက ကျွန်မနောက်ကို အိမ်ကလူတွေ လိုက်ကြည့်ကြတယ်လေ၊ ကျွန်မက ဂျာကင်ကြီးခြုံပုန်းနေလိုက်တော့ သူတို့ရှာမတွေ့ဘူးဖြစ်သွားပြီး ဆင်းသွားကြတာ"

ထိုအခါမှ ကျွန်ုပ်သဘောပေါက်ရလေတော့၏။

"ဘာလဲ...ဒါဆို မင်းက အိမ်ပြေးမလေးပေါ့...ဟုတ်လား"

သူမက ခေါင်းမညိတ် ခေါင်းမခါ ပြုံးစေ့စေ့လုပ်နေလေသည်။

"အဘသာ ဒီဂျာကင်လေးမကူညီရင် ကျွန်မက ညက ချမ်းပြီးသေနိုင်တယ်အဘရဲ့၊ ကျေးဇူးတင်ပါတယ်၊ ဗန်းမော်ရောက်မှ အဘကို အနွေးထည်အသစ် ဝယ်ကန်တော့ပါ့မယ်"

"အာ...ရပါတယ်ကွာ၊ မလိုပါဘူး၊ သမီးအဆင်ပြေရင်ပြီးတာပါပဲ၊ ဒါက သမီးက ဗန်းမော်အထိပဲလား"

သူမကမဖြေဘဲ ကျွန်ုပ်ဘက်လှည့်၍...

"အဘကရော"

"အဘလား၊ ဗန်းမော်မှာ ခဏတည်းမယ်၊ ပြီးရင် မိုးမောက်ဘက် ခရီးဆက်ရလိမ့်မယ်ထင်တယ်ကွယ့်"

"အဘက ဘာလုပ်တာလဲဟင်"

"အဘလား၊ အင်း...အခုတော့ စာရေးဆရာပေါ့ကွယ်"





"စာရေးဆရာ...ဟုတ်လား"

သူမက ကျွန်ုပ်အား တအံ့တဩကြည့်လေ၏။ ပြီးနောက် သဘောကျစွာရယ်မောလေတော့သည်။

"သမီးက စာရေးဆရာဆိုတာ ငယ်ငယ်ချောချောပဲထင်နေတာ၊ ဟို...ရုပ်ရှင်ထဲကလိုမျိုးပြောတာ၊ အဘ စိတ်မဆိုးနဲ့နော်...ဟီး...ဟီး"

"ရပါတယ်ကွယ်၊ အဘက အသက်ကြီးကြီး ရုပ်ဆိုးဆိုးဆိုတော့"

"အဲလိုလည်းမဟုတ်ပါဘူးအဘရာ၊ အဘက ခန့်ပါတယ်"

သူမက အဲလွှန်သွက်လက်ချက်ချာသည့် မိန်းကလေးတစ်ဦးပင်ဖြစ်ပေသည်။ ဒီကလေးမ အိမ်ပြေးလာတာလား။ ဒါပေမယ့် ဘာမှလည်းအပူအပင်မရှိဟု ကျွန်ုပ်တွေးနေမိပေသေးသည်။

"သမီးနာမည် ဘယ်လိုခေါ်လဲကွယ့်"

"ရွှေစကား"

"ဩော်...ရွှေစကားလား၊ နာမည်လေးက ပန်းနာမည်လေးပဲ၊ သမီးကတော့မသိဘူး၊ အရင်က ရွှေစကားကို သေးသေးတင်ထည့်ပြီး ရွှေစံကားလို့လည်း ရေးကြသေးတယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက သေးသေးမတင်ပါဘူးအဘရယ်၊ ရွှေစကား…စကားများတဲ့သူ…အဲဟားဟား"

သူ့စကားသူ သဘောကျစွာရယ်လေ၏။

"ရွှေစကားဆိုလို့ ပြည်မြို့ ဝံတောင်လယ်ဆရာတော်ဘုရားကြီးက 'ရွှေစံကား'ပန်းကို ဒီလိုစကားထာဝှက်တယ်ကွယ့်…

သဝေအစ၊ ရနှင့်ဝကို

ဟလည်းယှဉ်လျက်၊ စထက်စံဆင်

ကာတွင်ကားချ၊ ပန်းသဂီ–လို့ ရေးစပ်ခဲ့တယ်"

"အလဲ့…တယ်ဟုတ်ပါလား၊ သမီးမသိဘူး၊ ဒါတွေမှတ်ထားရဦးမယ်၊ အဘက စာရေးဆရာဆိုတော့သိမှာပေါ့"

"စာရေးဆရာမို့လို့ သိတာမဟုတ်ပါဘူးကွယ်၊ ဖတ်မှတ်ထားမိလို့ပါ၊ ပြီးတော့ အဘတို့ငယ်ငယ်က ဒါမျိုးတွေ သိဝ်ဝါသနာပါကြတာ၊ သူငယ်ချင်းအချင်းချင်း ဒီလိုစကားထာဝှက်ကြတယ်၊ ဥပမာ မွေးသက္ကရာဇ်ဆိုပါတော့…

ဂဠုန်နှစ်ကောင်၊ အလယ်ခြသေ့်

နောက်ဆုံးနဂါး၊ ငါမွေးဖွားလို့ ဝှက်ကြတယ်"

"အဲဒါဘာလဲ အဘ၊ ရှင်းပြပါဦး"





"ဂဠုန်ဆိုတာ တစ်၊ ခြသေ့်ဆိုတာ သုံး၊ နောက်ဆုံးနဂါးဆိုတာ သုည၊ ဂဠုန်နှစ်ကောင်ရဲ့အလယ်က ခြသေ့်ဆိုတော့ ၁၃၀၁ ခုနှစ်မှာ မွေးတယ်ပေါ့ကွယ်"

"ဟယ်…တယ်ဟုတ်ပါလား"

"တို့မြန်မာတွေဟာ သမိုင်းမှတ်စုတွေကို နေ့နံသင်္ချာတွေနဲ့လည်း မှတ်သားတတ်ကြတယ်၊ ဥပမာ– အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားတဲ့ သက္ကရာဇ်တွေကို–

အုံး–အုံး–ရုံးသံ၊ တည့်ည့်၊ ဝေရန်ပထမ (၁၁၈၆)ခု

အောက်က–အောင်လံ၊ စိုက်ထူပြန်၊ ဝေရန်ဒုတိယ (၁၂၁၄)ခု

အဲလိုမှတ်ခဲ့ကြတယ်ကွယ့်"

"အင်း…ဟုတ်တယ်နော်အဘ၊ ဒါနဲ့ အုံးအုံးရုံးမှာက ရုံးက (၄)မဟုတ်ဘူးလားအဘ"

"အေး…အဲဒါမေးစရာကွယ့်၊ နေ့သင့်နံသင့်ဂဏန်းတွေရှိတယ်၊ ဥပမာ အ–တနင်္ဂနွေ၊ ကခဂဃင– တနင်္လာ စသည်ပေါ့ကွာ၊ အဲဒီမှာ ရာဟုကို (ရကောက်)လို့ သတ်မှတ်တယ်ကွယ့်၊ ဒါကြောင့် ရာဟု ရကောက်ဟာ ရှစ်ဖြစ်သွားတာပေါ့ကွယ်၊ ဒီမှာကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က သူငယ်ချင်းဖြစ်သူရေးပေးလိုက်သောစာလေးကို ထုတ်ပြလိုက်လေသည်။ သူမက အသံထွက်ဖတ်လေ၏။

"သူငယ်ချင်း၊ မင်းလာခဲ့ပါ၊ စကောလိုလူ ကြွားတတ်သူက စောင့်နေမယ်တဲ့၊ ဘာလဲအဘရာ"

"ဟား...ဟား၊ အဲဒါ သူငယ်ချင်းအချင်းချင်းပဲ သိကြတယ်၊ သူက ခပ်နောက်နောက်ရေးလိုက်တာပါ၊ စကောက ဗန်း၊ ကြွားတတ်သူက မော်၊ ဗန်းမော်ကစောင့်နေမယ်လို့ပြောတာကွယ့်"

နေမင်းကြီး ကောင်းကောင်းပေါ်ထွက်လာချိန်၌ ကျွန်ုပ်တို့စီးလာသော နှစ်ထပ်သင်္ဘောကြီးသည် နတ်မျက်နှာတောင် ဒုတိယမြစ်ကျဉ်းကို တအိအိဖြတ်ကျော်ခုတ်မောင်းနေချေပြီ။ မြစ်ကျဉ်း၏အစွန်းထွက်နေသော ကျောက်တောင်စွယ်မှာ ကြက်တူရွေးနှုတ်သီးနှင့်တူလွန်းလှသည်ကို ကျွန်ုပ်တို့ တအံ့တသြတွေ့မြင်ခဲ့ရပေတော့၏။



## ဝင့်ကြွေးကြမ္မာနှင့် လူဝင်စား

(၅)

"အဘ"

"ဟေ"

"လူဝင်စားဆိုတာ အဘတွေ့ဖူးလား"

"အေး...ဘာဖြစ်လို့လဲ ရွှေစကားရဲ့"

"သမီးက လူဝင်စားလို့ပြောကြတယ်၊ သမီးဖေဖေက သူ့အမေပြန်ဝင်စားတာဆိုပြီး သမီးကိုသိပ်ချစ်တာ"

"ဟုတ်လား၊ သမီးက တကယ်ပဲလား"

"ဟုတ်တယ်အဘရဲ့၊ ဘွားဘွားဝင်စားတယ်ဆိုတာ ငယ်


www.burmeseclassic.com

www.burmeseclassic.com



ငယ်ကတော့ အတော်မှတ်မိပြီး ပြောတတ်တယ်တဲ့၊ ခုတော့ ဒါတွေသိပ်သတိမရတော့ပါဘူး အဘရဲ့''

''ဟုတ်တာပေါ့ ရွှေကောင်းရယ်၊ လူ့ဝင်စားဆိုတာ ကလေးဘဝမှာ ပျမ်းမျှအားဖြင့် နှစ်ခါလည်နဲ့ ခြောက်လမှာ ဘဝဟောင်းကိုမှတ်မိပြီး ပြောတတ်စပြုကြတယ်၊ အသက်(၅)နှစ်အရွယ်ရောက်ရင် မေ့စပြုလာတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီအရွယ်မှာ ကျောင်းစနေပြီလေ၊ ရွယ်တူအပေါင်းအသင်းတွေနဲ့ ကစားနေရတဲ့အရွယ်ဖြစ်တော့ စိတ်အာရုံများပြားလာပြီး မေ့တဲ့သဘောပေါ့၊ ဒါပေမယ့် လုံးဝမေ့သွားတာတော့မဟုတ်ပါဘူး။ ဘဝဟောင်းဆိုင်ရာ အမှတ်သညာတွေ တဖြည်းဖြည်းမှေးမှိန်လာတဲ့သဘောပါ၊ ယေဘုယျအားဖြင့်တော့ (၁၀)နှစ်လောက်မှာ လုံးလုံးလျားလျားမေ့သွားတတ်တယ်လို့ သုတေသီတွေက ဆိုကြတယ်''

''ဟုတ်တယ်အဘ၊ သမီးလည်း အဲလိုပဲထင်တယ်၊ ဒါပေမယ့် ခုကျတော့ ဖေဖေတို့၊ မေမေတို့က သမီးငယ်ငယ်ကဘာပြောတာ၊ ဘယ်လိုလုပ်တာနဲ့ပြောပြောနေတော့ သမီးလူ့ဝင်စားဆိုတာ သူတို့ပြောစကားနဲ့ပဲ သက်သေတစ်ခုလို ပြန်ဖြစ်နေတာပေါ့၊ သမီးက သိပ်မမှတ်မိတော့ပါဘူးအဘရဲ့''

''ဒါက ဖြစ်တတ်ပါတယ်ကွယ်၊ ဗုဒ္ဓဘာသာမှာ ဆုတောင်း





နဲ့ ဘဝနိကန္တိကတဏှာ တောင့်တမှုနဲ့ ကံ ကံ၏အကျိုး ဖြစ်ပါမှုအရဖြစ်တယ်လို့ လက်ခံယုံကြည်ထားကြတယ်၊ အဘလည်း တိတ်ကပဋိသန္ဓေဆက်တွေ၊ ကံကြမ္မာဆက်စပ်မှုတွေနဲ့ လူ့ဝင်စားဝကို တွေ့ကြုံခဲ့ရတဲ့လူငယ်တစ်ယောက်နဲ့ တွေ့ခဲ့ဖူးတယ်''

''ဟုတ်လားအဘ၊ သမီးကိုပြောပြပါလား''

''အေးကွယ်...သဘောစီးရတဲ့ခရီးကလည်း ငြီးငွေ့စရာမှ ပျင်းလည်းပြေ၊ ဗဟုသုတလည်းရသဘောနဲ့ အဘပြောပြမယ်၊ မီးနားထောင်ပေါ့''

အောက်ပါအဖြစ်အပျက် ဇာတ်လမ်းလေးသည် ကျွန်ုပ်ဆွေတစ်ဦး၏သားတစ်ယောက် ကိုယ်တိုင်ကြုံတွေ့ခဲ့သောဖြစ်အပျက်ဖြစ်ပါသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ရွှေတိဂုံဘုရားသို့သွားရောက် တရားထိုင်ခြင်း၊ မေတ္တာပို့ခြင်း၊ ဆီမီးရေချမ်းကပ်လှူပြုများပြုလုပ်ပြီးနောက် ကျွန်ုပ်သည် ဆုတောင်းပြည့် ဓမ္မစေတီးနှင့် ကျားခြသေ့ဘုရားအနီးသို့ လျှောက်လာခဲ့မိလေသည်။ ကျားခြသေ့ဘုရားမှာ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့်ပြင်တော်အနီးရှိ ဘိုးဘိုးအောင်ဘုရားအနောက်ဘက်မှာ ရှိသည်။ ဓမ္မစေတီဘုရားရုပ်ပွားတော်ကို ဓမ္မစေတီမင်း၏



www.burmeseclassic.com

www.burmeseclassic.com



ဒါန်းထား၍ အွဲ့တော်မှာလည်း ဓမ္မစေတီဘုရားဟုခေါ်ကြပေသည်။

ဓမ္မစေတီဆုတောင်းပြည့်ဘုရားနှင့် ကျားခြသေ့ဘုရားမှာ ရွှေတိဂုံစေတီပေါ်၏သတ်မှတ်ထားသော အံ့ဖွယ်ကိုးပါးတွင်ပါဝင်သော ဘုရားတစ်ဆူဖြစ်၍ ဘုရားကြီးတံခါးဖွင့်ချိန်မှ ပိတ်ချိန်အထိ ပုတီးစိပ်၊ တရားထိုင် အဓိဋ္ဌာန်ဝင်သူ များပြားလှပေသည်။

ထိုဘုရား၏တစ်နေရာတွင် လူငယ်တစ်ယောက် တရားဘာဝနာရှုမှတ်နေလေသည်။ ကျွန်ုပ်လည်း ဘုရားကို ဝတ်ပြုပြီးနောက် ခေတ္တခဏထိုင်နေမိစဉ် ဦးခိုက်ကာ ကြည်ညိုသမှုပြုပြီးနောက် ခေတ္တခဏထိုင်နေမိစဉ် လူငယ်သည် တရားရှုမှတ်ခြင်းမှ ပြီးမြောက်ဟန်ဖြင့် ဘုရားဦးချကာ အညောင်းဆန့်၍ ထလိုက်လေ၏။ ကျွန်ုပ်လည်း အမှတ်မထင် ထိုလူငယ်ကိုကြည့်လိုက်မိပေရာ ထိုလူငယ်လည်း ကျွန်ုပ်ကို ပြန်ကြည့်ခိုက်နှင့်ကြုံသွားရလေသဖြင့် ကျွန်ုပ်စိတ်ထဲ၌ မြင်ဖူးသလိုလို ခံစားတွေးတောမိပေတော့၏။

"ဦးလေး"

"ဟေ"

"ကျွန်တော့်ကိုမှတ်မိလား"

"အေးကွ...ဦးလည်း အဲဒါပဲစဉ်းစားနေတာ"

"ကျွန်တော် ဦးညွန့်လှိုင်ရဲ့သားပါ"





"သြော်...ဟုတ်ပြီ၊ သိပြီ၊ ဦးမိတ်ဆွေရဲ့သားဆိုတော့ မင်း န်းချီဆရာလေးညီညီမဟုတ်လား"

"ဟုတ်ပါတယ်ဦး"

"သြော်...မင်းက ဗုဒ္ဓဘာသာဝင်ဖြစ်နေပြီလား၊ ဝမ်းသာ ယ်ကွာ"

ကျွန်ုပ်မိတ်ဆွေကြီး ဦးညွန့်လှိုင်မှာ ယခုအခါ မန္တလေး တွင် တရားဘာဝနာနှင့် ပျော်မွေ့နေသူတစ်ဦးဖြစ်သည်။ သား စ်သူမှာ မိခင်ဘာသာအယူမှ ဗုဒ္ဓဘာသာသို့ ပြောင်းလဲရ သာက်အောင် မည်သည့်အကြောင်းတရားတွေက တွန်းအား စ်စေသည်ကို ကျွန်ုပ်သိလိုသဖြင့် မေးကြည့်မိလေရာ...

"ဒီလို...ဦးရဲ့၊ ကျွန်တော် မြောက်ဥက္ကလာမှာ ပန်းချီ ရာဘဝနဲ့ အဆင်ပြေနေတဲ့အချိန်မှာ ဒီကောင်လေးရောက်လာ ယ်၊ သူ့နာမည်ကို ကျွန်တော်တို့က 'ကောင်လေး' လို့ပဲခေါ် ကြတယ်၊ ဒီကောင်လေးက ဗုဒ္ဓဘာသာပါ၊ သူ့အဖေကိုယ်တိုင် န်းချီပညာသင်ပေးဖို့ ကျွန်တော့်ကိုလာအပ်သွားတာ၊ သူ့အဖေ ဒီ'ကောင်လေး' ဆိုတဲ့ကောင်ဟာ ကျောင်းစာစိတ်မဝင်စား ကြောင်း၊ အပြောအဆိုဆုံးမရခက်ကြောင်း ကျွန်တော့်ကိုပြောပါ ယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီကောင်လေးကလည်း ဘယ်ဘဝရေစက်ကြောင့်ရယ်မသိဘူး၊ ကျွန်တော်တို့မိသားစုလေးကို အတော်ခင်ရှာတယ်၊ ပျော်လည်းပျော်နေတတ်တယ်၊ သူက လူပျိုပေါက်ဆယ့်ငါးနှစ်အရွယ်ဆိုတော့ ကျွန်တော်နဲ့က အသက်နှစ်ဆယ်လောက်ကွာတယ်၊ ကျွန်တော့်အမျိုးသမီးက ကျွန်တော့်ထက် ခုနစ်နှစ်လောက်ငယ်တယ်၊ ကျွန်တော့်မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတယ်၊ ကျွန်တော်တို့လင်မယားက သားသမီးတွေကို ကြင်ကြင်နာနာဆက်ဆံတဲ့အခါ ကောင်လေးကပြောတတ်တယ်၊

''ကျွန်တော်သာ အစ်ကိုတို့၊ အစ်မတို့သားဖြစ်ရင် သိပ်ကောင်းမှာပဲ''

''ဘော်စမ်းပါကွာ၊ မင်းလိုသားမျိုး ငါတို့မလိုချင်ပါဘူး''

ကျွန်တော်က ခါးခါးသီးသီးပြန်ပြောရင် ဒီကောင်လေးကတဟားဟားရယ်နေတတ်တယ်၊ သူ ဒီလိုပြောခြင်းဟာ သူ့စိတ်ထဲက စွဲလမ်းမှုတစ်ခုဖြစ်ကြောင်း ကျွန်တော် လုံးဝသတိမထားမိခဲ့ပါဘူး၊

ကျွန်တော့်စိတ်ထဲကတော့ သူ့ကို တတယ်အလိုမရှိပါဘူး၊ သူ့အဖေက ကျွန်တော့်အပေါ်မှာ ကျေးဇူးမကင်းလို့ ထောက်





ထားတဲ့သဘောပဲရှိပါတယ်၊ ပြောသာရပြောရတာပါ၊ ဒီကောင်က ကျွန်တော်တို့အပေါ်မှာ ဒီလောက်ဆိုးလှတာမဟုတ်ပါဘူး၊ ခိုင်းတာလည်းလုပ်ပါတယ်၊ ကျွေးတာလည်းစားတယ်၊ အဲ...ဒါပေမယ့် စားတာကတော့ ကျွန်တော့်ထက် နှစ်ဆလောက်စားနိုင်တယ်၊ အဲဒါပဲ ကျွန်တော်စိတ်ညစ်ရတာ၊

ဦးသိတဲ့အတိုင်း ဒီခေတ် ဒီကာလမှာ လူပိုတစ်ယောက်တင်ကျွေးရတာ လွယ်တာမဟုတ်ဘူး၊ သိပ်တာဝန်ကြီးတာ၊ ကျွန်တော့်လို သာမန်ပန်းချီဆရာတစ်ယောက်အနေနဲ့ လူတစ်ယောက်စားဝတ်နေရေးဟာ အင်မတန်ဝန်ထုပ်ဝန်ပိုးကြီးမားလှပါတယ်၊ ဒီ'ကောင်လေး'က ကျွန်တော့်အိမ်မှာအိပ်၊ ကျွန်တော့်အိမ်မှာစားပေမယ့် ငွေကြေးနဲ့အဝတ်အစားတော့ မပေးရပါဘူး၊ သူ့အဖေက လာလာထောက်တယ်၊ ဒီလိုလေးရှိတော့ ကျွန်တော့်အတွက် နည်းနည်းအသက်ရှူချောင်တာပေါ့၊ ဒါပေမယ့် ဒီကောင်လေးအစားကြီးတာတော့ အတော်ပဲစိတ်ပျက်ဖို့ကောင်းတာပေါ့၊

ကျွန်တော့်အဖေနဲ့တွေ့တဲ့အခါ ပြောမိတယ်၊ ဘယ်ဘဝက ဝဋ်ကြွေးတွေဆပ်နေရလိမ့်ဆိုတော့ အဖေက...

''ဒီလိုလည်းမတွေးပါနဲ့သားရယ်၊ အတိတ်ပဗ္ဗာန်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပါကြတယ်ကွယ့်၊ လူတစ်ယောက်ကို ကုသိုလ်ပြုလှူဒါန်းကျွ မွေးရတယ်လို့ပဲသဘောထားရင် သားကုသိုလ်ရပါတယ်''

ကောင်လေးမှာ ကောင်းကွက်လေးတွေတော့ရှိပါတယ် လူပျို့လူရွယ်လေးဖြစ်ပေမယ့် ရည်းစားသနာ ပွေပွေရှုပ်ရှုပ်မ ဘူး၊ သောက်သောက်စားစားမရှိဘူး၊ မူးယစ်ဆေးမသုံးဘူး တ ခါတလေ အားရင် ကျားထိုးတာလောက်ပဲရှိတယ်၊ အမှန် သူ့အိမ်ထက် ကျွန်တော့်အိမ်မှာပျော်နေတာ၊

ဒီလိုနဲ့ ကျွန်တော်တို့ဟာ ရက်၊ လ၊ နှစ်ကိုကျော်ဖြတ် ကြတယ်၊ ကျွန်တော် ငွေကြေးအဆင်ပြေတဲ့အခါ ကိစ္စမရှိ မယ့် ငွေကြေးအခက်အခဲ အကျဉ်းအကျပ်ဖြစ်တဲ့အခါမျိုးဆို ကောင်လေးကို ငြိုငြင်မိပါတယ်၊ ကျွန်တော့်ဇနီးကတော့ ကော လေးကို ဘာမှမပြောတဲ့အပြင် တစ်ခါတလေ ဒီကောင်လေ မစားရမှာကိုပဲ စိုးရိမ်ပူပန်နေတတ်တာ၊

ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်ကအလိုမရှိပေမ 'ကောင်လေး' ကို အမြဲတမ်းအလိုလိုက်မိနေတာ၊ ဖြည့်ဆည်း နေမိတာ၊ ဒါတွေကို ကျွန်တော် နောင်အခါမှ ဖြည်းဖြည်းစဉ်း မိတာ၊

ကျွန်တော့်အမေသေဆုံးတဲ့အခါ အမေ့ဘာသာအ





သင်္ချိုင်းသွားပြီး အမေ့အုတ်ဂူမှာ ကျမ်းစာရွတ်ရပါတယ်၊ ကျမ်းစာရွတ်တဲ့လေးဆယ့်ငါးရက်လုံးလုံး ကောင်လေးက ကျွန်တော်နဲ့ အမြဲလိုက်ပါလာတတ်တယ်၊ ကျွန်တော်တို့ကျမ်းစာရွတ်တဲ့အခါမှာ အနားမှာ ကောင်လေးမရှိဘူး၊ ပြီးလို့ သူ့ကိုလိုက်ရှာကြည့်ရင် အုတ်ဂူဖြူဖြူသန့်သန့်လေးတစ်လုံးပေါ်မှာ ထိုင်နေတတ်တယ်၊

''ဟော့ကောင်လေး...အဲဒီမှာမထိုင်ရဘူးကွ၊ သူ့သက်ဆိုင်ရာမိသားစုတွေတွေ့သွားရင် မင်းကို အဆူအပြောခံနေရဦးမယ်''

''ကန်တော့ အစ်ကိုရာ၊ ကျွန်တော်က ဘာရယ်မဟုတ်ပါဘူး၊ ဒီဂူလေးက သန့်လည်းသန့်တယ်၊ အေးလည်းအေးတယ်၊ အဲဒါကြောင့် ကျွန်တော် ဒီမှာလာထိုင်နေမိတာ၊ ပြီးတော့ ကျွန်တော်စဉ်းစားနေတာ''

''ဘာတွေများစဉ်းစားနေတာလဲ ကောင်လေးရဲ့''

''ကျွန်တော်သေရင် ဒီနားမှာပဲ ဒီလိုဂူသန့်သန့်လေး အစ်ကိုလုပ်ပေးပါလား''

''ဟကောင်...ဘာတွေလျှောက်ပြောနေတာလဲ၊ နမိတ်မရှိနမာမရှိ၊ အမေတို့ဘာသာမဟုတ်ရင် နင် ဒီလိုဘယ်သေလို့ရမလဲ၊ လာ...လာ...အပိုစကားတွေပြောမနေနဲ့၊ ပြန်ကြစို့''



www.burmeseclassic.com

www.burmeseclassic.com



အမေတို့ဘာသာရဲ့သချိုင်းလေးဟာ အင်မတန်သပ်သ ရပ်ရပ်ရှိလှပါတယ်၊ ရှုချင့်စဖွယ် ရောင်စုံပန်းခင်းလေးတွေ စိုက် ပျိုးထားတယ်၊ ပြီးတော့ ဂူနေရာတွေကလည်း စနစ်တ အကွက်ရိုက်ထားတာ၊ နောက်လုပ်မယ့်ဂူနေရာအတွက်ကလည် အဆင်သင့်အကွက်ချပြီးသား။ သချိုင်းမြေဆိုပေမယ့် ခြံဝင်းေ ချာလုပ်ထားပြီး ခြုံနွယ်၊ မြက်မရှိအောင် ရှင်းလင်းထားတေ အင်မတန်သန့်ပြန့်နေတာပေါ့၊ ဒါကိုကြည့်ပြီး ဒီကောင်လေ စိတ်ကြည်နူးဟန်တူပါရဲ့၊ သူက အဲလိုကောင်မျိုး။

ဒီလိုနဲ့ ကောင်လေး ကျွန်တော့်ဆီလာနေတာ နှစ်နှ ကျော် သုံးနှစ်မှာ ကောင်လေးနဲ့ ကျွန်တော်တို့မိသားစု ခွဲခွာ ကိန်းကြုံလာတယ်၊ အခြေအနေအရ ကျွန်တော့်ဇနီးဘက်ဖ အမွေတွေရလိုက်လို့ ယောက္ခမအိမ်ကို ကျွန်တော်ပြောင်းရတယ် အဲဒီပြောင်းတော့ ကျွန်တော် အကြောင်းအမျိုးမျိုးပြပြီး ကော လေးကိုထားခဲ့တယ်၊ မိန်းမကတော့ စိတ်မကောင်းရှာဘူး။

ကျွန်တော်တို့ ထောက်ကြန့်ရောက်တော့ ကျွန်တော်ရ ရန်ကုန်နဲ့ဆက်သွယ်၊ ပန်းချီဆွဲပေါ့၊ စားရရုံအဆင်ပြေပေမယ ငွေပိုငွေလျှံအတွက် ကျွန်တော်တို့ခြံပိုင်းမှာ အိမ်လွတ်လေးတ လုံးဆောက်ပြီး အိမ်ငှားထားလိုက်တယ်၊ အဲဒီအိမ်ငှားက ဘဏ ထရီလုပ်ငန်းလုပ်တာပေါ့၊





ကျွန်တော်ရန်ကုန်ရောက်ရင် ကောင်လေးနဲ့သွားတွေ့ တယ်၊ သူက မြောက်ဥက္ကလာမှာ ရွှေပန်းထိမ်ဝင်လုပ်နေတာ အဆင်ပြေကြောင်းသိရတယ်၊

ဒီလိုနဲ့ တစ်နေ့တော့ ကောင်လေးကားတိုက်ခံရလို့ဆိုတဲ့ သတင်းဆိုးကြီးကြားရပြီး ကျွန်တော်တို့လင်မယားနှစ်ယောက် ရန်ကုန်ဆေးရုံကြီးကို အပြေးသွားကြည့်ကြရတယ်၊ သူ့ဒဏ်ရာ တွေဟာ သေနိုင်ပေမယ့် ကျွန်တော်တို့ရောက်တဲ့အထိ မသေ သေးပါဘူး။ ကျွန်တော်တို့လင်မယား အားပေးစကားပြောပြီးပြန် လာခဲ့တော့ မျက်ရည်တွေကြားကနေ ကျွန်တော်တို့ကိုကြည့်နေ တာ ဒီနေ့ထိ ပြန်မြင်ယောင်မိဆဲပါပဲ။

နောက်နေ့ ကောင်လေးဆုံးသွားပြီလို့ သတင်းရောက်လာ ပါတယ်၊ ကျွန်တော်စိတ်မကောင်းပေမယ့် ငါ့ဝဋ်ကြွေးကျေပြီလို့ ပဲ တွေးလိုက်မိပါတယ်၊ နောက်နေ့မနက်မှာ ကျွန်တော့်ဇနီးက...

"အစ်ကိုရေ...ညက ညီမအိပ်မက်မက်တယ်၊ ကောင်လေး က ညီမတို့ဆီကိုလာချင်တယ်လို့ အတင်းပူဆာနေတယ်"

"ဘာ...ဘာပြောတယ်"

ကျွန်တော် ထိတ်ခနဲဖြစ်သွားတယ်၊

"မလာစေနဲ့နော် ညီမ၊ မင်း မလာနဲ့လို့ မပြောလိုက်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...ညီမလည်း အိပ်မက်ထဲမှာဆိုတော့ ဘယ်သ ပါ့မလဲ၊ သူ့ကိုကြည့်ပြီး သနားလွန်းလို့ ညီမလည်းငိုလိုက်ရတာ ပြီးတော့ နင်လာချင်လည်းလာခဲ့လို့ ပြောလိုက်မိတယ်"

"ဟာ...သေလိုက်ပါတော့ကွာ"

ကျွန်တော် နဖူးရိုက်လိုက်မိပါတယ်၊ ဒါတွေကို ကျွန်တော် က အယုံအကြည်သိပ်မရှိလှပေမယ့် တကယ်ဖြစ်သွားရင် ဘယ့် နှယ့်လုပ်မလဲ၊ သိပ်မကြာပါဘူး၊ ကျွန်တော့်ဇနီးမှာ တတိယ မြောက်ကိုယ်ဝန်ရရှိလာခဲ့တယ်၊

ဒီလိုနဲ့ ကျွန်တော်လည်း မေ့မေ့လျော့လျော့နေလာလိုက် မိတာ တစ်နေ့မှာတော့ ပြပွဲတစ်ခုမှာ ကျွန်တော့်ပန်းချီကာ တစ်ချပ်ကို ထိုက်ထိုက်တန်တန်နဲ့ရောင်းချလိုက်ရလို့ အရမ် ဝမ်းသာသွားမိတယ်၊ ဒီတော့ သိပ်မကြာခင်ကျရောက်တော့မယ့် သကြန်အကြိုနေ့မှာ ကျွန်တော့်မွေးနေ့ပွဲလေးလုပ်မယ်လို့ ရည် ရွယ်လိုက်တယ်၊ အမိကက ကျွန်တော်တို့ခင်ရာမင်ရာမိတ်ဆွေ တွေစုပြီး သောက်မယ့်၊ စားမယ့်အစီအစဉ်ပါ၊ ဇနီးက ကိုယ်ဝန် ရင့်နေပေမယ့် ဆရာဝန်ဆေးစစ်ချက်အရ မွေးချိန်လိုဦးမယ်လို့ ထင်ထားတာပေါ့၊

မနက်ဖြန်ဆို ကျွန်တော့်မွေးနေ့ရောက်ပြီ၊ ဒါပေမယ့်





ကျွန်တော့်ဇနီးက ရုတ်တရက်ဗိုက်နာပြီး အိမ်မှာပဲ ကလေးမွေး ချလိုက်တာ ကျွန်တော်တို့မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဗျာများ ကုန်တာပေါ့၊ ကားငှားရ၊ ဆေးရုံပြေးရနဲ့ မွေးနေ့အစီအစဉ်လည်း ပျက်၊ ရှိသမျှငွေလည်း အကုန်ကုန်တဲ့အပြင် အကြွေးတွေတောင် တင်ကုန်တယ်၊

'ကောင်လေး'ပြန်လာပြီ၊ ကျွန်တော်သိတယ်၊ ဒီကောင် လာမယ်ဆိုတာ ကျွန်တော် အိပ်မက်ထဲမှာ မကြာခဏမက်နေ တော့ သိတာပေါ့၊ ဒီကောင်က ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းပဲ၊ မွေးမွေးချင်း အသားဝါရောဂါပါလာတယ်၊ ဆေးကုရ တာ ဆေးရုံမှာ ဆယ်ရက်လောက်ကြာတယ်၊ အချိန်တွေကုန်၊ ငွေတွေကုန်၊ ရုပ်ကလေးကလည်း 'ကောင်လေး'နဲ့တစ်ပုံစံတည်း ဆိုတော့ သူ့ကို ကျွန်တော်က 'ကောင်လေး'လို့ပဲ အမည်မှည့် ပေးလိုက်တယ်၊ ကောင်လေးက မွေးကတည်းက ချူချာတယ်၊ မကြာခဏလည်း တက်တတ်တယ်၊ သုံးလလောက်အရွယ် ရောက်လာတော့ 'ကောင်လေး'ရေဆိုရင် သိတတ်စပြုနေပြီ၊ ကျွန်တော့်မြင်ရင် အရမ်းပဲ ပြုံးရွှင်တွယ်ကပ်တတ်တာကလား၊

တစ်နေ့တော့ ကလေးတက်တာ အတော်ကြာသွားလို့ ဆေးရုံအမြန်ပြေးရတယ်၊ ဆေးရုံရောက်တော့ ဆရာဝန်က



www.burmeseclassic.com

www.burmeseclassic.com



အငှ်နှံအတော်ကြာအောင်စစ်ဆေးပြီး ကလေးမှာ ခဲဆိပ်သ
ထကွာဏာတွေတွေ့ကြောင်းပြောပါတယ်၊ နောက်ဆုံးအဖြေ
ကျွန်တော့်အိမ်ငှားတွေ ဘက်ထရီအားသွင်းလုပ်ငန်းလုပ်ရာမှ
အဲဒီအငွေ့တွေကို ရက်သားအရွယ်ကတည်းက ရှူရှိုက်မိတယ
ဆိုတာ အဖြေထွက်လာတယ်၊

ကျွန်တော် ချက်ချင်းအိမ်ပြန်ပြီး အိမ်ငှားတွေကိုဆင်းခိုင
တယ်၊ စပေါ်ငွေလည်း ပြန်ရှာပေးပြီး ရှင်းထုတ်လိုက်တော့ အိမ်
ငှားမိသားစုလည်း အတော်ကသီလင်တနဲ့ ဒုက္ခတွေ့ရောက်ရတ
ပေါ့၊ ကျွန်တော် ကိုယ်ချင်းစာပေမယ့် မတတ်နိုင်ဘူး။

အိမ်ငှားတွေဖယ်လိုက်ရပေမယ့် 'ကောင်လေး'ရဲ့ရော
က စွဲကပ်ပြီးဖြစ်နေတာမို့ ဘာမှပိုမထူးတော့ပါဘူး၊ အိမ်ရှင်အိမ်
ငှား မျက်နှာပျက်စရာတွေသာဖြစ်ကုန်ရတာ၊

ဒီနောက် မကြာခဏပြေးလိုက်ရတဲ့ဆေးရုံ၊ ကုန်လိုက်ရ
တဲ့ငွေ၊ ကျွန်တော်ရှာဖွေရသမျှအကုန် မကျန်ပါပဲ၊ ဒီလိုနဲ့ ကောင်
လေး ငါးလသားထဲရောက်လာပြီး နောက်ဆုံးအခေါက်မှာတော့
ဆေးရုံတင်ပြီး နောက်တစ်ရက်မှာ ကျွန်တော်တို့တစ်တွေ အဖတ်
မဆယ်နိုင်တော့ပါဘူး၊ ဖြူဖြူဖွေးဖွေးချောချောလေးမို့ မပစ်ရက်
နိုင်ပေမယ့် ကျွန်တော်တို့ ပစ်လိုက်ရပါပြီ၊ အဲဒီနေ့က ကျွန်တော့်





နီးဟာ မငိုနိုင်တော့ပါဘူး၊ သူ့ခမျှာ အရင်ရက်တွေကကျထား
တဲ့မျက်ရည်တွေဟာ ကုန်ခမ်းသလောက်ဖြစ်နေပြီမဟုတ်လား၊

အမေ့ဘာသာဖြစ်တဲ့ သခင်္ချိုင်းလေးမှာ သူ့ကိုသင်္ဂြိုဟ်တော့
ချိုင်းတာဝန်ရှိသူက ကလေးဂူသပ်သပ်ရပ်ရပ်လေးတွေရှိ
ကြောင်း၊ နိုင်မာကြောင်း၊ ဈေးသင့်ကြောင့်ပြောတော့ မိန်းမ
လည်း ဆန္ဒရှိတာမို့ ဂူသွင်းဖြစ်ခဲ့ပါတယ်၊

အားလုံးကိစ္စတွေပြီးတော့မှ ကျွန်တော်သေချာစဉ်းစားမိ
တာ့တယ်၊ အခု ကျွန်တော့်ရင်သွေး ကောင်လေးက အရင်ဘဝ
ကောင်လေးသာဖြစ်ရိုးမှန်ရင် သူနေချင်၊ သူသေချင်တဲ့ပုံစံ
တိုင်း ဖြစ်သွားတဲ့သဘောပေါ့၊ သူဖြစ်ချင်တဲ့ဆန္ဒကို မရောက်
ရောက်အောင် ဘယ်အကြောင်းကံက တွန်းပို့ပေးသွားတာပါလိမ့်
ကျွန်တော်စဉ်းစားနေမိတယ်၊

ဘာပဲပြောပြော 'ကောင်လေး'ဟာ ကျွန်တော့်ဘဝထဲ
င်လာချိန်ကစပြီး အိုးနင်းခွက်နင်း ဘဝကစဥ္စကလျှားနဲ့ ကုန်
ကျတဲ့ငွေကလည်း သောက်သောက်လဲ၊ ကောင်လေး လူ့ဘဝ
ငါးလတာရှင်သန်မှုရဲ့ကုန်ကျငွေဟာ ကျွန်တော့်မိသားစု
စ်နှစ်သာသုံးငွေလောက် ကုန်သွားပါတယ်၊

'ကောင်လေး'ကိုဂူသွင်းပြီးနောက် ကျွန်တော့်အိပ်မက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဗုဒ္ဓဘာသာလိုဆွမ်းသွပ်ဖို့ချည်း ခဏခဏမက်နေတာကြောင့် ကျွန်တော် သံဃာတော်တွေပင့်ပြီး ဆွမ်းသွပ်ပေးပါတယ်၊ ကျွန်တော်က အဖေနဲ့ အမေဘာသာကြားမှာကြီးပြင်းခဲ့ရတော့ အားလုံးအဆင်ပြေပါတယ်၊ ဒါပေမယ့် အခုနောက်ပိုင်းတော့ နောင်တမလွန်သံသရာ၊ ကံ ကံ၏အကျိုးဆက်တွေကို ကျွန်တော်ယုံကြည်လေ့လာရင်းနဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် လုံးဝခံယူလိုက်ပါပြီ၊ ကျွန်တော်ဟာ အတိတ်ဘဝက ကောင်လေးအပေါ်တင်ရှိတဲ့ဝဋ်ကြွေးတွေလည်း အကျေဆပ်လိုက်နိုင်ပါပြီလို့ ကျွန်တော်ခံစားမိပါတယ်ဦးရယ်''

ကျွန်ုပ်ပြောပြသော ဝဋ်ကြွေးကြမ္မာနှင့် လူဝင်စားအကြောင်းကို ရွှေစကားက သေချာစွာ ဂရုစိုက်နားထောင်နေလေ၏။ ကျွန်ုပ်တို့စီးနင်းလာသော နှစ်ထပ်သင်္ဘောကြီးသည်လည်း မကြာမီ ဗန်းမော်မြို့သို့ဆိုက်ကပ်ပေတော့မည်။



မထင်မှတ်သောညှော်သည်များ

(၆)

ကျွန်ုပ်တို့စီးနင်းလိုက်ပါလာသော နှစ်ထပ်သင်္ဘောကြီး
ည် ဗန်းမော်မြို့သို့ နေ့ခင်းမွန်းတည့်ချိန်လောက်တွင် ဆိုက်
ာက်ခဲ့လေတော့သည်။ ကျွန်ုပ်နှင့် ရွှေစကားတို့လည်း လမ်း
ွဲရမည်ဖြစ်သဖြင့် နှုတ်ဆက်ကြလေ၏။ ကျွန်ုပ်မှာလည်း-
နှင့်သိကျွမ်းရသည်မှာ သည်မျှပင်အဆုံးသတ်ပြီဖြစ်သဖြင့်
အကြောင်းကို မစပ်စုမိသလို သူမကလည်း ကျွန်ုပ်အား
ယ်သွား၍ ဘာလုပ်မည့်အကြောင်း မစပ်စုခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ...အဘ၊ သမီးနှုတ်ဆက်ခဲ့တယ်၊ အဘနဲ့သမီး ပြန်ဆုံမယ်နော်''

''အံမယ်...ဘယ်လိုဆုံမှာလဲ၊ အလွန်ကံစပ်မှဆုံမှာပါကွယ်၊ အဘက ကိစ္စတွေများသကွယ့်''

''အဘရာ...ဒီဗန်းမော်မြို့လေးက ကျဉ်းကျဉ်းလေးရယ်၊ ကဲပါ...သွားပြီနော်၊ အဘကို သမီးလာတွေ့မယ်''

နှုတ်ဆက်ထွက်ခွာသွားသော သူမကိုကြည့်ကာ ကျွန်ုပ်လည်း ဆိုက်ကားတစ်စီးငှား၍ တည်းခိုခန်းတစ်ခုသို့ ထွက်ခဲ့လေတော့၏။ တည်းခိုခန်းတွင် ခေတ္တနားကာ ရေမိုးချိုးပြီးနောက် ကျွန်ုပ်သည် ဈေးကြီးအတွင်းသို့ လျှောက်လာခဲ့မိလေသည်။ ဗန်းမော်ဈေးကြီးကား စည်ကားလှချေ၏။ ထိုအချိန်ကာလသည် မှော်ခိုဈေးကွက်ရှိနေချိန်မို့ မှော်ခိုပစ္စည်းများ အင်မတန်ပေါလှလေ၏။ တစ်ဖက်နိုင်ငံမှထွက်ရှိသောပစ္စည်းများမှာလည်း လွန်စွာမှစုံလှပေ၏။

လှပသည့် မျက်နှာသုတ်ခြုံထည်တဘက်ကြီးများ၊ အထည်အလိပ်များ၊ ကြွေထည်ပစ္စည်းများ၊ ပန်းကန်ပြား၊ မတ်ခွက်ကြီးများ၊ ထီး၊ နေကြာစာတ်ပူး အစရှိသည်များ၊ ကြက်ဖမြီးရှည်စက်ဘီး၊ ဖီးဆင့်စက်ဘီးများ၊ ရေဒီယိုကက်စက်များ စုံလင်စွာရှိလေသည်။





ထိုပစ္စည်းများ ဈေးပေါပေါလှိုင်လှိုင်ရသဖြင့် မှောင်ခိုဈေးကက်သမားများအဖို့ အတော်စီးပွားဖြစ်ကာ ဖွံဖြိုးချင်းလိမ်လျက်ရှိကြပေတော့၏။

ကျွန်ုပ်သည် လက်ဖက်ရည်ကြိုက်နှစ်သက်သူမို့ လက်ဖက်ရည်သောက်ချင်လာသဖြင့် ဈေးကြီးအနီးမှ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်ရောက်ခဲ့မိလေတော့၏။

''ဘာသောက်မလဲ ဆရာကြီး''

စားပွဲထိုးလူငယ်လေးက မေးလာသဖြင့်...

''လက်ဖက်ရည်ချိုကျလေးလုပ်ကွာ''

ကျွန်ုပ်သည် လက်ဖက်ရည်မှာလိုက်ပြီးနောက် ဆိုင်အတွင်းပြင်အဆင်များကို လှည့်ပတ်ကြည့်ရှုအကဲခတ်လိုက်ပေရာ က်ဖက်ရည်ဝိုင်းတစ်ဝိုင်းတွင် ထိုင်နေကြသော လူသုံးယောက် ကျွန်ုပ်အား စိုက်ကြည့်အကဲခတ်နေသည်ကို သတိထားလိုက်ပေ၏။

သို့ကြောင့် ကျွန်ုပ်လည်း သူတို့ကို မသိမသာ ပြန်လည်ကဲခတ်ကြည့်မိပေရာ တစ်ဦးသည် နေကာမျက်မှန်တပ်ထား သုံးယောက်လုံးမှာ ဘောင်းဘီရှည်နှင့် သပ်သပ်ရပ်ရပ်ရှိကြ မျက်နှာတို့မှာမူ အနည်းငယ်ခက်ထန်ကြဟန်ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် လက်ဖက်ရည်ဖိုးရှင်းပြီးနောက် သာစည် ရပ်ကွက်သမိုင်းဝင်သိမ်တော်ကြီးဘုရားဘက်သို့ လျှောက်ခဲ့လေ တော့၏။ ဆိုင်ထဲမှ လူသုံးယောက်သည် ကျွန်ုပ်သွားရာသို့ လိုက် ကြည့်နေကြသော်လည်း လိုက်လာခြင်းကားမရှိကြပေ။

ကျွန်ုပ်သည် ဘုရားတွင် ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်း မေတ္တာပို့ အမျှဝေခြင်းပြုလုပ်ပြီးနောက် ညနေစောင်းပြီဖြစ်သဖြင့် ညနေစာစားရန်အတွက် ဆိုက်ကားသမားအကူအညီတောင်းကာ လက်ရာကောင်းသော ထမင်းဆိုင်တစ်ဆိုင်သို့ လိုက်ပို့နိုင်းရပေ ၏။ ထမင်းစာပြီးလျှင် ကျွန်ုပ်သည် အစာကြေခြင်းအလို့ငှာ တည်းခိုခန်းသို့ ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်၍ပြန်ခဲ့ပေတော့ ၏။

ညမှောင်စပြုပြီဖြစ်သဖြင့် လျှပ်စစ်မီးတိုင်တို့မှ မီးအလင်း ရောင်ကိုအားပြုလျက် လျှောက်လာခဲ့ရာ ကျွန်ုပ်တည်းခိုခန်းအနီး ဓာတ်မီးတိုင်အောက်တွင် မထင်မှတ်သောမြင်ကွင်းတစ်ခုကို ကျွန်ုပ်တွေ့လိုက်ရပေ၏။

"ရှင်တို့...လွှတ်နော်...လွှတ်"

မိန်းကလေးတစ်ယောက်၏ အော်ပြောသံဖြစ်သည်။

"ဟေ့ကောင်တွေ...သူ့ကိုရအောင်ဖမ်းထား၊ မလွှတ်စေ နဲ့"





မိန်းကလေးသည် သူမလက်ထဲတွင်ပါသော လက်ဆွဲထုပ် ၎င်း ထိုလူများကို ပြန်လည်ရိုက်လေ၏။ ထိုလူများကလည်း မ ရိုက်သောအိတ်များကိုရှောင်လွှဲကာ အရှိန်လွန်သွားသော တ်ကို တစ်ယောက်ကဆွဲဖမ်းထားလေ၏။

မိန်းကလေးသည် အိတ်ကိုလက်လွှတ်ကာ ကျွန်ုပ်ဘက် ပြေးလာလေရာ နောက်က ယောကျ်ားတစ်ယောက်က သူမ က်အား လှမ်းဆွဲထားလိုက်လေသဖြင့်...

"အား...ကယ်ကြပါရှင်၊ ကယ်ကြပါ"

ထိုစဉ် မထင်မှတ်သောအဖြစ်အပျက်တစ်ခုက ရုတ်ချည်း ်ပေါ်လာလေတော့၏။

လူရမ်းကားသုံးယောက်ထံသို့ တရှိန်ထိုးဝင်ရောက်တိုက် က်လာသော လူငယ်တစ်ယောက်...။

လှုပ်ရှားမှုက လွန်စွာလျင်မြန်ဖျတ်လတ်လှပေ၏။ အလစ် ိုက်ဝင်လာသောလူငယ်ကို လူရမ်းကားသုံးယောက်က ဝိုင်း ၍ နေရာယူလိုက်ကြလေ၏။

"ဟေ့ကောင်...မင်းနဲ့မဆိုင်ဘဲ ဝင်မရှုပ်နဲ့နော်"

"မိန်းကလေးတစ်ယောက်ကို အလိုမတူဘဲ မင်းတို့ အဲလို ပ်ရင် ငါ့မျက်စိရှေ့မှာဆို ငါနဲ့ဆိုင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"လျှာရှည်တဲ့ကောင်...ကဲကွာ"

"ဖြောင်း"

"ဖောင်း"

"ဒိုး"

"ဒုတ်"

တိုက်ခိုက်မှု ကျွမ်းကျင်သူတွေဖြစ်ကြ၏။ ကျွန်ုပ်သည် [illegible] အဆောက်အဦး၏နံရံထောင့်စွန်းမှာ အသာကွယ်ကာ အ[illegible] အနေကြည့်နေစဉ် မိန်းကလေးသည် ကျွန်ုပ်ဘက်သို့ပြေးလ[illegible] သဖြင့် ကျွန်ုပ်က သူ့ကို အသာဖမ်းဆွဲကာ နံရံထောင့်စွ[illegible] အကွယ်ဘက်သို့ ဆွဲသွင်းလိုက်လေ၏။

လူငယ်တို့ သုံးယောက်တစ်ယောက်ပွဲကား ဆက်လက်[illegible] နေဆဲပင်ဖြစ်သေး၏။ သို့သော် အထိနာနေကြသော လူရမ်းကာ[illegible] တို့သည် နောက်ဆုံးတွင် လူငယ်ကိုမယှဉ်နိုင်သဖြင့် အမှော[illegible] တွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့၏။ ထိုလူသုံးယော[illegible] ကား ကျွန်ုပ်လက်ဖက်ရည်ဆိုင်တွင်တွေ့ခဲ့ရသူတွေဖြစ်၏။

ထိုအခါမှ ကျွန်ုပ်နှင့် မိန်းကလေးသည် မီးတိုင်အော[illegible] တွင်ရပ်နေသော လူငယ့်ထံသို့ထွက်ခဲ့ကြလေ၏။ အမျိုးသ[illegible] ငယ်သည် ကျကျန်ရစ်ခဲ့သော သူ့လက်ဆွဲအိတ်ထုပ်ကို သွ[illegible] ရောက်ကောက်ယူလိုက်သည်။





"အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်အစ်ကို"

"ရပါတယ်ကွာ၊ တို့က အမြင်မတော်လို့ပါ"

အမျိုးသမီးငယ်သည် ကျွန်ုပ်ဘက်လှည့်ကာ...

"ဦးကိုလည်း ကျေးဇူးတင်...ဟင်...အဘ...အဘစာရေး [illegible]ရာ"

"ဟား...ဟား...ရွှေစကား၊ စောစောကတည်းက သမီး [illegible] အဘသိတယ်ကွ၊ ဒါကြောင့်ဆွဲခေါ်ထားတာ"

"အယ်...ဟုတ်လား၊ သမီးကကြောက်နေတော့ အဘကို [illegible]တိမထားမိဘူး"

ကျွန်ုပ်တို့နှစ်ဦးကိုကြည့်ကာ လူငယ်က...

"ဦးက စာရေးဆရာ ဦးအံ့ထူးအောင်ပါလားခင်ဗျာ"

ကျွန်ုပ်က အံ့သြစွာဖြင့်...

"ဟုတ်ပါတယ်ကွယ်၊ ဒါနဲ့ မောင်ရင်က ဦးကိုသိလို့လား"

"ကျွန်တော် ဦးကိုလာရှာတာခင်ဗျ၊ ဒီတည်းခိုခန်းမှာ [illegible]ည်း[illegible]နေ်းသိလို့ ဦးပြန်အလာကိုစောင့်နေတာ၊ ဖေဖေလွှတ်လိုက်[illegible]

"ဪ...ဦးမိတ်ဆွေ ဆင်ဝါးနော်ထင်တယ်"

"ဟုတ်ပါတယ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကဲ...လာကြကွာ၊ လမ်းမကြီးပေါ်မှာ မကောင်း
ဘူး။ တစ်နေရာရာမှာ သွားစကားပြောကြတာပေါ့"

ကျွန့်ပ်က သူတို့နှစ်ဦးကိုဦးဆောင်ကာ တည်းခိုခန်းဧ
ခန်းမအတွင်းသို့ ဝင်ရောက်ခဲ့ကြလေတော့၏။

"ကဲ...လုပ်ပါဦးရွှေစကားရယ်၊ သမီးက ဘယ်ကာဘ
လို..."

ရွှေစကားက ကျွန့်ပ်ကိုကြည့်ကာ ပြုံးရယ်လျက် သူ
လက်ဆွဲအိတ်ကိုဖွင့်လိုက်ပြီး အထဲမှ အထုပ်တစ်ထုပ်ကို
ထုတ်လိုက်လေ၏။

"ကတိအတိုင်း အဘကို အနွေးထည်အသစ်လာက
တော့တာ၊ အဲဒါ အဘဆီအလာ ပြဿနာတက်တော့တာ

ကျွန့်ပ်မှာ လွန်စွာ စိတ်မကောင်းဖြစ်သွားမိလေ၏။

"သမီးကလည်းကွာ၊ ဒုက္ခခံပြီး ဒါတွေလုပ်နေသေးတာ
ကြည့်စမ်း...ကံကောင်းလို့ ပြဿနာအကြီးအကျယ်တက်ဧ
မလို့"

"အဟား...ဟား၊ ဒီလောက်ပြဿနာက သမီးအတွ
အသေးအဖွဲပါအဘရယ်၊ ဪ...ဒီကအစ်ကို မျက်နှာမှာထိသွ
တာပဲ၊ ကျွန်မအားနာလိုက်တာရှင်၊ တောင်းပန်ပါတယ်"





"ရပါတယ်ဗျာ၊ နည်းနည်းပါ၊ ကိစ္စမရှိပါဘူး"

"ရော့...ဒီမှာ လက်ကိုင်ပုဝါ၊ ကျပ်ထုပ်ထိုးလိုက်နော်"

"ဟင့်အင်း...ရပါတယ်၊ နည်းနည်းပါ၊ ကိစ္စမရှိပါဘူး"

"ဟာ...ဘယ်ဖြစ်မလဲရှင့်၊ ကဲလာ...ကျွန်မကိုယ်တိုင် ကျပ်ထုပ်ထိုးပေးမယ်"

"မ...မလုပ်ပါနဲ့ဗျာ၊ ကဲ...လက်ကိုင်ပုဝါပေး၊ ကျွန်တော့်ဘာသာပဲလုပ်ပါ့မယ်"

လူငယ်က အားနာပါးနာ လက်ကိုင်ပုဝါယူလိုက်မှ ရွှေစကား ကျေနပ်သွားလေတော့၏။ 'လူငယ်က...

"ဦး...ကျွန်တော့်ကိုခွင့်ပြုပါဦးနော်၊ ကျွန်တော် မနက်စောစောမှလာခေါ်ပါ့မယ်၊ ဒီကညီမလည်း ခွင့်ပြုပါနော်"

"ဟုတ်ကဲ့ရှင့်"

လူငယ်ထွက်သွားမှ ကျွန့်ပ်မှာ နာမည်တောင်မမေးလိုက်မိသဖြင့် စိတ်မကောင်းဖြစ်သွားမိပေသေး၏။ ရွှေစကားက ကျွန့်ပ်ဘက်လှည့်၍...

"ကဲ...အဘ၊ ဘယ့်နှယ့်လဲ၊ သမီးတို့ကံ မကုန်သေးပါဘူးဆိုတာ၊ မြို့လေးက ကျဉ်းပါတယ်အဘရဲ့"

"ကဲ...သမီးလည်းပြန်တော့လေ၊ ဘယ်ပြန်ရမှာလဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်ုပ်အား ဘာမှပြန်မပြောဘဲ ညှော်ခံကောင်တာ[illegible] သို့ထသွားကာ မန်နေဂျာဆိုသူနှင့် စကားပြောနေတော့၏။

"ဦးဂျာကြီး...အခန်းလွတ်တစ်ခုမယ်မဟုတ်လား"

"ဟုတ်ကဲ့...ရပါတယ် မိန်းကလေး"

"ကျွန်မပစ္စည်းတွေသွားယူခိုင်းချင်တယ်၊ ခိုင်းရမယ့်လူ[illegible] ရှိသလား"

"ဟုတ်ကဲ့...ရပါတယ် မိန်းကလေး။ ကျွန်တော်စီစဉ်ပေး[illegible] ပါ့မယ်"

ရွှေစကားသည် စာလေးတစ်စောင်ရေးကာ မန်နေဂျာ[illegible] လက်ထဲသို့ ထည့်ပေးလိုက်၏။ မန်နေဂျာသည် ကားသမား[illegible] လူငယ်တစ်ယောက်ကိုခေါ်ကာ အကျိုးအကြောင်းပြောပြနေလေ[illegible] သည်။ ရွှေစကားသည် ကျွန်ုပ်ထံလျှောက်လာကာ...

"သမီး ဒီကထွက်လို့မဖြစ်ဘူး အဘရဲ့၊ သူတို့ တစ်နေရာ[illegible] ကစောင့်ပြီး ဒုက္ခပေးကြဦးမှာပဲ၊ ဒါကြောင့် ဒီညတော့ ခြေရာ[illegible] ဖျောက်လိုက်ဦးမယ်"

ကျွန်ုပ်လည်း ရွှေစကား၏အပြုအမူကို လုံးဝနားမလည်[illegible] နိုင်တော့ပေ။ ခဏကြာသော် ရွှေစကား၏အဝတ်အစားအိတ်[illegible] ရောက်ရှိလာလေတော့၏။





"ကဲ...အဘလည်းနားတော့၊ သမီးလည်း အိပ်တော့မယ်၊ မနက်မှ"

ကျွန်ုပ်လည်း ရွှေစကားပေးသော လက်ဆောင်အနွေး ထည်ကိုယူကာ အခန်းတွင်းသို့ဝင်ခဲ့ပြီးနောက် ကျွန်ုပ်ထံရောက် လာသည့် မထင်မှတ်သောညှော်သည်နှစ်ယောက်အကြောင်းကို စဉ်းစားတွေးတောလျက် အိပ်ပျော်သွားလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## အငြိုးကြီးသောကြမ္မာဆိုး

(၇)

ဆောင်းဝင်စမို့ မြူနှင်းခြုလွှာတို့က အာကာတစ်ခွင်ကို လွှမ်းခြုံရစ်ဖွဲ့စပြုလေပြီ။ လဆုတ်ရက်၏ညဦးယံက အထွက်နှေးသောလကို အမှောင်ထုမှ စောင့်မျှော်လျက်ရှိလေ၏။

ဆင်ဝါးနော်က နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသော ဇနီးဖြစ်သူ ဒေါ်ခေါင်နူးကို အသာအယာစောင်ခြုံပေးကာ အိပ်ရာထက်မှ ထလာခဲ့သည်။

ဇနီးဖြစ်သူ နေထိုင်မကောင်းဖြစ်နေသည်မှာ ရက်အတန်ကြာပြီဖြစ်သည်။





ဆင်ဝါးနော်က အစိုးရဝန်ထမ်းဘဝမှ အနားယူပြီးနောက် အိမ်မှာ အခြေချစီးပွားလုပ်မည်ဟုစိတ်ကူးကာ ဒေါ့ဂျစ်ကားတစ်စီးဝယ်ယူတည်ထောင်၍ သားနှစ်ယောက်ကို ဦးစီးလုပ်ကိုင်စေသည်။ အားလပ်နေသောသူကို ရပ်ရွာလူထုက တာဝန်ပေးအပ်သဖြင့် ရွာလုံခြုံရေးအကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရလေသည်။

ထိုအခါ ပေးအပ်သောတာဝန်အရ ခိုးဆိုးတိုက်ခိုက်နေသောလူများကို ရှာဖွေဖမ်းဆီးရခြင်း၊ တရားမဝင် မှောင်ခိုလုပ်ငန်းများကို နှိမ်နင်းရခြင်းတို့၌ ပါဝင်ဆောင်ရွက်ရလေ၏။

ထိုအခါ ဆင်ဝါးနော်သည် တာဝန်များဖြင့် အမြဲလုံးပန်းနေရသောကြောင့် အိမ်မှာကပ်နေရသည်သိပ်မရှိ။ လုံခြုံရေးကင်းလှည့်ရခြင်း၊ လုံခြုံရေးကင်းစခန်းတွင် အုပ်ချုပ်မှုအပိုင်းဆောင်ရွက်ရခြင်းတို့ဖြင့် မအားမလပ်ရှိနေရပေ၏။

သိပ်မကြာသောကာလကပင် လူမိုက်ဇော်မှိုင်းတို့အဖွဲ့မှ မှောင်ခိုဘိန်းစိမ်းများနှင့် ရှေးဟောင်းပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ခိုးထုတ်စဉ် ပစ္စည်းနှင့် လူအချို့ကိုဖမ်းဆီးနိုင်ခဲ့သဖြင့် အထက်မှ ချီးကျူးဂုဏ်ပြုခြင်းခံခဲ့ရသလို ဇော်မှိုင်းတို့အဖွဲ့ကလည်း အငြိုးတကြီးမုန်းတီးနေမည်မှာ သေချာလေ၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ခါတိုင်းထက် လုံခြုံရေးကိစ္စတွေကို တိုးမြှင့်ဆောင်ရွက်ခဲ့ရလေသည်။

ယခု ဇနီးသည် ကျန်းမာရေးမကောင်းလှသဖြင့် နှစ်ရက်သုံးရက် အလုပ်မှအနားယူကာ ဇနီးသည်ကိုပြုစုရန် အိမ်သို့ ခေတ္တပြန်လာခဲ့ခြင်းဖြစ်၏။

ထိုအချိန်အခါက နယ်မြေအခြေအနေအရ သူတို့မှာ လက်နက်ကိုင်ဆောင်ခွင့်ရသော်လည်း တာဝန်ကြီးသဖြင့် စခန်း၌ထားခဲ့ကာ ရန်သူ့ထံမှသိမ်းဆည်းရမိသော တစ်ဖက်နိုင်ငံလုပ် လက်ပစ်ဗုံးသုံးလုံးကိုသာ အိကွေ့မင့် (ကျည်ဆံခါးပတ်)တွင်ချိတ်၍ အိမ်သို့ယူလာခဲ့လေသည်။

ယခုရက်အတွင်း ရန်ကုန်မှ မိတ်ဆွေစာရေးဆရာလည်း ရောက်ရှိမည်ဖြစ်သဖြင့် သားကြီးဘရန်ရှောင်ကို ဗန်းမော်သို့ အကြိုလွှတ်လိုက်လေသည်။ သားငယ် ဘောက်နော်မှာ ညနေက ခေါင်းရည်မူးလာဟန်ရှိပြီး စောစောပင် အိပ်ရာဝင်နေလေပြီ။

သူတို့အိမ်က မြေစိုက်တဲမျိုးဖြစ်ပြီး သူတို့လင်မယားနှစ်ယောက်အတွက် အခန်းတစ်ခုပင်ကန့်ထားကာ ကျန်သည့်နေရာမှာ မီးဖိုခန်းအထိ တစ်ဆက်တည်းဆောက်ထားခြင်းဖြစ်သည်။

ခေါင်းရင်းဘက်ရှိ ကုက္ကိုပင်ထိပ်ဖျားသို့ လမင်းကြီးမေး





တင်ပြီဖြစ်သဖြင့် အိမ်ထဲပြန်ဝင်ခဲ့လေသည်။ ဇနီးသည်နဖူးကို စမ်းကြည့်မိတော့ အဖျားနည်းနည်းကျသွားဟန်ရှိလေ၏။ ဆင်ဝါးနော်က အိပ်ပျော်အောင်ကြိုးစားလိုက်သည်။

"ဝုတ်...ဝုတ်...ဝုတ်"

"ဝုတ်...ဝုတ်"

ခွေးဟောင်သံကြောင့် ဆင်ဝါးနော် ရုတ်တရက်နိုးသွားရသည်။ မိမိအိပ်သည်မှာ တစ်နာရီပင်ပြည့်ဦးမည်မဟုတ်။

"ဝုတ်...ဝုတ်...ဝုတ်"

"ဝုတ်...ဝုတ်"

နံဘေးထရံမှာချိတ်ထားသော လက်ပစ်ဗုံးအိကွေ့မင့်ကို အသာစမ်းကာ အိပ်လျက်အနေအထားမှ ခါးကို အသာပတ်လိုက်သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း"

"ဒက်...ဒက်...ဒက်"

"ဒိုင်း...ဒိုင်း...ဒိုင်း"

ခေါင်းရင်းကုက္ကိုပင်ကြီးမှ သေနတ်သံုးလက်ဆိုင်၏ပစ်အားသည် အိမ်အတွင်းသို့ စုပြုံဝင်ရောက်ဖောက်ထွင်းလာလေ၏။ ညအမှောင်ထဲ၌ ကျည်ဆံဖြတ်သွားရာလမ်းကြောင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



အလင်းတန်းများအဖြစ် တရှိန်ရှိန်အော်မြည်ကာ ဖြတ်သန်းသွားကြလေ၏။ ကြောင်အိမ်ပေါ်တွင်တင်ထားသော ဓာတ်ဗူး၊ ဖန်ခွက်စသည်များမှာ တစစီကြွေလွင့်လျက် လွင့်ပျံထွက်ကုန်ကြလေ၏။

"အမယ်လေး...သေပါပြီ၊ လုပ်ကြပါဦး"

ဇနီးသည် ဒေါ်ခေါင်နူးက အလန့်တကြားထအော်သဖြင့် ပက်လက်အနေအထားမှပင် သူ့ရင်ကို အသာလှမ်းဖိကာထားလိုက်ရ၏။ သူတို့ အသက်နှင့်ခန္ဓာမကွဲသေး။

"အခေါင်...မထနဲ့ဦး"

သေနတ်သံုးလက်ဆိုင်ပစ်အား ခေတ္တရပ်တန့်သွားသည်။ ကျည်ဆံကုန်၍ ကျည်ကပ်လဲချိန်ဖြစ်၏။ ခဏတာအချိန်အတွင်း ဆင်ဝါးနော်က အမြန်လူ့ပ်ရှားလိုက်သည်။ လူမမာဇနီးသည်ကို ကုတင်အောက်ထဲထိုးသွင်းလိုက်ကာ တံခါးပေါက်နားပြေးကပ်လိုက်သည်။ သားငယ်ဘောက်နော်ထံမှ ညည်းညူသံက ထွက်ပေါ်လာသည်။ ဘောက်နော်ထိသွားဟန်ရှိသည်။

"ဟော့...ဟော့...ထိသွားပြီကွ၊ လာဟော့...အိမ်ကို မီးနဲ့ရှို့မယ်"

ရန်သူတွေ အိမ်အနီးသို့ပြေးလာခိုက် ဆင်ဝါးနော်က တံခါးမကြီးကို ဝုန်းခနဲဆွဲဖွင့်ကာ လက်တွင်အသင့်ကိုင်ဆောင်ထားသော





က်ပစ်ဗုံးဖြင့် ရန်သူရှိရာပစ်သွင်းလိုက်ပြီး ကျွမ်းပစ်ကာ လှိမ့်၍ အိမ်ပြင်ထွက်လိုက်၏။

"ဟာ...မသေသေးဘူးကွ၊ ပစ်...ပစ်"

"ဒိုင်း...ဒိုင်း"

"ဝုန်း"

"အား"

သေနတ်သံနောက်ဝယ် လက်ပစ်ဗုံးပေါက်ကွဲသံကြောင့် န်သူ အထိနာသွားဟန်ရှိ၏။

"ဟော့ကောင်တွေ...ဆုတ်...ဆုတ်၊ သူ့မှာ လက်နက်ရှိယ်"

"ဝုန်း"

ဗုံးနောက်တစ်လုံးပေါက်ကွဲတော့ သည်ကောင်တွေ သူ့လူ့ကို ဒရောသောပါးဆွဲပြေးလေ၏။ ဒဏ်ရာရသူ၏ သွေးစွပ်ကြောင်းကြီးက အဝတိုင်းသားကျန်ခဲ့လေသည်။

ဆင်ဝါးနော်က ရွာပြင်ချောင်းစပ်နားထိ ပြေးလိုက်ကာ က်ပစ်ဗုံးနှင့်ထုလေ၏။ အပြေးသမားတို့က နောက်ပင်လှည့်ကြည့်နိုင်တော့။ ဆင်ဝါးနော် နောက်ပြန်လှည့်ခဲ့လေသည်။ ည်အခါကျမှ အိမ်အတွက် စိုးရိမ်စိတ်တွေက ဖိစီးလာချေတော့



www.burmeseclassic.com

www.burmeseclassic.com

အပြေးအလွှားနှင့် အိမ်ရောက်တော့ သားအငယ်ကော
ဘောက်နော်ကား အသက်ဝိညာဉ်မရှိတော့ပြီ။ ဖနီး ဒေါ်ခေါင်န
ကား သေနတ်ဒဏ်ရာမရှိသော်လည်း နဂိုကျန်းမာရေးမကော
သောကြောင့် သတိလစ်မေ့မြောနေရှာလေ၏။

"ဖြစ်ရလေကွာ"

ဆင်ဂါးနော်တစ်ယောက် ယူကျုံးမရ ဝမ်းနည်းပူဆွေး
လေပြီ။ မကြာမီ အရူးဏ်တက်တော့မည်။



## ဝမ်းနည်းဝမ်းသာကြုံရသူ

(၁)

ကျွန်ုပ်သည် နံနက်စောစောထကာ ကိုယ်လက်သန့်စင်
ထုပ်အပိုးတွေပြင်ပြီး အပြင်ထွက်လာတော့ အဆင်သင့်စောင့်
သော ရွှေစကားကိုတွေ့ရလေ၏။

"မင်္ဂလာပါအဘ၊ ညက ကောင်းကောင်းအိပ်ပျော်ပါတယ်
ာ်"

"အေး...ပျော်ပါတယ်ကွာ"

နံနက်(၆)နာရီလောက်တွင် မနေ့က လူငယ်ရောက်ရှိလာ
သ၏။



www.burmeseclassic.com

www.burmeseclassic.com



"စောင့်နေတာကြာပြီလားဦး"

"ရပါတယ်ကွာ၊ ဒါနဲ့ ငါတူရဲ့နာမည်ကိုလည်း မိတ်ဆက် ပေးပါဦး"

"ဟုတ်ပါရဲ့၊ မနေ့က အခြေအနေ နည်းနည်းရှုပ်ထွေ နေတော့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုမိတ်ဆက်ဖို့မေ့သွ တာ ခွင့်လွှတ်ပါ၊ ကျွန်တော့်နာမည် ထက်အောင်လို့ခေါ်ပါတယ အိမ်မှာကတော့ ဘရန်ရှောင်(သားကြီး)လို့ ခေါ်ကြပါတယ်၊ ကျွ တော့်နာမည်ကို ကြိုက်နှစ်သက်သလို ခေါ်နိုင်ပါတယ်ခင်ဗျာ"

လူငယ်က တိုင်းရင်းသားအသံ အနည်းငယ်ဝဲဝဲလေးန ယဉ်ကျေးစွာပြောလာတော့ သွက်လက်ချက်ချာလှသော စကားက...

"ကျွန်မက ကိုထက်လို့ပဲခေါ်မယ်၊ ကျွန်မနာမည်က စကားပါ၊ အခု ကိစ္စတစ်ခုနဲ့ ဒီနယ်မြေကိုရောက်လာတာ ကဲ...အခု ကိုထက်ရဲ့အစီအစဉ်ကိုပြောပြပါဦး"

"ကျွန်တော်က အခု ဦးလေးတို့ကို နံနက်စာကျွေးပါ့မယ ပြီးရင် ကျွန်တော့်ရဲ့ ခရီးသည်တင်ကားနဲ့ မိုးမောက်ကိုသွား မှာပါ"

"ဟုတ်လား...ကျွန်မကို ခရီးကြုံလိုက်ခွင့်ပြုပါနော်"





"လိုက်ခဲ့ပါဗျာ၊ ကျွန်တော်တို့က ခင်တတ်ပါတယ်"

သို့နှင့် ကျွန်ုပ်တို့သုံးဦးသည် အထုပ်အပိုးပစ္စည်းများယူ ာ စားသောက်ဆိုင်တစ်ဆိုင်သို့ရောက်ရှိခဲ့ကြလေတော့၏။ န်ုပ်တို့သည် ထမင်းကြော်နှင့် လက်ဖက်ရည်သုံးဆောင်ကြ၏။ န်ုပ်က ရွှေစကားထံလှည့်၍...

"သမီး ရွှေစကား...မိန်းကလေးတစ်ယောက်တည်း ခရီး းတယ်ဆိုတာ ဘေးအန္တရာယ်များလှတယ်ကွယ့်"

"ဟင်...အဘကလည်း သမီးတစ်ယောက်တည်းမှမဟုတ် ား သမီး မိတ်ဆွေကောင်းတွေနဲ့ ခရီးသွားနေတာလေ၊ ာ...အခုဆိုရင် သမီးမိတ်ဆွေကောင်းတွေက အဘရယ်၊ ကို က်ရယ် နှစ်ယောက်တောင်ဖြစ်သွားပြီ"

"ဟား...ဟား...ဟား...တတ်လည်း တတ်နိုင်ပါပေ့ကွာ" ကျွန်ုပ်က...

"အင်း...သမီးပြောတာ မှန်တာပေါ့ကွယ်၊ 'ကိုယ့်အကျိုး ားကိုဆောင်ရွက်မူ သူစိမ်းပင်ဖြစ်လင့်ကစား အဆွေအမျိုးဟု ်ယူရာ၏'လို့ နီတိကဆိုတယ် If one brings benefit, a anger may be considered as relative. အဲဒီလိုပြော ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အဘက စာရေးဆရာဆိုတော့ ဒီလိုပြောတတ်
တာပေါ့နော်"

"စာရေးဆရာမို့မဟုတ်ပါဘူးကွယ်၊ အဘလည်း ဖတ်
ထား၊ မှတ်ထားလို့ပါ"

ကျွန်ုပ်တို့ နံနက်စာစားသောက်ပြီးသောအခါ မိုးမော
ကားဂိတ်သို့ထွက်ခဲ့ကြလေတော့၏။ ကားမှာ စစ်အတွင်း
အသုံးပြုသော ဒေါ့ဂျစ်ကားမျိုးဖြစ်ကာ နောက်ခန်းတွင် ခ
သည်နှင့် ကုန်ပစ္စည်းများတင်၍ ကျွန်ုပ်တို့မှာ ကားခေါင်းခန်း
စီးခွင့်ရခဲ့လေ၏။

ထိုအချိန်အခါက ကားလမ်းသည် ယခုကဲ့သို့ ပြေပြေပြ
ပြစ်မဟုတ်လှဘဲ တချို့နေရာများတွင် ချိုင့်များ၊ ကျင်းများရှိ
သောကြောင့် မောင်ထက်အောင်က ကားကို ဂရုတစိုက်မော
နှင်နေရလေ၏။

မကြာမီ ကျွန်ုပ်တို့စီးနင်းလာသောကားသည် မိုးမော
မြို့လေးသို့ ဝင်ရောက်လာလေတော့၏။

"ဦး...ကျွန်တော်တို့မြို့လေးအဝင်မှာ ချောင်းလေးတ
ချောင်းရှိတယ်၊ အဲဒီမှာ ရေပူစမ်းလိုနေရာလည်းရှိကြတော့
တွေက ကျန်းမာရေးအတွက်ဆိုပြီး ရေလာလာချိုးကြတယ်"





"ဟုတ်လားကွယ့်"

"ဟုတ်တယ်ဦး၊ အားမှ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"
ရွှေစကားက...

"ရေပူစမ်းကရေတွေက ပူနေတာလားဟင်"

"အင်း...အစ်ကိုလည်း သိပ်မသိပါဘူးကွာ၊ အခု လူတွေ
ရေချိုးနေကြပုံကတော့ ချောင်းစပ်လေးဘေး သဲသောင်ပြင်လေး
မှာ လူတစ်ကိုယ်စာရေစိမ်နိုင်ဖို့ လက်ယက်ကျင်းရှည်မျောမျော
လေးတွေတူးကြတယ်၊ ပြီးတော့ ချောင်းရေစီးဝင်နိုင်အောင် ကမ်း
ယ်ကို မြောင်းငယ်လေး လက်နဲ့တူးပြီး သွယ်ဖောက်လိုက်တော့
ချောင်းရေလေးတွေ စီးဝင်လာတယ်၊ ကိုယ်ရေစိမ်မယ့် လက်
ယက်ကျင်းထဲ ရေပြည့်တော့မှ အဲဒီမြောင်းသွယ်လေးကိုပြန်ပိတ်
ပြီး ရေထဲစိမ်ကြတာကွ"

"ဟုတ်လား...အဲဒီရေက ပူနေတာပေါ့နော်"

"အင်း...သဲက ကန့်ဓာတ်ရှိလို့ ပူနွေးတာလို့လည်း ဆိုကြ
တယ်၊ ဒါက သုတေသနအဖွဲ့နဲ့ပဲဆိုင်မှာပါကွာ...ဟား...ဟား"

ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် မြို့တွင်းကားဂိတ်
လေးသို့ ရောက်ရှိလာကြလေတော့၏။

ကျွန်ုပ်တို့ရောက်ရောက်ချင်းပင် ဂိတ်မှလူတစ်ဦးက မောင်



www.burmeseclassic.com

www.burmeseclassic.com



ထက်အောင်ကို တီးတိုးပြောဆိုရာ မောင်ထက်အောင်က...

"ဦးညို...ဒီက ဦးလေးတို့ကို ဖြည်းဖြည်းခေါ်ခဲ့နော်၊ ကျွ
တော် အိမ်ကိုအရင်သွားကြည့်လိုက်မယ်"

မောင်ထက်အောင်သည် ကျွန်ုပ်တို့ကိုပင် နှုတ်ဆက်ခြ
မပြုနိုင်တော့ဘဲ အလျင်အမြန်ပြေးထွက်သွားလေတော့၏။

"လာ...ဆရာတို့၊ ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ကျွန်ုပ်နှင့် ရွှေစကားတို့သည် ကားဂိတ်မှ ဦးညိုဆိုသူ
ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ကြလေ၏။ ကျွန်ုပ်မိတ်ဆွေ ဆ
ဝါးနော်အိမ်သို့ရောက်သောအခါ ရင်နှင့်ဖွယ်ရာအဖြစ်ဆိုးကြီးန
အတူ ဆင်ဝါးနော်က ကျွန်ုပ်တို့အား ဝမ်းနည်းဝမ်းသာကြိုဆို
လေသတည်း။



ကြုံတွေ့ရသော ထိုမလေ့

(၉)

"ယောက်ဖရေ...နင်လာတာ ငါဝမ်းသာပေမယ့် ငါ့မှာ
လည်း ဒုက္ခရောက်နေတာ နင်အမြင်ပဲဟ"

ဆင်ဝါးနော်ကား ကျွန်ုပ်အား အားနာနေဟန်ဖြင့်ပြောလေ
၏။ တိုင်းရင်းသားတို့ကား ဖော်ရွေပွင့်လင်းမှုရှိကြလျက် အလွန်
ခင်မင်သူမိတ်ဆွေများကို မနန်ဝါ= သူငယ်ချင်း၊ သို့မဟုတ်
ယောက်ဖဟု ရင်းရင်းနှီးနှီးခေါ်တတ်ကြပေ၏။ ထို့အပြင် နင်ငါ
ဟုပြောတတ်ကြသည်မှာ ချစ်စရာဓလေ့ဟု ကျွန်ုပ်အောက်မေ့
မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါစိတ်မကောင်းပါဘူး သူငယ်ချင်းရာ၊ ငါ ဘာကူညီ မလဲ...ပြော"

"ရပါတယ်ဟာ၊ တို့ကအဆင်ပြေပါတယ်၊ နင်တို့အတွ စဉ်းစားနေတာ"

ထိုစဉ် မောင်ထက်အောင်က...

"အဝါး" (အဝါး= အဖေ)

"ဟေ"

"ဦးတို့ကို လုဂျာတို့အိမ် ခဏတည်းခိုင်းထားလိုက်မ ဒီက အသုဘအိမ်ဖြစ်နေတော့ ဧည့်သည်တွေအတွက် အား စရာဖြစ်နေပြီ၊ အိမ်ကလည်း သေနတ်မှန်ထားလို့ စုတ်ပြတ်သ နေတာ၊ ပြီးတော့ မိန်းကလေးဧည့်သည်ကရှိသေးတယ်မဟု လား"

မောင်ထက်အောင်စကားကြောင့် ရွှေစကားက...

"အို...ကိုထက်ကလည်း၊ ကိုယ့်အပူကိုဘေးဖယ်ထား သူများတွေကို အားနာနေရသတဲ့လား။ ညီမတို့က အားနာရမ သူတွေမဟုတ်ပါဘူး"

ဆင်ဝါးနော်က...

"ဒါတော့ ဒါပေါ့သမီးရယ်၊ ဒါပေမယ့် ဘရန်ရှောင်အ





တာ သဘာဝကျပါတယ်၊ ဟိုမှာက မိန်းကလေးအဖော်လည်း ရှိတယ်လေ၊ ပိုပြီးလည်း အဆင်ပြေတယ်၊ ဒီလိုပဲစီစဉ်ရအောင် နော်"

သို့နှင့် ကျွန်ုပ်တို့ကို သူတို့နှင့်ခြေရင်းခေါင်းရင်း ခြံချင်း ကပ်လျက်အိမ်သို့ ဆင်ဝါးနော်တို့သားအဖ လိုက်ပို့ကြလေ၏။

"ဆင်ဝါးနော်...နင့်အမျိုးသမီးရော ဘယ်မှာလဲ၊ ကျန်းမာ ရေးအခြေအနေကော ကောင်းရဲ့လား"

"အေး...ဘယ်လိုပြောရမလဲ၊ အခု ကျန်းမာရေးဆေးခန်း မှာ ခဏပို့ထားတယ်ကွ၊ ကျန်းမာရေးကတော့ အခု အဖျားမရှိ တော့ပါဘူး။ နေကောင်းတယ်ပဲဆိုရမှာပေါ့၊ ဒါပေမယ့် သူ စကား သိပ်မပြောတော့ဘူး၊ ဒါ စိုးရိမ်ရတယ်"

"ဘာဖြစ်လို့လဲ ဆင်ဝါးနော်"

"သူကျန်းမာရေးမကောင်းတဲ့အချိန် အရမ်းထိတ်လန့်သွား လို့ သည်းခြေထိခိုက်သွားတာလို့ပြောတယ်၊ သူ့သားသေသွားတာ လည်းပါတာပေါ့"

"လုံးဝစကားမပြောတာလား"

"မဟုတ်ဘူးဟ၊ ပြောတော့ပြောပါတယ်၊ မငိုဘူးကွ၊ တချိန်လုံးလိုလို ငိုင်တွေနေတတ်တယ်၊ မေးရင်ပြောတယ်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့အစ်ကိုကိုခေါ်ခိုင်းနေတယ်ကွာ၊ အဲဒါလည်း ဒုက္ခပဲ"

"ဘာဖြစ်လို့လဲ"

"သူ့အစ်ကိုက ဒီမှာမရှိဘူးကွ၊ 'စိန်လုံကဘာ' ဘက်က ရွာလေးတစ်ရွာမှာ ဆေးကုစားနေတာ၊ သူက သူ့ရောဂါကို သူ့အစ်ကိုနဲ့ကုမှပျောက်မယ်လို့ ပြောနေတာကွ၊ စိတ်အစွဲလည်း ပါတယ်ထင်ပါရဲ့"

"ဒါဆို လူကြုံနဲ့မှာပေါ့ကွာ"

"အေး...ဒါကို နောက်မှစဉ်းစားမယ်ကွာ၊ လောလောဆယ် ငါ့သားကို အသုဘချရမယ်ကွ၊ သေနတ်မှန်ထားတော့ ကြာကြာထားလို့မကောင်းဘူးပေါ့ကွာ"

"ဒါနဲ့ ဆင်ဝါးနော်၊ မင်းတို့ရွာရဲ့ လုံခြုံရေးအခြေအနေက ဘယ်လိုလဲ"

"ကောင်းပါတယ်ကွ၊ အခု လုံခြုံရေးကို အထူးဂရုပြုနေကြရတယ်၊ ဒီလူဆိုးကောင်တွေသတင်းလည်း ပျောက်နေတယ်၊ နေနှင့်ဦး...ကိစ္စတွေပြီးမှ ငါပြန်ချမယ်"

ဆင်ဝါးနော်က ကြိတ်မနိုင် ခဲမရ ကြုံးဝါးလေသည်။ ကျွန်ုပ်တို့သည် ဆင်ဝါးနော်တို့သားအဖပို့ပေးသောနေအိမ်၌ တည်းကြရလေ၏။





အိမ်ရှင်လုဂျာတို့မှာလည်း သားအမိနှစ်ယောက်သာရှိပြီး ဖော်ရွေသဘောကောင်းကြလေသဖြင့် မကြာမီ ကျွန်ုပ်တို့နှင့် လွှန်စွာခင်မင်ရင်းနှီးသွားရလေတော့၏။

ရွှေစကားမှာ နှုတ်သွက်လျှာသွက်လေးမို့ လုဂျာထံမှ ကချင်စကားများကို နေ့စဉ်သင်ယူနေပေတော့သည်။

"ဖားပေါ့အီး"

"ဘာလဲ"

"ရှုပ်ရှားငှဆယ်အီး"

"ထမင်းစားပြီးပြီလား"

"ကဂျာငါအိုင်အီး"

"နေကောင်းလား"

"ရှားငှဆယ်"

"စားပြီးပြီ"

"ကျေးဂျူးကဘာဆိုင်"

"ကျေးဇူးအများကြီးတင်ပါတယ်"

မောင်ထက်အောင်၏ညီ အသုဘရက်အတွင်း ရွှေစကားက သူသိလိုသည့်ကချင်စကားတို့ကို လုဂျာထံမှ စိတ်ပါဝင်စားစွာ သင်ယူလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မှာလည်း သူတို့၏ဓလေ့ရိုးရာကို သိပ်ပြီးမရင်း
လှသဖြင့် လုပ်သမျှ၊ တွေ့သမျှတွေမှာ အဆန်းဖြစ်နေချေတော့
၏။

"ကိုထက်"

"ဟင်...ဘာလဲ ညီမ"

"အသုဘချတာ တံခါးပေါက်ကြီးကမချဘဲ ဘာဖြစ်လ
ထရံကြီးကို အပေါက်ဖောက်ပြီးချတာလဲဟင်"

"အဲဒါ အစိမ်းသေလို့ ရိုးရာဓလေ့ထုံးစံအရ လုပ်တာ
ညီမရယ်"

"ဟုတ်လား၊ ပြီးတော့ ကြက်တွေ၊ ဝက်တွေသတ်ပြီး
နတ်တင်သေးတယ်၊ ခေါင်းရည်သောက် မောင်းတီးပြီး က
သေးတယ်၊ လူသေရင် အဲလိုပဲကရတာလား၊ ကိုထက်လည်
ကတာတွေ့တယ်နော်"

"အင်း...ဟုတ်တယ်၊ ကတဲ့ရည်ရွယ်ချက်ကတော့ သေ
သူကို ဖျော်ဖြေခြင်း၊ ဂုဏ်ပြုခြင်း၊ အမှတ်တရဖြစ်စေခြင်း၊ ကျ
ရစ်သူတွေအတွက် ပူဆွေးသောကပြေပျောက်စေအောင် ကကြ
တာညီမရဲ့၊ ပြီးတော့ ကကြိုးကကွက်တွေလည်းရှိတယ်၊ သရု
ဖော်အကတွေလည်းပါတယ်၊ ရှင်းပြရင် အများကြီးပဲ၊ ညီမ
နားရှုပ်သွားလိမ့်မယ်"





ကျွန်ုပ်တို့သည် မောင်ထက်အောင်၏ညီ အသုဘကိစ္စ
ပြီးနောက် ရွာသားများအကူအညီဖြင့် အိမ်လေးကို ပြန်လည်
ပြုပြင်ကြလေသည်။ ပြီးနောက် ဆင်ဝါးနော်က ဖနီးဖြစ်သူ ဒေါ်
ခေါင်နူးကို အိမ်သို့ပြန်ခေါ်လာလေသည်။

ဒေါ်ခေါင်နူးမှာ အိမ်ရောက်ကတည်းက ပိုပြီးဖောက်ပြန်
လာဟန်ရှိကာ သူ၏အစ်ကိုဖြစ်သူကိုသာ တမ်းတမ်းတတနှင့်
ခေါ်နိုင်းနေလေသည်။ ကြာတော့ မောင်ထက်အောင်မှာ မကြည်
ရက်ဖြစ်လာဟန်ရှိသည်။

"အဝါး...ကျွန်တော် ဦးလေးကိုသွားရှာခေါ်မယ်ဗျာ"

"အေး...ငါလည်း အဲဒါစဉ်းစားနေတာ၊ နင် အမေ့နားနေ
ခဲ့၊ ငါသွားရှာလိုက်မယ်"

"အာ...မဟုတ်တာ အဝါးရာ၊ အမေက အနားမှာ အဝါး
ပဲရှိနေစေချင်တာကြာပြီ၊ ပြီးတော့ ခရီးကဝေးတယ်မဟုတ်လား၊
အဝါးနေခဲ့ပါ၊ ကျွန်တော်ပဲသွားပါ့မယ်"

ထိုအခါ ကျွန်ုပ်က...

"အေး...မောင်ထက်အောင်ပြောတာမှန်တယ်၊ နင်နေခဲ့
ဆင်ဝါးနော်၊ ငါ မောင်ထက်အောင်ကို အဖော်အဖြစ်လိုက်သွား
မယ်"



www.burmeseclassic.com

"ဖြစ်ပါ့မလားဦးရယ်၊ တောင်ပေါ်ခရီးက ပင်ပန်းတယ် ဦးရဲ့"

"ရပါတယ်ကွာ၊ မင်းအဖေနဲ့ ဦးတို့က သစ်တောမှာ တာဝန်အတူထမ်းလာခဲ့ဖူးတာဆိုတော့ တောတောင်ခရီးက မဆန်းပါဘူး"

"ဟုတ်တာပေါ့၊ သမီးလည်းလိုက်မယ်"

"ဟာ...မဟုတ်တာ ညီမကလည်း။ ဒါ နီးနီးနားနားခရီး မဟုတ်ဘူး၊ ပြီးတော့ လမ်းမှာက အန္တရာယ်များတယ်၊ သဘာဝ အန္တရာယ်၊ လူဆိုးအန္တရာယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်မမကြောက်ဘူး၊ ကိုထက်နဲ့ အဘ ရှိနေတာပဲ"

ကျွန်ုပ်က တားလျှင်လည်းရမှာမဟုတ်သည့်နည်းတူ ဘာမှမပြောတော့ဘဲ အသာပင်နေလိုက်ပေတော့၏။

ဤသည်မှအစပြု၍ ကျွန်ုပ်တို့အတွက် အသက်နှင့်ရင်း၍ စွန့်စားမှုပြုရသော အလွန်ထူးဆန်းသည့်ဇာတ်လမ်းကြီးတစ်ခု ဖြစ်ပေါ်ခဲ့ရပေတော့သတည်း။



## တောကြီးမြိုင်နန်း ခရီးလမ်း

(၁၀)

ကချင်ပြည်နယ်၏ တောင်ပေါ်ခရီးကား ကားနှင့်သွား၍ ရသလောက်သာသွားနိုင်ပြီး များသောအားဖြင့် ခြေလျင်သာ သွားရလေ၏။ ကျွန်ုပ်တို့ ယခုသွားသည့်လမ်းကား စစ်အတွင်း က ဖောက်လုပ်ထားသော ယာယီကားလမ်းသာဖြစ်ပေသည်။ အချိန်အခါသည် ခေတ်ကာလမကောင်းသည့်အလျောက် ခိုးဆိုး လုယက်တိုက်ခိုက်ခြင်းများရှိခဲ့ပေရာ လမ်းမှာ ပြုပြင်မှုမရှိတော့ ဘဲ ရေတိုက်စားပြိုပျက်ခြင်း၊ တောင်ပြိုလမ်းပိတ်ခြင်းများစွာ တို့နှင့် ရှိနေသောကာလဖြစ်ပေ၏။

www.burmeseclassic.com



သို့ရာတွင် တစ်ဖက်နိုင်ငံနှင့် တရားမဝင် စီးပွားရေးလုပ်ကိုင်နေသူအချို့သည် ထိုလမ်းကို လူအထမ်းအပိုးတို့ဖြင့်လည်းကောင်း၊ ဝန်တင်လားတို့ဖြင့်လည်းကောင်း သယ်ယူပို့ဆောင်သွားလာမှုတို့ရှိခဲ့ကြလေ၏။ သည်ကြားထဲ ခိုးဆိုးလုယက်သူများရှိသဖြင့် သူတို့ရန်ကို ကြောက်ရသည်လည်းရှိ၏။ ဝေစားမျှစားလုပ်ရသည်လည်းရှိလေ၏။

ထိုအချိန်အခါက နယ်စပ်မှာနေထိုင်ကြသော တရုတ်လူမျိုးတို့သည် ဝန်တင်လားများမွေးမြူကာ ငွေကြေးဖြင့် အငှားလိုက်ခြင်းများရှိကြပေ၏။ သူတို့ကို ကျွန်ုပ်တို့က 'လားတရုတ်' ဟူသော အသုံးအနှုန်းဖြင့်သာခေါ်ကြလေသည်။

မောင်ထက်အောင်သည် ကျွန်ုပ်နှင့် ရွှေစကားအားငဲ့ညှာသောအားဖြင့် ဝန်တင်လားတစ်စီးကို ငှားရမ်းခဲ့လေ၏။ လားတရုတ်မှာ မြန်မာစကားမတတ်ပေ။ တရုတ်လိုသာပြောလေ၏။ မောင်ထက်အောင်က တရုတ်စကားအနည်းငယ်နားလည်သဖြင့် အဆင်တော့ပြေလှပေသည်။

ရွှေစကားမှာ လားတရုတ်ကိုကြည့်လျက် တခိခိရယ်မောလေ၏။ လားတရုတ်ပုံစံမှာလည်း ရယ်စရာပုံစံပေါက်နေလေသည်။ ဆံပင်ကို အုန်းမှုတ်ခွက်ပုံစံညှပ်ထားလေ၏။ အကျႌပွ...





...ရှုတ်ဘောင်းဘီပွပွကြီးဝတ်ကာ ခြေထောက်တွင် တရုတ်...င်းဘတ်ဖိနပ်စီးထားလေ၏။

ထိုလားတရုတ်မှာ ရုပ်ဆိုးသော်လည်း အလုမက်သူဖြစ်...၏။ ခရီးတစ်ထောက်နားတိုင်း သူ့အိတ်ထဲမှ ဘီးလေးထုတ်...ခေါင်းကိုဖြီးလေ၏။ ကြည့်စရာမှန်မရှိသဖြင့် စီးကရက်ဘူး...တွင်းမှ ငွေရောင်စက္ကူလေးကို မှန်သဖွယ်ကြည့်ကာ ခေါင်း...တ်သဖြင့် ရွှေစကားရယ်မောသည်မှာ အလွန်မဟုတ်ပေ။

ရွှေစကားမှာ သူမ၏မတိုမရှည်ဆံပင်လေးကို နောက်သို့...ည်းကာ တောဆောင်းဦးထုပ်ဆောင်းထားလေ၏။ အပေါ်...ျို အနွေးဂျာကင်ကိုဝတ်ထားပြီး ခရီးသွားဘောင်းဘီ၊ တော...ပ်နှင့်မို့ နိုင်ငံခြားဇာတ်လိုက်မင်းသမီးလေးပမာ လှပလျက်...၏။

သူမမျက်နှာလေးမှာ အပြစ်ကင်းစင်လှပလျက် ပညာ...အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသည့် မိန်းကလေးတစ်ဦး...ဖြစ်ရပေမည်ဟု အရိပ်မျှသာ ကျွန်ုပ်ခန့်မှန်းမိပေသည်။

ကျွန်ုပ်တို့ခရီးသည် အချိန်ကြာ၍ ခရီးရောက်လာသည်...မှု အတက်ခရီးမှာလည်း တောင်ကြီးများ ပို၍ပို၍မြင့်တက်...ချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မောနေပြီလား ညီမ"

"အဟင်း...ရပါတယ် ကိုထက်"

"ထမင်းလည်းဆာနေရောပေါ့၊ ရှေ့နားကစွယ်ကိုကေ
ပြီးရင် တောင်ကျရေရှိတဲ့နေရာရောက်ပြီ၊ အဲဒီမှာ တစ်ထော
နားပြီး ထမင်းစားကြတာပေါ့"

"လားကြီးအတွက်ရောဟင်"

"ဒါကတော့ မပူပါနဲ့ကွာ၊ သူတို့လည်း သူတို့ရိက္ခာပ
တယ်၊ ပြီးတော့ လားတိရစ္ဆာန်အတွက် တောတောင်မှာရှိ
အခက်အရွက်တွေဟာ သူတို့ရဲ့မကုန်ခမ်းနိုင်တဲ့ရိက္ခာတွေပေ

"သူတို့ကျောပေါ်မှာပိုးပြီး ဝန်ထမ်းသွားရတာ ပင်ပန်
ပဲနော်"

"ကိုယ့်ကိုယ်ကိုလည်း ပြန်သနားဦးညီမရဲ့၊ အဲဒီလား
အလေ့အကျင့်ရှိတယ်၊ ပြီးတော့ အစ်ကိုတို့ဝန်ကလည်း သ
မလေးပါဘူးကွာ၊ ရိက္ခာအနည်းငယ်နဲ့ အသုံးအဆောင်ပစ္စည်
ပါတာ၊ အစ်ကို့အလိုဆို ကိုယ့်ကျောပိုးအိတ် ကိုယ့်ဟာကို
ထမ်းနိုင်ပါတယ်ကွ"

"အမယ်...ဒါဆို သူများကြောင့် ဒါကြီးငှားလာရတ
ပေါ့၊ ကဲပါ...ဒါဆို ပြန်လွှတ်လိုက်တော့၊ ညီမ ကိုယ့်ဟာကို
ကျောပိုးထမ်းမယ်"





"အဟား...ဟား...ဒေါချည်းပဲ၊ ကဲပါ...အမိရယ်၊ စိတ်
လျှော့ပါ၊ ရှေ့မှာ တောင်ကျချောင်းလေးရောက်ပြီ၊ ထမင်းစား
းရအောင်"

ကျွန်ုပ်တို့သည် တောင်ကျချောင်းလေးအနီးတွင် ခေတ္တ
းကြကာ နေ့လည်စာစားကြလေ၏။ တောတောင်အတွင်း
ာင်ကျချောင်းရေစီးသံကသာ လွှမ်းမိုးနေလေတော့သည်။
မင်းစားပြီးသောအခါ ရွှေစကားက အပေါ်ဘက်မော့ကြည့်
ာ...

"တောတောင်ကြီးကလည်း စိမ့်အေးနေတာပဲနော်၊ တော
းကလည်း အုံ့ဆိုင်းနေတာပဲ၊ တစ်ယောက်တည်းဆို ကြောက်
ာကြီး"

ရွှေစကားအပြောကြောင့် မောင်ထက်အောင်က ပြုံးလေ၏။

"အဘရော မကြောက်ဘူးလား"

"ဟင့်အင်း...မကြောက်ပါဘူးကွာ၊ အဘက တောတောင်
မှာ အတော်ကြာနေလာခဲ့ဖူးတယ်ကွ"

"တောကောင်ကြီးတွေ ဘာတွေကြုံရင် ဘယ့်နှယ့်လုပ်
ဲ ကိုထက်မှာက လွယ်မားကြီးတစ်လက်ပဲပါတာမဟုတ်လား၊
နတ်မရှိ ဘာမရှိ"



www.burmeseclassic.com

www.burmeseclassic.com



"အဘမှာ ဆောင်ဓားအဖြစ် ဓားမြှောင်ပါပါတယ်ကွ
ဒီမှာကြည့်"

ကျွန်ုပ်က ခါးမှာချိတ်ထားသော ဓားမြှောင်လေးကိုပြလေ
သဖြင့်...

"ဒါတော့ အဘရယ်၊ သမီးလည်းပါပါတယ်၊ ဟောဒီမှာ"

ရွှေစကားက သူမ၏မိန်းမကိုင်အိတ်ထဲမှ မောင်းချဓား
လေးထုတ်ပြသဖြင့် ကျွန်ုပ်တို့မှာ ရယ်မောရလေ၏။

"ဒီလမ်းခရီးက လူသွားလူလာများကြပါတယ်၊ သေနတ်
မလိုပါဘူးကွာ၊ သူများတွေလည်း ဒီလိုပဲသွားလာနေကြတာ
သေနတ်ပါတော့ ပိုပြီးတောင် အန္တရာယ်များသေးတယ်၊ ညီ
ဒီကိုလာ၊ အစ်ကိုပြမယ်"

မောင်ထက်အောင်က ရွှေစကားကို တောင်စွယ်ထိပ်လေ
ဆီသို့ ခေါ်ဆောင်သွားလေ၏။

"ဟယ်...ရှုခင်းလှလိုက်တာ"

အပေါ်စီးမြင်ကွင်းမှကြည့်ရသောအခါ အဝေးမှ တော
တန်းတောင်စွယ်များကို လှပစွာမြင်ရလေ၏။ ဟိုအဝေးဆီ
ပြာလဲ့မှုန်ရီနေသော တောင်တန်းပြာကြီးများသည် မြူနှင်းဝေ
ရောယှက်ကာ အလွန်လှပသည့် ပန်းချီကားကြီးတစ်ချပ်သဖွယ်
ရှိနေပေ၏။





တချို့တောင်တန်းကြီးတွေပေါ်၌ မီးခိုးတလူလူနှင့် တောင်
ယာများ၊ လှေကားထစ်တောင်ယာများမှာ အကွက်လိုက်
အကွက်လိုက်ရှိနေကြသဖြင့် တောင်တန်းကြီးတွေပေါ်မှာ ကြီးမား
သောစုတ်ချက်ကြီးတွေဖြင့် ပန်းချီရေးထားသည့်အလားရှိလေ
သည်။

"ဟိုးမှာ တောင်ယာတွေ အရမ်းလှတယ်နော်"

"အင်း...လှတော့လှပါရဲ့၊ ဒါပေမယ့် သစ်တောပြုန်းတီး
တယ် ညီမရဲ့"

"ဘာဖြစ်လို့လဲဟင်"

"ဩော်...တစ်ရာသီမှာ တစ်ခါပြောင်းဆိုတော့ သစ်ပင်
တွေအများကြီးခုတ်ရတာပေါ့"

"ဒီဘက်မှာ လှေကားထစ်စိုက်ပျိုးရေးတွေလည်းရှိတယ်
တိုထက်"

"အင်း...ဟုတ်တယ်၊ အဲဒီလို လှေကားထစ်စိုက်ပျိုးရေး
က မိုးရာသီတောင်ယာလုပ်ငန်းထက် တည်ငြိမ်မှုပိုရှိတယ်၊ သူ
က ရွှေ့ပြောင်းစရာမလိုဘဲ နှစ်စဉ်စိုက်ပျိုးလို့ရတယ်လေ၊ သူက
တောခုတ် မီးရှို့စရာမလိုဘူး၊ ထွန်ယက်ရင်လည်း နွား၊ ကျွဲ
တစ်ကောင်တည်းနဲ့ထွန်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စပါးပဲစိုက်တာလား"

"အင်း...မိုးမှာတော့ စပါးစိုက်တယ်၊ ရိတ်သိမ်းပြီး တချို့က သီးထပ်အနေနဲ့ ပြောင်း၊ မြေပဲ၊ နှမ်းစတဲ့ ဆော ရာသီထွက်သီးနှံတွေစိုက်တာပေါ့"

သူတို့နှစ်ဦး စကားတပြောပြောနှင့် ကျွန်ုပ်တို့ထံလျှော လာပြီးနောက် မောင်ထက်အောင်က လားတရုတ်ကို လားကု တင်ရန်ပြောလိုက်သဖြင့် လားတရုတ်က အစာစားနေသေ လားကို သွားဆွဲလေ၏။

"ဦးရေ...ကျွန်တော်တို့ ခရီးဆက်ရအောင်၊ မိုးမချုပ်ခ 'စိန်လုံကဘာ'အရောက်သွားကြမယ်"

သို့ဖြင့် ကျွန်ုပ်တို့သည် တောင်ကျချောင်းလေးမှ ရွေ ခရီးဆက်ခဲ့ကြလေတော့၏။

ရွှေစကားမှာ တစ်ခါမှမရောက်ဖူးလေသော ဒေသန္တ ခရီးမို့ ပျော်ရွှင်နေလေသဖြင့် ပင်ပန်းဟန်ပင်မရှိဖြစ်နေလေ သည်။



## ရန်သူ့လက်တွင်းကျရောက်ခြင်း

(၁၁)

"ဒိုင်း...ဒိုင်း"

"ညွှမ့်...ညွှမ့်"

"ဂလောင်...ဂလောင်...ဂလောင်"

"ဖြော...ဖြော"

သေနတ်သံနှစ်ချက်သည် တောမြိုင်ကြီးထဲဝယ် မြည်ဟီး ထွက်ပေါ်လာပြီးနောက် ကျွဲအော်သံများ၊ ကျွဲခလောက်သံများ တို့ ကြားလိုက်ကြရသဖြင့် ကျွန်ုပ်တို့သည် ခရီးသွားလာနေရာ မှ ရုတ်တရက် ရပ်တန့်လိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲဟင် ကိုထက်"

"မွေးမြူရေးကွဲတွေကွ၊ သေနတ်သမားတွေ ကွဲပစ်

ထင်တယ်"

"ဟင်...သူတို့က အဲလိုပစ်လို့ရလို့လား"

"ရတော့ မရဘူးပေါ့ကွာ၊ လူဆိုးတွေက လက်န

အနိုင်ကျင့်တဲ့သဘောပေါ့၊ တို့ကချင်လူမျိုးတွေက ကွဲကိုမွေး

ပေမယ့် တောထဲမှာလွှတ်ထားတာများတယ်"

"ဟင်...ဘာဖြစ်လို့လဲ"

"ဒါမလေ့တစ်ခုပဲလေ၊ စီးပွားရေးအတွက် မွေးတာမဟု

ဘူး၊ နတ်တင် ယဇ်ပူဇော်ဖို့မွေးကြတာ၊ လိုတဲ့အခါမှ တော

ဝင်မောင်းပြီး ပြန်ခေါ်လာကြတာပေါ့"

ကျွန်ုပ်က...

"မောင်ထက်အောင်ရေ...ဘယ်လိုလုပ်မလဲ၊ ခရီးဆ

ကြမလား၊ နားကြမလား"

"အင်း...ခဏနားရင်ကောင်းမယ်ထင်တယ် ဦး၊ ဘာ

လို့လဲဆိုတော့ ကျွန်တော် အခြေအနေနည်းနည်းစောင့်ကြည့်

သေးတယ်၊ ကျွန်တော်တို့ ခရီးကတော့ အတော်ပေါက်လာ

ပြီ"





ကျွန်ုပ်တို့သည် လမ်းဘေးမှ တောနက်အတွင်းသို့ အနည်းငယ်ဝင်၍ ခေတ္တနားလိုက်ကြ၏။ ထိုစဉ် အထက်မှဆင်းလာကြသော လူသံကြားသဖြင့် ကျွန်ုပ်တို့သည် အကာအကွယ်ယူကာ ကြည့်လိုက်စဉ် ကိုယ်စီ နောက်လွယ်ပလိုင်းလွယ်ထားကြသော တိုင်းရင်းသားတစ်ယောက်၊ တိုင်းရင်းသူနှစ်ယောက်ကို တွေ့လိုက်ရလေ၏။

ထိုအခါ မောင်ထက်အောင်က လမ်းအပြင်ထွက်၍ နှုတ်ဆက်ကာ အခြေအနေကို စနည်းနာလေ၏။ ရွှေစကားလည်း မောင်ထက်အောင်နောက်မှ ထွက်လိုက်သွားလေ၏။ မောင်ထက်အောင်က ကချင်လိုပင်ပြောလေသည်။ ကျွန်ုပ်က မလှမ်းမကမ်းမှပင်ကြည့်နေခဲ့လေ၏။

"ဟေး...မနန်ဝါ" (သူငယ်ချင်း)

သူခေါ်သံကြောင့် ခရီးသွားသုံးဦး ရပ်တန့်သွားကြ၏။

"ဖားပေါ့အော" (ဘာလဲ)

"နင်တို့ ဘယ်ကလာကြသလဲ"

"ငါတို့ လွယ်ဂျယ်ဘက်ကလာတာဟ၊ နင်ကော ဘယ်လဲ"

"ငါတို့လည်း အထက်တက်မလို့ကွ၊ အခြေအနေသိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ပလိုင်းလွယ်ထားသောယောက်ျားက နောက်ပြန်လှည့် ကြည့်၍...

"တို့လာတာတော့ ဘာမှမတွေ့ခဲ့ဘူး။ ဒါပေမယ့် သေနတ် သံကြားလို့ တို့လည်းကြောက်တာနဲ့ အမြန်ဆင်းလာကြတာ"

ရွှေစကားက သူတို့လွယ်လာသောပလိုင်းထဲမှပစ္စည်းမျာ ကို လိုက်စပ်စုနေလေသည်။

"ဘာပစ္စည်းတွေလဲဟင်"

"အစုံပဲ၊ ဓာတ်ဘူး၊ စားပွဲတင်နာရီ၊ မျက်နှာသုတ်ပြ စောင်နဲ့ အဝတ်အထည်တွေပါ၊ ဟိုဘက်ကဝယ်လာတာလေ"

"ဩော်...ဩော်"

သူတို့သုံးယောက်လည်း ကမန်းကတန်းနှုတ်ဆက်က အောက်ဘက်သို့ ဆင်းသွားကြလေတော့၏။ မောင်ထက်အော နှင့် ရွှေစကားတို့လည်း ကျွန်ုပ်တို့ထံသို့ ပြန်လှည့်လာစဉ်...

"ဟေ့...ရပ်စမ်း"

သေနတ်ကိုင်လူနှစ်ယောက် တောင်စွယ်မှ လမ်းအတိုင် ဆင်းလာကြလေ၏။ ရွှေစကားမှာ ကြောက်ကြောက်နှင့် မော ထက်အောင်နောက်သို့ ပြေးဝင်ကပ်လိုက်လေသည်။

"မင်းတို့ ဘယ်ကလဲ"





ရှေ့မှ သေနတ်ကိုင်လူက မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဗန်းမော်ကပါ၊ အထက်ကို ပစ္စည်းသွား သယ်မလို့"

"ဩော်...ဟုတ်လား၊ ဒါဆို ငွေတော့ပါမှာပေါ့နော်"

မောင်ထက်အောင်က ဘာမှမပြော။ ရှေ့မှ သေနတ်ကိုင် လူက မောင်ထက်အောင်နောက်တွင်ကွယ်နေသော ရွှေစကားကို ကြည့်ကာ...

"ဟာ...အချောလေးပါလားကွ၊ ဒီကိုလာပါဦး"

"ဟေ့လူ...မလုပ်ပါနဲ့ဗျာ၊ ဒါ ကျွန်တော့်ဇနီးဗျ"

မောင်ထက်အောင်က ရွှေစကားကိုကာကွယ်သည့်သဘော ဖြင့်ပြောလိုက်ခြင်းကို သေနတ်ကိုင်လူက သဘောကျသွားဟန် ရှိသည်။

"ဟား...ဟား...ဟား၊ မင့်ဇနီးဆိုတော့လည်း ဘာဖြစ်လဲ ကွ၊ လှလို့လှတယ်ပြောတာ"

ထိုလူက ရွှေစကားလက်ကို လှမ်းဆွဲလိုက်သည်။

"အစ်ကို...လုပ်ပါဦး"

ရုတ်တရက် မောင်ထက်အောင်က ရှေ့မှလူကို ပြေးကန် လိုက်ရာ ထင်မှတ်မထားသော သေနတ်ကိုင်လူသည် လူကြီး



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တခြားလွင့်ထွက်သွားလေ၏။ မောင်ထက်အောင်က
အံ့အားသင့်နေသော နောက်တစ်ယောက်ဆီပြေးဝင်ကာ လက်သီ
တစ်ချက်ပစ်သွင်းလိုက်လေသည်။

ထိုစဉ်...

''ဒိုင်း...ဒိုင်း''

''ဟော့ကောင်...မလှုပ်နဲ့၊ မင်းငြိမ်ငြိမ်နေလိုက်ပါ''

အထက်လမ်းဆီမှ သေနတ်သံကြောင့် ရုတ်ရုတ်သဲသဲဖြ
သွားသော သူတို့လှုပ်ရှားမှုများ ရပ်တန့်သွားသည်။ နောက်ထ
လက်နက်ကိုင်အဖွဲ့များရောက်လာခြင်းဖြစ်သည်။ ခုနက နှ
ယောက်နှင့် တစ်ဖွဲ့တည်းဖြစ်ပုံရလေ၏။

မောင်ထက်အောင်သည် အားမတန်မာန်လျော့၍ အသ
ထလာကာ ရွှေစကားအနီးတွင် ရပ်နေလိုက်လေသည်။

ကျွန်ုပ်မှာကား သူတို့နှင့်မလှမ်းမကမ်းတွင်ရှိနေသေ
လည်း သူတို့ကို ဘာအကူအညီမှမပေးနိုင်သည့်အပြင် သေနတ်
သံကြောင့် လန့်ဖျတ်သွားသောလားမှာ မနည်းထိန်းနေရသေ
ကြောင့် ကျွန်ုပ်တို့ကိုလည်း သေနတ်ကိုင်အဖွဲ့က မြင်တွေ့သွ
လေတော့သည်။

မောင်ထက်အောင်ကန်လိုက်၍ လဲသွားသောလူက ထ
နေရာမှလူးလဲထလာကာ သေနတ်ပြန်ကောက်ပြီးနောက်...





''မင်းက လူစွမ်းကောင်းပေါ့လေ...ဟုတ်လား...ကဲကွာ''

''ဖြောင်း''

''အ''

''ဘုန်း''

''အင့်''

''ခွပ်''

ကန်ကျောက် ထိုးကြိတ်နှိပ်စက်လေရာ မောင်ထက်အောင်
ဝပ်တွင်းမှ သွေးတို့ထွက်ကျလာလေ၏။

''မလုပ်ပါနဲ့ရှင်၊ မလုပ်ကြပါနဲ့၊ ကျွန်မတောင်းပန်ပါ
ယ်''

ရွှေစကားက လဲကျနေသောမောင်ထက်အောင်ကို ပြေးဖွေ့
လိုက်သည်။ ချက်ချင်းပင် မောင်ထက်အောင်မျက်နှာ၌ အညို
မည်းများစွဲသွားလေသည်။

''ဟော့ကောင်တွေ...ဒီကောင့်ကို ကြိုးတုပ်ခေါ်ခဲ့၊ သွား...
မှာ သူတို့လားပါဆွဲခဲ့၊ ဒီကောင့်ကို စခန်းရောက်မှ ဆံရာ့ဆီ
ပ်ပြီး ကောင်းကောင်းပညာပေးရမယ်''

သေနတ်ကိုင်လူဆိုးအဖွဲ့သည် မောင်ထက်အောင်တစ်
သာက်ကိုသာ ကြိုးနှင့်တုပ်ပြီး ကျွန်ုပ်နှင့် ရွှေစကားကိုကား
ုးမတုပ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဦးတည်ရာလမ်းမကြီးမှဖဲခွာကာ လူသွား လမ်းခွဲလေးမှတဆင့် အတက်အဆင်းခရီးကြမ်းကြီးကို စတင် ရလေ၏။ တချို့နေရာတွင် တောနက်နက်လျှိုမြောင်ကြီးများ တချို့နေရာတွင် ကျောက်တောင်ကျောက်စွယ်ကမ်းပါးယံကြီး များ၊ ချောင်းရိုးများကို ပင်ပန်းခက်ခဲစွာသွားကြရလေ၏။

ကျွန်ုပ်မှာကား ကျန်းမာရေး အတော်အတန်ကောင်းမွန် နေသည်ကတစ်ကြောင်း၊ ယခင် ယခုလို တောတောင်ထဲတွင် ဆယ်နှစ်ကျော်မျှ သွားလာကျင်လည်ခဲ့ဖူးသည်ကတစ်ကြောင်း တို့ကြောင့် သိပ်အခက်အခဲမရှိလှသော်လည်း နုနယ်သော မိန်း သားဖြစ်သူ ရွှေစကားကို လွန်စွာမှပင်သနားမိလှပေတော့၏။

သို့သော် ရွှေစကားမှာကား ကျွန်ုပ်ထင်သလိုမဟုတ်ချေ လာမည့်ဘေး ပြေးတွေ့မည့်မျက်နှာဟန်အမူအရာမျိုး သူ့ မျက်နှာ၌ တွေ့မြင်နေရပေ၏။ မောင်ထက်အောင်ကား အာ မတန်မာန်လျော့ရသော်လည်း သူတို့လက်ထဲမှ လွတ်မြောက်ရေး နှင့် လက်တုန့်ပြန်တိုက်ခိုက်ရေးကိုသာ တွေးတောနေမည်မှာ အမှန်ပင်ဖြစ်ပေ၏။

ကျွန်ုပ်တို့သည် မနားတမ်းပင် ခရီးကြမ်းကြီးကိုနှင်ခဲ့ကြ ရလေရာ မိုးမချုပ်မီပင် သူတို့စခန်းရှိရာသို့ ရောက်ခဲ့ကြလေ





တော့၏။ သူတို့စခန်းမှာ ယာယီစခန်းဟု ခန့်မှန်းရသော်လည်း သေချာစွာဆောက်လုပ်ထားသော ယာယီစခန်းတစ်ခုဖြစ်ပေ၏။

ချောင်းစပ်စပ်လေးတစ်ခုအထက်တွင် ယာယီတဲငါးလုံးခန့် တည်ဆောက်ထားကာ အကာအကွယ်အဖြစ် တဲရှေ့မှ သဘာဝ ကျောက်တုံးကြီးများရှိလေ၏။ စခန်းနောက်ဘက်တွင် ကျောက် နံရံကြီးတစ်ခုရှိနေလျက် ဘေးဘယ်ညာတွင် ဝါးရုံတောကြီးများ ရှိလေသည်။

ကျွန်ုပ်တို့သည် စခန်းရောက်ပြီးနောက် ကျွန်ုပ်တို့သုံး ယောက်အား စခန်းခေါင်းဆောင်ဖြစ်သူက လာရောက်ကြည့်ရှု လေ၏။ ရွှေစကားက ခေါင်းဆောင်ဖြစ်သူကို မီးဝင်းဝင်းတောက် မျက်လုံးများဖြင့် ပြန်ကြည့်ကာ အံကြိတ်နေလေသည်။

ခေါင်းဆောင်ဖြစ်သူသည် ကျွန်ုပ်တို့သုံးယောက်ကို ခြေ ဆုံးခေါင်းဆုံးကြည့်လိုက်လေ၏။ ပြီးနောက် အားရပါးရရယ်မော လိုက်သောအသံကြီးက တောတောင်အနှံ့ ပဲ့တင်ထပ်မြည်ဟီး သွားလေသတည်း။

"ဟား...ဟား...ဟား"

www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ် ပါးအရိုက်ခံရခြင်း

(၁၂)

ညအမှောင်သည် တဖြည်းဖြည်းကြီးစိုးလာလေပြီ။ ညို့မှိုင်းနေသောတောအုပ်ကြီးသည် တဖြည်းဖြည်းစိမ့်ဖေအးလာလေတော့၏။ အအေးဒဏ်နှင့် တောတွင်းမှ မှက်၊ ခြင်၊ ဖြုတ်ကိုက်ဒဏ်ကို ကျွန်ုပ်တို့ အလူးအလဲခံရလေ၏။ ကျွန်ုပ်တို့ထက်ပိုဆိုးသည်ကား မောင်ထက်အောင်ပင်ဖြစ်လေ၏။

ကျွန်ုပ်နှင့် ရွှေစကားကို သစ်လုံးတိုင်များဖြင့် အချုပ်ခန်းကဲ့သို့တည်ဆောက်ထားသော တဲလေးအတွင်းသို့ထည့်၍ပိတ်ကာ ချုပ်နှောင်ထားလေသည်။





မောင်ထက်အောင်မှာကား တိုင်နှစ်တိုင်စိုက်ထားသော းတွင် လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို မတ်တတ်ရပ်ကာ ချုပ် ာင်ထားလေသဖြင့် ထိုင်မရ၊ ထမရ၊ အိပ်မရဖြစ်အောင် င်နှိပ်စက်ထားခြင်းဖြစ်ပေ၏။

ကျွန်ုပ်တို့ဝမ်းတွင်း၌ အစာရေစာမရှိလေသဖြင့် တကြုတ် ကြုတ်ဆာလောင်လျက်ရှိရပေကား တံတွေးကိုသာ မကြာခဏ မျိုရလေ၏။

မနီးမဝေးတဲကြီးအနီး၌ ကျောက်တုံးကြီးများကိုကွယ်၍ မီးကြီးတစ်ဖို ဖိုထားလေရာ မီးအလင်းရောင်သည် ထိုအနီး ိုက်၌ လင်းနေပေ၏။ လက်နက်ကိုင်လူဆိုးအဖွဲ့သည် ထိုမီး ကြီးဘေး၌ ဝိုင်းဖွဲ့ထိုင်ကာ စားသောက်နေကြလေသည်။

"ဟေ့ကောင်...အောင်ပွား"

"ဗျာ...ဆရာမှိုင်း"

"မင်း ကင်းတွေသေချာချထားရဲ့လား"

"ဟုတ်ကဲ့...ချထားပါတယ် ဆရာမှိုင်း"

ဆရာမှိုင်းဆိုသူက အရက်တစ်ခွက်မော့သောက်လိုက်ပြီး ာက် မောင်ထက်အောင်ကို ချည်နှောင်ထားရာသို့ ရောက်ရှိ ာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...ယုံထောင်ကြောင်မိက္ကား ပြီးထော
တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ တယ်ဟုတ်ပါလား...ဟား...ဟား

ဇော်မှိုင်းက မောင်ထက်အောင်၏မေးစေ့ကိုကိုင်က
တဟားဟားရယ်မောနေလေ၏။

"ဟော့ကောင်...ဘုရန်ရှောင်၊ မင်း ငါ့ကိုသိလား"

"မသိဘူး"

"ဟား...ဟား...မှတ်ထားကွ၊ မင်းမသေခင်လေး အသည်
ထဲစွဲအောင်မှတ်ထား၊ ဇော်မှိုင်းလို့ခေါ်တယ်...ဇော်မှိုင်း"

"သြော်...ဇော်မှိုင်းတဲ့လား၊ သိရတာ ဝမ်းသာပါတယ
ဗျာ၊ ဒါပေမယ့် ငါ့ကိုချုပ်နှောင်ထားတာတော့ သိပ်မမိုက်ဘူးကွ"

"ဟား...ဟား...လူပါးဝတဲ့ကောင်...ကဲ"

ဇော်မှိုင်းက မောင်ထက်အောင်ကိုနှိပ်စက်နေသည်မှ
ကျွန်ုပ်တို့တဲနှင့်မနီးမဝေးမှ အတိုင်းသား မြင်ကြားနေရလေ
ရွှေစကားမှာ လှုပ်လှုပ်ရှားရှားဖြစ်နေလေသည်။

"ဒုက္ခပါပဲအဘရယ်၊ ကိုထက်ကို ဘယ်လိုလုပ်ကြမလဲ

"အင်း...အခုတော့ အဘတို့လည်း ဘာမှမတတ်နိုင်ဘူး
ကွယ်၊ အခြေအနေကိုကြည့်ပြီးမှ မီးစင်ကြည့်ကကြတာပေါ့"

"ဟော့ကောင်...ဘုရန်ရှောင်၊ ဇော်မှိုင်းဆိုတာ မင်းသိ
နော်"





"မသိဘူးကွ"

"အေး...သေသေချာချာမှတ်ထား၊ မင်းအဖေ ဆင်ဝါးနော်
ကောင်းကောင်းပေးထားတဲ့ ဇော်မှိုင်းကွ...မှတ်ပြီလား"

"ဖြောင်း"

"အား"

ဇော်မှိုင်းက ပြောပြီးရိုက်ပြန်၏။

"မင်းအဖေ ငါ့ပစ္စည်းတွေဖမ်းခဲ့တာ ငါတို့ ဘယ်လောက်
နာခဲ့တယ် မင်းသိလား၊ ငါ့မှာ အိပ်မပျော်စားမဝင်အောင်
င်းအဖေကို နာကျည်းမုန်းတီးနေမိတာ"

ဇော်မှိုင်းကပြောပြီး အနီးရှိ တပည့်တစ်ယောက်ထံမှ
ရက်ရေဗူးကိုလှမ်းယူကာ မော့သောက်လိုက်သည်။

"အဲဒါ အဖေ့ကိစ္စပဲ၊ ငါနဲ့ဘာဆိုင်သလဲကွ"

"သြော်...မဆိုင်ဘူး...ဟုတ်လား၊ မင်းတို့က သားအဖ
လကွာ"

"ဖြောင်း"

"အား"

"ဟဲ...ဟဲ...အရသာရှိတယ်မဟုတ်လားကွ...ဟင်၊ ငါတို့
ားရသလို မင်းအဖေ ဆင်ဝါးနော်လည်း ခံစားရမယ်ကွ...ဟို



www.burmeseclassic.com

www.burmeseclassic.com



တလောက ငါတို့အဖွဲ့တွေ မင်းအဖေကိုသွားသတ်တာ သူက မသေဘဲ ငါတို့လူတွေတောင် ပြန်တွယ်လွှတ်လိုက်လို့ ဒီမှာ သေတဲ့ကောင်သေ၊ ဒဏ်ရာရတဲ့ကောင်ကရနဲ့၊ ဟား...ဟား... ခုတော့ ဆင်ဝါးနော် မင်းအလှည့်ပေါ့ကွာ"

"ထွီ...အလကားကောင်၊ မင်းတို့က တိုင်းပြည်အေး... သစ္စာမရှိဘဲ လုပ်ချင်တာလုပ်နေပြီး သူများကိုအပြစ်ပြောချင် နေသေးတယ်၊ ကြိုးတုပ်ပြီးမှရိုက်ရဲတဲ့ မင်းသတ္တိကိုလည်း ချီးကျူး ပါတယ်ဇော်မှိုင်း"

"ဘာကွ...ကိုင်းကွာ"

"ခွပ်"

"အ"

"ဟေ့ကောင်တွေ...ကြာပွတ်ယူခဲ့စမ်း၊ ဒီကောင့်လုပ်ရတာ လက်နာတယ်၊ ငါ့အကြောင်းပြရသေးတာပေါ့"

တပည့်တစ်ယောက်ယူလာပေးသော ကြာပွတ်ဖြင့် အား ကုန်လွှဲကာရိုက်လေသဖြင့် ကျွန်ုပ်တို့မှာ မကြည့်ရက်သောကြောင့် မျက်နှာလွှဲထားလိုက်ရပေတော့၏။

"ရှမ်း"

"ကိုင်းကွာ"





"ရှမ်း"

"အား"

"ခေါင်းမာချင်တဲ့ကောင်"

"ရှမ်း"

"အား"

"ဇော်မှိုင်း...တော်တော့"

ရုတ်တရက် ရွှေစကားအော်လိုက်သံကြောင့် ဇော်မှိုင်း ရိုက်ရပ်သွားလေသည်။

"ဘာလဲ...ရွှေစကား၊ ဒါနင့်လူလား၊ အဲဒါဆို ပိုကောင်း တာပေါ့ကွာ...ဟား...ဟား"

ဇော်မှိုင်းက ရွှေစကားအမည်ကိုသိနေသဖြင့် ကျွန်ုပ်မှာ လွန်ပင်အံ့ဩသွားမိလေသည်။

"ကဲ...ကဲ...ဟေ့ကောင်တွေ၊ အဲဒီအထဲကနှစ်ယောက်ကို ပြင်ခဏထုတ်လိုက်ပါဦး၊ သူတို့ကိုလည်း စစ်မေးကြည့်ရ အောင်"

ဇော်မှိုင်းတပည့်တစ်ယောက်က ကျွန်ုပ်တို့အခန်းတံခါးကို ဖွင့်ပေးလေသဖြင့် ကျွန်ုပ်တို့နှစ်ယောက် အပြင်ထွက်ခဲ့ကြ ရာ မောင်ထက်အောင်အနီးသို့ ရောက်ရှိခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ထက်အောင်ကား နှိပ်စက်မှုဒဏ်၏နာကျင်မှုကြော အသားများတဆတ်ဆတ်တုန်နေရှာလေသည်။ မျက်နှာတွ သွေး ချင်းချင်းနီရဲနေလေ၏။

"ဖြစ်ရလေ ကိုထက်ရယ်"

ရွှေစကားက မျက်ရည်စက်လက်ဖြင့် မောင်ထက်အော ကို သွားရောက်ပွေ့ဖက်လိုက်လေသည်။

"ဟား...ဟား...ရွှေစကား၊ မင်းတယ်ဟုတ်ပါလား။ မင်း ကလည်း ငါမထောင်ဘဲထားတဲ့ပိုက်ထဲ အတင်းတိုးဝင်လာ ငါးပဲကွ...ဟား...ဟား"

"ထွီ...ဒီမှာ ကိုဇော်မှိုင်း၊ ရှင် လူစိတ်မရှိသေးရဲ့လား"

"ဘာကွ...လူစိတ်ရှိသေးရဲ့လား...ဟုတ်လား၊ အဲဒီစကာ မင်းအဖေ ဦးပန်းအေးကိုသွားမေးကွ၊ ငါဘာလို့ ဒီဘဝရောက် နေလဲဆိုတာ မင်းရဲ့အဖေအသိဆုံးပဲရွှေစကား"

"ဘယ်သူမပြု မိမိမှုပဲ ကိုဇော်မှိုင်း၊ ရှင် သူများကို အပြစ်ပုံချမနေနဲ့၊ အခု ကျွန်မ ဒီခရီးလာတာကလည်း ရှင့်ကို တွေ့ချင်လို့လာတာ"

"အလဲ့...တယ်ဟုတ်ပါလား၊ ငါ့ကိုတွေ့ချင်ရအောင် မင်း က ဘာကိစ္စလဲ"





"ကျွန်မအစ်မ ငွေစကားမှာ ရှင်နဲ့ရတဲ့ကလေးတစ်ယောက် ရှိတယ်၊ အဲဒါ ရှင်သိလား"

"ဘာ...ဘာပြောတယ်"

ဇော်မှိုင်း ရုတ်တရက်အံ့ဩသွားသည်။

"သူ သိပ်ဒုက္ခရောက်နေတယ်၊ ရှင့်ကိုလည်း နေ့စဉ် စောင့်နေတယ်"

"ဘာပြောလိုက်တယ်၊ နေ့စဉ်စောင့်နေတယ်...ဟုတ်လား၊ ဟား...ဟား...ဟား...ရယ်ရတယ်ကွာ၊ မင်း ဘာမှ ငါ့ကို အပို တွေလာပြောမနေနဲ့၊ မင်းသိထားရမှာက မင်းအဖေ ဦးပန်းအေး ကလည်း ငါ့ရဲ့နံပါတ်တစ် လက်စားချေမယ့်ရန်သူကြီးပဲဆိုတာ မင်းစိတ်ထဲမှတ်ထားလိုက် ရွှေစကား"

"အဓိပ္ပါယ်မရှိတဲ့လူ"

"ကဲ...ကဲ...ဟော့ကောင်တွေ၊ ရွှေစကားကတော့ ငါတို့ အတွက် ရတနာထုပ်ကြီးဖြစ်တာကြောင့် ဂရုစိုက်ထားပါ၊ ကဲ... ဒီအဘိုးကြီးအလှည့်"

ဇော်မှိုင်းက ကျွန်ုပ်ဘက်သို့လှည့်လိုက်၏။ ကျွန်ုပ်မှာ ခရီး ပန်းကာ မမြင်ချင်သော အနိဋ္ဌာရုံအတွေ့ဆိုးများကြောင့် ဇက် ကြောတက်ချင်သလိုရှိနေသဖြင့် အိတ်ထဲမှ ရှူဆေးဗူးလေးကို ထုတ်ယူရှူနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇော်မိုင်း...ဦးတို့က လူကောင်းတွေပါကွာ၊ ပြဿ
နာကို အေးအေးဆေးဆေးဖြေရှင်းဖို့ ဦးမေတ္တာရပ်ပါတယ်"

"ဟာ...ဒီအဘိုးကြီး အရေးထဲ တရားလာဟောနေသေ
တယ်...ကဲကွာ"

"ဖြောင်း"

ဇော်မိုင်း၏တပည့်တစ်ယောက်လက်ချက်ကြောင့် ကျွ
၏မျက်လုံးထဲ၌ မီးဝင်းဝင်းတောက်သွားကာ ကျွန်ုပ်ရှူနေသေ
ရှူဆေးပူးလေးသည် အဝေးသို့လွင့်ထွက်သွားပြီး မျက်မှန်
ပြုတ်ကျသွားရလေ၏။

"ဟင်...ရှင်...ရှင်တို့ မိုက်ရိုင်းလှချည်လား၊ လူမှဟုတ်ပြ
သေးရဲ့လား...ဟင်၊ အဘက ရှင်တို့ကိုဘာလုပ်လို့လဲ၊ ဘာလု
နိုင်မှာမို့လဲ၊ အသက်အရွယ်မှအားမနာ"

ရွှေစကားက ကျွန်ုပ်မျက်မှန်လေးကိုပြန်ကောက်ကာ ပေ
လေ၏။ ကံကောင်းလှသည်မှာ မျက်မှန်မကွဲခြင်းပင်ဖြစ်သည်
သို့မဟုတ်ပါက ကျွန်ုပ် ဒုက္ခကောင်းကောင်းရောက်နိုင်ပေသည်

"ဟေ့ကောင်...စိုးနိုင်၊ မင်းက ဘာဖြစ်လို့ ဒီလိုလုပ်လိုက်
ရတာလဲ၊ သွား...သူတို့နှစ်ယောက်ကို တဲထဲပြန်ထည့်ထား
လိုက်"

ထို့နောက် ကျွန်ုပ်နှင့် ရွှေစကားအား အခန်းတွင်ပြန်
လည်ထည့်ကာ တံခါးပိတ်ချုပ်နှောင်ထားကြလေ၏။

"အဘ...ဘာဖြစ်သွားသေးလဲဟင်၊ သမီးစိတ်မကောင်း
လိုက်တာ"

"ရပါတယ်ကွယ်၊ အဘ ဘာမှမဖြစ်ပါဘူး။ အဘတို့မှာ
ပေးဆပ်ရမယ့်ဝဋ်ကြွေးတွေရှိရင် အကုန်ပေးဆပ်ရလိမ့်မယ်ကွယ့်၊
ါကလည်း ဘယ်သူမပြု မိမိမှုဆိုသလို အတိတ်က သူတပါး
ကိုနှိပ်စက်ခဲ့မိလို့ ကိုယ့်ကို အခုလို ပြန်လှည့်နှိပ်စက်ခံရတယ်လို့
ဲ မှတ်ယူပါတယ်ကွယ်"

လောကတစ်ခွင်လုံး အမှောင်ကြီးစိုးနေပြီဖြစ်သဖြင့် ဇော်
ိုင်း၏တဲမီးဖိုမှ မီးအလင်းရောင်သဲ့သဲ့သာလျှင် ကျွန်ုပ်တို့ရရှိ
ကြလေ၏။ ကျွန်ုပ်သည် တဲထောင့်တစ်နေရာတွင် နေရာယူ
ိုင်လိုက်လေ၏။ ထိုအတူ ရွှေစကားလည်း တဲထောင့်တစ်နေရာ
ွင် မှီထိုင်နေလေ၏။ ရွှေစကားထံမှ ရှိုက်သံသဲ့သဲ့ထွက်ပေါ်
ာလေသည်။

မကြာမီ ဇော်မိုင်းတပည့်တစ်ယောက် မီးတုတ်ကိုင်ကာ
းသောက်စရာလာပို့လေ၏။

"ရော့...ကောင်မလေး၊ ဒီမှာ စားစရာ"





BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ရွှေစကားက မစားဟုဆုံးဖြတ်ဟန်ဖြင့် ထ
မယူ။ နောက်တော့ ဘာစိတ်ကူးပေါက်သွားသည်မသိ။ ထယ
လေ၏။

''အဘ...အားပြတ်သွားမယ်၊ နည်းနည်းစားလိုက်နော်''

''ဟင့်အင်း...အဘမစားတော့ဘူး၊ သမီးပဲလိုအပ်တ
ွယ်၊ သမီးစားပါ''

''ဘာဖြစ်လို့လဲအဘ''

''အဘ စောစောကပဲ ရှစ်ပါးသီလဆောက်တည်ထား
ကွယ့်၊ အဲဒါကြောင့် စားလို့မဖြစ်တော့ဘူး၊ သမီးက စားမှ
မယ်၊ ဘာကြောင့်လဲဆိုတော့ သမီးအားပြတ်ချည့်နဲ့သွားရင် အ
တို့ကိုကယ်တင်နိုင်ဖို့အခွင့်အရေး လွတ်သွားလိမ့်မယ်''

ထိုအခါမှ ရွှေစကားလည်း သဘောပေါက်သွားကာ

''ဟုတ်တာပေါ့ အဘရယ်၊ သမီးတို့လွတ်မြောက်
အသက်ရှင်မှုရမယ်''

ထိုအခါမှ ရွှေစကားသည် လာပို့သောစားသောက်စရာ
ကိုယူငင်ကာ မြိန်ရေယှက်ရေစားသောက်လေတော့၏။ မေ
ထက်အောင်ကား တိုင်တွင်ချည်နှောင်ခံထားရဆဲပင်ဖြစ်လေ



BURMESE CLASSIC .com

ကျွန်ုပ်ကိုယ်ကျွန်ုပ်သုံးသပ်ခြင်း

(၁၃)

ကျွန်ုပ်သည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်စွန်း
ာမှ တစ်ပါးသူ၏ပါးရိုက်ခြင်းကို ခံခဲ့ရလေသည်။

ကျွန်ုပ်ဘဝသည် ငယ်စဉ်အခါက လွန်စွာကြမ်းတမ်းလှ
ရကား အခက်အခဲဆိုသည်မှာ ကျွန်ုပ်၏ဘဝတစ်သက်တာ
ာ်ဆွေဖြစ်ပေတော့၏။

ကျွန်ုပ်ငယ်စဉ်ဘဝက ဆင်းရဲချို့တဲ့နိမ့်ကျသည့် မိဘနှစ်ပါး
မွေးဖွားလာခဲ့ပြီးနောက် အရွယ်မရောက်မီကပင် မိဘနှစ်ပါး
ကင်းကွာခဲ့ရပေ၏။ မရဏာဖွားသဘောကား သေလျှင်မြေ
ရှင်လျှင်ရွှေထီးပေတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းထောက်မ၍ ဦးကြီးဘုန်းတော်ကြီးက ကျေးဇူး
စောင့်ရှောက် ပညာသင်ပေးခဲ့သဖြင့် ကျွန်ုပ်ဘဝလေး ရှင်သ
လာခဲ့ရခြင်းဖြစ်သည်။

ကျွန်ုပ်အရွယ်ရောက်၍ အစိုးရဝန်ထမ်းဘဝဖြင့် လုပ်ရ
ရပ်တည်ရသောအခါကလည်း အထက်လူကြီးတို့၏ငြိုငြင်မှ
အထင်လွဲမှုတွေ များစွာရင်ဆိုင်ခဲ့ရပေသည်။ သို့အတွက် ရာထူ
တိုးရန်ဘဝကား မှေးမှေးမှိန်မှိန်သာရှိခဲ့ချေ၏။

အချစ်ရေးနှင့်ပတ်သက်၍ကား ပို၍ပင်ဆိုးပေတော့သည်
ကျွန်ုပ်အပေါ် ချစ်ဟန်ဆောင်ကာ သစ္စာမဲ့တတ်သော၊ ရက်စ
တတ်သောအချစ်မျိုးနှင့်သာ ကြုံတွေ့ခဲ့ရပေသဖြင့် အချစ်ရေ
နှင့်ပတ်သက်၍ ကျွန်ုပ်မှာ ယခုတိုင် စိတ်ကူးထဲ မည်သည့်အ
မျှမထည့်ခဲ့တော့။

BURMESE CLASSIC .com

ကျွန်ုပ်သည် ကျန်းမာရေးအခြေအနေအရ အစိုးရဝန်ထ
ဘဝမှ ဆေးပင်စင်ဖြင့်အနားယူကာ မိမိဝါသနာပါလှသော အ
ပညာလုပ်ငန်းများကိုလုပ်ကိုင်ရင်း ရိုးသားစွာ ကြိုးစားခဲ့ပေ
ငွေကြေးရှင်အချို့၏ဖိနှိပ်ခြင်း၊ စော်ကားခြင်းတို့မှ ကြိုးစားသည်
ခဲ့ရာ ယခုအခါ စာပေရေးသားခြင်းဖြင့်သာ ဘဝကိုထူထော
ခဲ့ပေတော့၏။





ကျွန်ုပ်ကား ဘဝကိုနာကျည်းခဲ့သူဖြစ်သည့်အလျောက်
ပေများရေးသားရာတွင် ဘာသာတရားကိုင်းရှိုင်းရေး၊ ကိုယ်
င့်တရားကောင်းမွန်ရေး၊ ကိုယ်ချင်းစာနာတတ်ရေးတို့သာ
ားပေး၍ အဆိပ်အတောက်ဖြစ်စေခြင်းမှ အတတ်နိုင်ဆုံး ဂရု
း၍ ရှောင်ရှားရေးသားခဲ့ပေ၏။

ထို့အပြင် ကျွန်ုပ်သည် အသက်အရွယ်အရ ဘာသာတရား
ိုက်စားခြင်း၊ သီလစောင့်ထိန်းခြင်း၊ အဓိဋ္ဌာန်တရားဝင်ခြင်း
သည်တို့ကို အခါအားလျော်စွာ ကျင့်ကြံအားထုတ် စောင့်ထိန်း
မှုပြုခဲ့လေ၏။

ကျွန်ုပ်သည် သွားလေလာလေရာအရပ်တိုင်း၌ ဝေနေယျ
ွာဝါတို့ကို မေတ္တာပို့ အမျှပေးဝေကာ တောစောင့်နတ် တောင်
ာင့်နတ်အပေါင်းကိုတိုင်တည် မေတ္တာပို့လွှတ်ပြီးမှသာ ကိစ္စ
ွတို့ကို ဆောင်ရွက်ခဲ့ပေ၏။

ယခုအခါ ကျွန်ုပ်တို့သည် အသက်အန္တရာယ်နှင့်ရင်း၍
ဆိုင်ရသောဒုက္ခဆိုးကြီးနှင့် ရင်ဆိုင်လျက်ရှိနေရပါသည်။

ကျွန်ုပ်တို့အား ဖမ်းဆီး၍ နှိပ်စက်အပ်သော ထိုပုဂ္ဂိုလ်တို့
း ကျွန်ုပ်မေတ္တာတရားဖြင့် ခွင့်လွှတ်ပါ၏။ အတိတ်ဝဋ်ကြွေး
ာပ်ရခြင်းဟုသာ ခံယူပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စကနိပါတ်၊ တစသာရဇာတ်၌ အရေးကြုံက လွှ[illegible] မြောက်စေရန် အကြောင်းငါးပါးဖြင့် အားထုတ်ရမည်ဟု ဘုရ[illegible] ရှင်က ဟောတော်မူခဲ့လေ၏။

လူ၏အလျောက်၊ မျက်မှောက်ဘေးရန်

ဖြစ်ခဲ့ပြန်သော်၊ မန္တာန်စုပ်ဘိ၊

ပညာရှိနှင့်၊ နှိုင်းညှိတိုင်ပင်၊

ချစ်ခင်စရာ၊ သာယာစကား၊

ပဏ္ဏာဖျား၍၊ ပေးငြားတံစိုး၊

ဆွေမျိုးဆက်နွယ်၊ ဤငါးသွယ်ဖြင့်၊

ကိုယ်ဝယ်ရောက်လာ၊ မှုရေးရာ၌၊

ချမ်းသာရမြဲ၊ မလွဲမှန်လှ၊

သို့မရမူ၊ ကမ္မသကာ ငါ့ကံသာဟု၊

ကြမ္မာကိစ္စ၊ ကံကိုချလော့ –ဟု မာန်လည်ဆရာတော်[illegible] ရေးစပ်ခဲ့လေ၏။

ဘေးရန်နှင့် လက်ငင်းပက်ပင်း ကြုံတွေ့နေရသောအခါ–

(၁) မိမိယုံကြည်ထားသော ပရိတ်၊ ဂါထာ၊ မန္တာန်ကို ရွတ်ဆိုရပါမည်။

(၂) ထိုမျှနှင့်မရလျှင် ပညာရှိနှင့်တိုင်ပင်ရပါမည်၊





(၃) ထိုမျှနှင့်မရလျှင် ပိယဝါစာ ချိုသာစွာပြောဆိုရပါ မည်၊

(၄) ထိုမျှနှင့်မရလျှင် တံစိုးလက်ဆောင် ပေးကမ်းရပါ မည်၊

(၅) ထိုမျှနှင့်မရလျှင် ဆွေမျိုးဆက်စပ်၍ လွတ်အောင်ပြု လုပ်ရမည်ဟုဆိုလိုခြင်းဖြစ်ပေသည်။

ထိုအကြောင်းငါးပါးနှင့် ကြိုးစားအားထုတ်မှုမရမှသာ ကမ္မ သကာ ကိုယ့်ထိုက်နှင့်ကိုယ့်ကံ ခံကြရမည်ဟု ဗုဒ္ဓက ဟောကြား ထားခြင်းဖြစ်ပေ၏။

ဤရန်အောင်ကြောင်း ဥပါယ်ငါးမျိုးတို့တွင် ဂါထာမန္တာန် သည် နံပါတ်(၁)နေရာယူထား၏။ ဘေးရန်တို့နှင့်တွေ့ဆုံနေ၍ အရေးကြီးဆုံးအချိန်တွင် ထိုအကြောင်းအရာများကို ကျွန်ုပ် စဉ်း စားသုံးသပ်နေမိပေတော့သည်။

ထို့ကြောင့်ပင် ကျွန်ုပ်သည် ခါတိုင်းပြုလုပ်နေကျအတိုင်း ဘုရားအာရုံပြုရှိခိုးခြင်း၊ မေတ္တာဘာဝနာစီးဖြန်းခြင်း၊ ပရိတ်ရွတ် ခြင်း၊ အမျှပေးဝေခြင်း၊ သီလဆောက်တည်ခြင်းများ ပြုလုပ် နေလေတော့၏။

ကျွန်ုပ်သည် ဘဝတစ်သက်တာပြုလုပ်ခဲ့သောဒါန[illegible]စောင့်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းခဲ့သောသီလ၊ ပွားများအပ်သောဘာဝနာတရားတို့အာ
အာရုံပြု၍ တရားရှုမှတ်ကာ ညဥ့်အချိန်ကို ကုန်လွန်ဖြတ်သန်
ခဲ့ရပါတော့၏။ ထိုအခိုက် ကျွန်ုပ်၏အာရုံထဲ၌ ရွှေတိဂုံဘုရာ
တွင်တွေ့ခဲ့ရသောအဘိုးအား လင်းခနဲ ရုတ်တရက်တွေ့လိုက်
ကာ ချက်ချင်းပင် ပျောက်ကွယ်သွားလေတော့၏။



## ကျွန်ုပ်တို့၏ကယ်တင်ရှင်

(၁၄)

တောကြီးတစ်ခွင်လုံးကား လွန်စွာတိတ်ဆိတ်ငြိမ်သက်နေ
၏။ လမိုက်ရက်ဖြစ်သဖြင့် ကောင်းကင်တစ်ခွင်လုံး ကြယ်
င်တို့ လွှမ်းမိုးနေသော်လည်း လျှိုအတွင်းမှတက်လာသော
တို့က အမြင်အာရုံတွေကို ဖွေးဖွေးလှုပ်ဖုံးအုပ်လျက်ရှိနေ
၏။

ကျွန်ုပ်သည် အချိန်ကြာမြင့်စွာ တရားရှုမှတ်လျက်ရှိနေ
မှ ကိုယ်စိတ်ပင်ပန်းမှုဒဏ်ကြောင့် မေးခနဲ အိပ်ပျော်သွား
တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ထ...ထ"

တစ်စုံတစ်ယောက် ပွခုံးကိုင်လှုပ်နှိုးမှ ရုတ်တရက် လ... နိုးလေတော့သည်။ ကျွန်ုပ်သည် မျက်လုံးကိုပွတ်သပ်ကာ...

"ဘာလဲ...ဘယ်သူလဲ"

"ထပါ...ခင်ဗျားတို့ကို လာကယ်တာ"

ကျွန်ုပ်လည်း ကမန်းကတန်းထကြည့်လေရာ လူ... ယောက်ခန့်သည် ကျွန်ုပ်တို့တံခါးအနီး ရပ်လျက်နေကြလေ... ထို့အတူ တံခါးပေါက်မှာလည်း ပွင့်နေလေ၏။

ကျွန်ုပ်နည်းတူ ရွှေစကားမှာလည်း နိုးနေပြီဖြစ်ရာ ကျွန်... တို့နှစ်ဦးသည် တောစီးဖိနပ်ကို ကမန်းကတန်းစီးကြရလေ...

ကျွန်ုပ်တို့ကို မည်သူတွေလာကယ်သည် မစဉ်းစားအာ... ယနလောလောဆယ် အရေးကြီးဆုံးက ကျွန်ုပ်တို့လွတ်မြော... ရေးပင်ဖြစ်ပေ၏။

ရွှေစကားသည် ဖိနပ်စီးပြီးလျှင် ကြိုးတုပ်ထားသေ... မောင်ထက်အောင်ထံပြေးသွားကာ သူ့အိတ်ထဲမှ မောင်းချ... လေးဖြင့် ကြိုးများကို ဖြတ်တောက်ပေးလေ၏။

အနှောင်အဖွဲ့ကြိုးများမှ မောင်ထက်အောင်လွတ်မြော... သွားသော်လည်း ဖော်မိုင်းတို့၏နှိပ်စက်မှုဒဏ်ကြောင့် ပုံလျက်...





...ကျသွားလေတော့၏။ ထိုအခါ လာကယ်ကြသည့်လူအထဲမှ ...စ်ယောက်က လာရောက်တွဲခေါ်လေ၏။

ကျွန်ုပ်မှာ ကျွန်ုပ်တို့ပစ္စည်းများချည်နှောင်ထားရာ လား...ကိုရှာဖွေကြည့်ရာ မလှမ်းမကမ်းတွင်တွေ့ရ၍ ပစ္စည်းများ ဖြုတ်ယူလိုက်လေ၏။ ထိုပစ္စည်းများမှာလည်း ကျွန်ုပ်တို့ ...ကယ်သူများမှ ကူညီယူငင်ပေးလေသည်။

ထူးဆန်းသည်မှာ ကျွန်ုပ်တို့ ပစ္စည်းများယူငင်နေသော် ...ည်း ဖော်မိုင်း၏တပည့်များကို တစ်ယောက်တလေမှ မတွေ့မြင် ...င်းပင်ဖြစ်၏။

ကျွန်ုပ်တို့သည် စခန်းအဝင် လာရာလမ်းမှမဟုတ်ဘဲ စခန်း ...က်ဘက်ဘေး ဝါးရုံပင်များအကြားမှထွက်ခဲ့ကြလေရာ ကျွန်ုပ် ...ည် တစ်စုံတရာနှင့် ခလုတ်တိုက်မိသောကြောင့် ကောက်ယူ ...ည့်လိုက်ရာ မောင်ထက်အောင်၏လွယ်အိတ်ဖြစ်နေသည်ကို ...့ရသဖြင့် ကောက်ယူလွယ်လိုက်လေ၏။

မောင်ထက်အောင်ကား နှိပ်စက်မှုဒဏ်ဖြင့် သတိရတစ် ...တ် မရတစ်ချက်ဖြစ်နေဟန်တူသော်လည်း သူ့ကို ကူညီဖေးမ ...နှစ်ယောက်မှာ လွယ်ကူပေါ့ပါးစွာပင် သယ်ယူခေါ်ဆောင်လာ ...ကဲ့သို့ ထင်မှတ်ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆုံးမှသွားနေသူ၏နောက်သို့ ရွှေစကားက ကပ်လို့... လေ၏။ ရွှေစကားနောက်၌ လာကယ်သူတစ်ယောက်၊ ပြီးလ... မောင်ထက်အောင်ကိုတွဲခေါ်သူနှစ်ယောက်၊ ပြီးလျှင် ကျွန်... ကျွန်ုပ်နောက်၌ လာကယ်သူတစ်ဦးက နောက်ပိတ်အနေ... လိုက်ပါလာလေ၏။

ကျွန်ုပ်တို့မှာ သူတို့ ဘယ်ခေါ်သွားမှန်းမသိသော်လည်... လူဆိုးတို့လက်အတွင်းမှ လွတ်မြောက်ရေးကိုသာ အာရုံရှိနေ... သဖြင့် လာကယ်ကြသူများသည် မည်သူပဲဖြစ်ဖြစ် လူဆိုးလူယု... တော့ မဖြစ်တန်ရာဟု သဘောပိုက်မိလေတော့၏။

ကျွန်ုပ်တို့သည် မြူခိုးမြူလိပ်တို့အကြားမှ ဝင်တိုး၍လည်... ကောင်း၊ ကမ်းပါးယံကြီးများဘေးမှလည်းကောင်း ဖြတ်သန်းက... ခရီးနှင်ခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် တောင်ကုန်းပြေပြေလေးများဆီသို့ တဖြ... ဖြည်းတက်ရောက်လာခဲ့ကြပေ၏။ ရှေ့မှ ခပ်လှမ်းလှမ်းတစ်နေ... တွင် အလင်းရောင်များထွက်နေသောနေရာတစ်ခုကို ကျွန်ုပ်... လှမ်းမြင်တွေ့လိုက်ရပေ၏။

အနီးအနားရောက်လာမှ ထိုအလင်းရောင်များက... ကျောက်ဂူကြီးတစ်ခုအတွင်းမှ ထွက်နေသောအလင်းများဖြ... ကြောင်း ကျွန်ုပ်တို့သိလိုက်ရပေတော့သည်။





ထိုဂူဝရှေ့တွင် ကျွန်ုပ်တို့အား မတ်တတ်ရပ်လျက် စောင့် ...သူတစ်ဦးရှိပေ၏။ အနီးအနားရောက်သောအခါ ထိုပုဂ္ဂိုလ်ကို ...နုပ်သည် မြင်တွေ့လိုက်ရသည့်အခါ၌ လွန်စွာအံ့ဩခြင်းနှင့် ...တူ လွန်စွာမှလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားမိရပေ၏။ ...သူကား...

"ဟင်...အဘိုး"

ကျွန်ုပ်က ဝမ်းသာစွာနှုတ်ဆက်လိုက်လေ၏။

"အိမ်း...မောင်ရင်တို့ကို အဘိုးစောင့်နေတာကွယ်"

ကျွန်ုပ်တို့ကိုခေါ်ဆောင်လာသူတို့သည် ကျောက်ဂူကြီးရှေ့ ...မဝေးသစ်ပင်ကြီးတစ်နေရာတွင် ကျွန်ုပ်တို့အား နေရာချပေး ...၏။

ကျွန်ုပ်တို့လည်း ကျောပိုးအိတ်အတွင်းမှ မြေခင်းပလတ် ...စ်များကိုထုတ်ယူခင်းကာ မောင်ထက်အောင်ကို နေရာချ ...းလိုက်လေ၏။

ကျွန်ုပ်တို့ကို လာရောက်ကယ်တင်ခေါ်ဆောင်သောလူများ ... အဘိုးအားထိုင်ကန်တော့၍ ဘာစကားတစ်ခွန်းမှမပြောဆို ...ဘဲ ဂူကြီးအတွင်းသို့ ဝင်ရောက်သွားကြလေတော့၏။

"အင်း...အရုဏ်မတက်သေးဘူးကွယ်၊ မောင်ရင်တို့



www.burmeseclassic.com

www.burmeseclassic.com



တရေးအိပ်ပြီး နားလို့ရသေးတယ်၊ ဘာမှပူစရာမလိုတော့ ကွယ့်၊ ကဲ...ကဲ...နားလိုက်ကြပါဦး၊ မနက်မှတွေ့ကြတာ

သူတော်စင်အဘိုးက ဤမျှပြောဆိုကာ ဂူအတွင်းသို့ သွားလေတော့သဖြင့် ကျွန်ုပ်တို့မှာ အိပ်စက်အနားယူရန်အတွ မောင်ထက်အောင်၏ဘေး တစ်ဖက်တစ်ချက်တွင် နေရာယူ ရလေတော့၏။

မောင်ထက်အောင်ကား လူဆိုးလူမိုက်တို့၏ ညှင်းပန်း စက်မှုဒဏ်ကြောင့် သတိကောင်းစွာမရဘဲ မိန်းမော၍သာ လေ၏။

"အဘ"

"ဟေ...ဘာလဲ ရွှေစကား"

"အဲဒီအဘိုးနဲ့ အဘသိလားဟင်"

"အင်း...တွေ့ဖူးကြတယ်ကွယ့်၊ သိတယ်လို့ပြော ပေါ့"

"ခုနက သမီးတို့ကိုလာကယ်တဲ့သူတွေရော အဘသိ ဟင်"

"သူတို့တော့ အဘမသိပါဘူးကွယ်၊ ကဲ...သမီးလ ပင်ပန်းလှပြီ၊ ကောင်းကောင်းအိပ်ပြီး အနားယူတော့နော်"





"ဟုတ်ကဲ့အဘ"

ရွှေစကားက ဘုရားကိုရည်မှန်းရှိခိုး၏။ ပြီးနောက် ဂူ ဘက်လှည့်ကာ အဘိုးကိုရည်မှန်းကန်တော့၏။ ပြီးနောက် ကျွန်ုပ် ကိုလှည့်ကန်တော့ကာ အိပ်ရာဝင်လေ၏။

ကျွန်ုပ်လည်း ခေတ္တမျှထိုင်ကာ ဘုရားရှိခိုးခြင်း၊ မေတ္တာ ပို့ အမျှဝေခြင်း၊ အဘိုးအား ရည်မှန်းကန်တော့ခြင်းပြုပြီးနောက် အိပ်ရာထက်ခေါင်းချမိလိုက်သည်နှင့် မကြာမီပင် နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

ကျွန်ုပ်တို့ မည်မျှအိပ်မောကျသွားသည်မသိ၊ နံနက်အတော်ကြီးလင်းမှ အိပ်ရာနိုးလေတော့၏။ ကျွန်ုပ်နည်းတူ ရွှေစကားနှင့် မောင်ထက်အောင်တို့မှာလည်း အိပ်ရာမှ အတူနိုးထလာကြလေတော့၏။

"အား...ကျွတ်ကျွတ်"

"ကိုထက်...ကိုထက် ထနိုင်ရဲ့လားဟင်"

"အင်း...ထတော့ထနိုင်ပါတယ်၊ ဒါပေမယ့် တစ်ကိုယ်လုံးအရမ်းနာနေတယ်"





"အို...နာမှာပေါ့၊ အရမ်းနှိပ်စက်ထားကြတာကိုး"

မောင်ထက်အောင်လည်း ဟိုဟိုသည်သည်ကြည့်ကာ...

"ဦး...ကျွန်တော်တို့ ဘယ်ရောက်နေတာလဲဟင်"

ကျွန်ုပ်လည်း အိပ်ရာများသိမ်းဆည်းနေရင်းက...

"အေး...ဦးလည်း ဘယ်ရောက်နေလဲဆိုတာပဲ စဉ်းစားနေတာကွယ့်၊ ခက်တာက ဦးတို့မှာ သံလိုက်အိမ်မြှောင်မပါ၊ မြေပုံမပါတော့ ပြောရခက်သားကွယ့်"

"ကဲပါ...ကိုထက်ရယ်၊ လာ...ဟိုမှာ ချောင်းလေးရှိတယ်၊ ခြေလက်မျက်နှာ သွားသန့်ရှင်းရအောင်၊ ကြည့်စမ်းပါဦး၊ မျက်နှာတစ်ခုလုံး ညိုမည်းနေတာပဲ၊ သိပ်ရက်စက်ကြတာ၊ လူကိုဆန်ဘူး"

ရွှေစကား၏ပြောစကားကြောင့် မောင်ထက်အောင်က ကျေချမ်းစွာ အံကြိတ်လိုက်သည်ကိုတွေ့ရလေ၏။

ကျွန်ုပ်နှင့် ရွှေစကားသည် မောင်ထက်အောင်ကို ဖြည်းဖြည်းတွဲကာ ရေချောင်းစပ်လေးသို့ ဆင်းလာခဲ့ကြလေ၏။ ရေချောင်းလေးသည် ကြည်လင်အေးမြစွာ ကျောက်တုံးကျောက်ဆောင်များကိုဖြတ်၍ စီးဆင်းနေလေသည်။

"အားပါး...အေးလိုက်တဲ့ရေ၊ လူကိုလန်းဆန်းသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစကားက မျက်နှာသစ်ရင်းပြောလိုက်၏။ မောင်ထ
အောင်မှာ ခြေလက်တွေသန့်စင်ပြီးသောအခါ အနည်းငယ်လ
ဆန်းလာ၍ တွဲစရာမလိုဘဲ လျှောက်နိုင်လေတော့၏။

"သက်ကောက်ဝတ်နေရာတွေက အရမ်းနာနေတ
ညီမရဲ့"

"အင်း...ဟုတ်မှာပေါ့၊ အဲဒီနေရာက ကြိုးချည်ထား
ကိုး"

ကျွန်ုပ်တို့နေရာလေးရောက်သောအခါ ပန်းကန်ပြား
လေးတစ်ချပ်တွင် ရွှေငှက်ပျောသီးသုံးလုံးကိုတွေ့လိုက်ရလေ
ထိုအခါမှပင် ကျွန်ုပ်တို့မှာ အလွန်ဆာလောင်မွတ်သိပ်နေသည်
သတိထားမိလေတော့သည်။

"ဟင်...အဘ၊ ဒါ သမီးတို့စားစေချင်လို့ လာပို့ထ
တာထင်တယ်"

"ဟုတ်မှာပေါ့ကွယ်၊ စားသာစားပါ၊ ဘာအန္တရာယ်မှ
နိုင်ပါဘူး"

ကျွန်ုပ်တို့မှာ ရွှေငှက်ပျောသီးကို ဆာဆာနှင့် တစ်ယော
တစ်လုံးစားလိုက်ပေရာ ဆာလောင်မွတ်သိပ်မှုဒဏ်မှာ ချက်ချ
ပျောက်ကွယ်သွားလေ၏။





"အားပါး...ကောင်းလိုက်တဲ့ငှက်ပျောသီး"

မောင်ထက်အောင်မှာ ပါးစပ်မှာနာနေရှာသဖြင့် ဖြည်းဖြည်းသာစားရရှာလေ၏။

"ညီမ...အစ်ကို့ဟာ ကူစားဦးလေ"

"စားပါ ကိုထက်ရယ်၊ ညီမက ဗိုက်အရမ်းဆာနေတာ၊ ငှက်ပျောသီးလောက်နဲ့ ရမှာမဟုတ်ဘူးထင်နေတာ၊ တစ်လုံးတည်းနဲ့တင် တော်တော်ဗိုက်ဝသွားပြီ၊ ဒါ အဘိုးကျွေးတာပဲ ဖြစ်ရမယ်"

"အဘိုး...ဟုတ်လား ညီမ၊ ဘယ်ကအဘိုးလဲ"

မောင်ထက်အောင်က အဘိုးကိုသိမည်မဟုတ်ချေ။ ထို့ကြောင့် ရွှေစကားက ညကအဖြစ်အပျက်ကို လုံးစေ့ပတ်စေ့ပြောပြလိုက်တော့မှ မောင်ထက်အောင်နားလည်ကာ ဇာတ်ရည်လည်သွားလေတော့သည်။

"သြော်...ဒါဆို တို့ကို အဘိုးကယ်ခိုင်းလိုက်တာပေါ့၊ ကျေးဇူးကြီးပါတယ်အဘိုးရယ်"

မောင်ထက်အောင်က အဘိုးကိုရည်မှန်း၍ ပြောလိုက်သည်။

"ဒါနဲ့ ဦး၊ ညက ကျွန်တော်တို့ကိုလာခေါ်ထုတ်တယ်ဆိုတဲ့လူကြီးတွေက ဘယ်ရောက်သွားပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ရှေ့ကဂူကြီးထဲ ဝင်သွားကြတာပဲကွယ့်၊ ခုထိတော့ ဦးလည်း ထပ်မတွေ့မိသေးပါဘူး"

ရွှေစကားသည် ကျွန်ုပ်တို့စကားကိုနားထောင်နေရာမှ...

"အဘ...သဒ်ီးတို့ ဂူထဲဝင်ကြည့်လို့ရမလားဟင်"

ကျွန်ုပ်က တွေးတွေးဆဆဖြင့်...

"အင်း...ဒီမှာ အဘိုးရှိနေတယ်လေ၊ သူတို့လို သူတော်စင်တွေက ခုလိုတိတ်ဆိတ်ငြိမ်းချမ်းရာဒေသ၊ လူသူမနီးတဲ့ တောတောင်ဒေသတွေမှာ ကျင့်ကြံအားထုတ်ကြရတာကွယ့်၊ သူခွင့်ပြုချက်မရဘဲ မဝင်သင့်ပါဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့နယ်မြေလည်းဖြစ်ပြန်၊ ပြီးတော့ အနှောင့်အယှက်ပေးမိသလိုဖြစ်ရင် ကိုယ်ပဲအပြစ်ကြီးတယ်မဟုတ်လား"

"ဟုတ်တာပေါ့ အဘရယ်၊ သမီးက စပ်စုချင်တာပဲရှိတာ၊ ဘာမှ သိပ်မစဉ်းစားမိပါဘူး"

ကျောက်ဂူကြီး၏ဘယ်ဘက်ခြမ်း၌ အနည်းငယ်တက်သွားသော ကုန်းမြင့်ကျောက်ဆောင်ကြီးတစ်ခုရှိလေ၏။ ထိုနေရာလေးသည် ဂူကြီး၏အပေါ်စီးဆန်ဆန်ရှိလေသည်။

ကျွန်ုပ်အကြည့်သည် ထိုနေရာသို့ရောက်သွားလေရာ ရုတ်တရက် ကျောက်တောင်ထိပ်တွင်ရပ်နေသောအဘိုးကို





...မ်းတွေ့ လိုက်ရလေ၏။ အဘိုးသည် ကျွန်ုပ်ကို လက်ယပ်ခေါ်...နေသဖြင့်...

"ကဲ...မောင်ထက်အောင်နဲ့ ရွှေစကား မင်းတို့နှစ်ယောက်...မှာ ခဏနေဦးနော်၊ အဘကို အဘိုးခေါ်နေလို့၊ ခဏသွားတွေ့...ိုက်ဦးမယ်"

ကျွန်ုပ်သည် အဘိုးရှိရာ တောင်ကုန်းထိပ်လေးသို့ တက်...ာခဲ့တော့၏။ အဘိုးအနီးသို့ ကျွန်ုပ်ရောက်လျှင်...

"ဂန္ဓာရီပညာ၊ ဝိဇ္ဇာပညာရပ်တွေကို မောင်ရင် ဝါသနာ...ါသလား"

"ဟုတ်ကဲ့အဘိုး၊ ကျွန်တော်စိတ်ဝင်စားပေမယ့် သင်ဆရာ...ှင်ဆရာလည်းမရှိ၊ ခက်ခဲနက်နဲတော့ စာတွေ့ပဲ ကျွန်တော့်...ာရှိပါတယ်အဘိုး"

ကျွန်ုပ်ပြောစကားကို အဘိုးသည် ခေါင်းတညိတ်ညိတ်...ြင့် နားထောင်နေလေ၏။

"ပညာပိုင်းဆိုင်ရာ ဆေးဝါးတွေနဲ့ အစီအရင်ကဏ္ဍတွေ...ကိုပြုလုပ်ကြတဲ့အခါ ပါဝင်တတ်တဲ့ သစ်နွယ်ပင်တွေရော ကြား...းသလား"

အဘိုးအမေးကို ကျွန်ုပ်မှာ တွေးတွေးဆဆဖြေရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အဘိုး၊ လမ်းကူးသစ်ကြိုတ်၊ နွယ်ဝင်၊ နွယ်ရှင်၊ နွယ်ငန်း၊ ပုံပေါင်း၊ သိုက်ပေါင်း၊ လမိုင်းပေါင်း၊ ဂမုန်းနီ၊ သဇင်နီစတဲ့ သစ်နွယ်ပင်မျိုးတွေကိုတော့ ကျွန်တော် ကြားဖူးနားဝရှိပါတယ်"

အဘိုးသည် ခေါင်းတညိတ်ညိတ်လုပ်နေပြန်လေ၏။

"နွယ်လောင်ကျောက်ကွဲဆိုတာ ကြားဖူးလား"

"ဗျာ...နွယ်လောင်ကျောက်ကွဲ"

ကျွန်ုပ်မှာ တအံ့တသြနှင့် အဘိုးကို ပြန်မေးလိုက်၏။

"ကျွန်တော် ကြားတော့ကြားဖူးပါတယ်၊ ဒါပေမယ့် အင်မတန်ရှားပါးပြီး မြင်ရတွေ့ရခဲတယ်လို့ဆိုကြပါတယ်"

"အေး...ဟုတ်ပေတယ်ကွယ့်၊ အဲဒီ နွယ်လောင်ကျောက်ကွဲဆိုတာ ဒီဟာပဲ"

ကျွန်ုပ်မှာ အဘိုးညွှန်ပြသော နွယ်လောင်ကျောက်ကွဲကို ယခုအခါမှ မျက်မြင်ဒိဋ္ဌမြင်ဖူးရသည်မို့ တအံ့တသြကြည့်ရှုမိလေတော့၏။

နွယ်လောင်ကျောက်ကွဲဆိုသည်မှာ ၎င်းနွယ်ပင်သည် ကြီးမားသောကျောက်တုံးကြီးပေါ်သို့ ဖြတ်တက်၍ပေါက်လေ၏။ ၎င်းနွယ်ပင်ကြီးသည် ကျောက်တုံးကြီး၏တစ်ဖက်သို့ မရောက်





ရောက်တွင် ၎င်းကျောက်တုံးကြီးမှာ ကွဲအက်လေသည်။ ၎င်းကို 'နွယ်လောင်ကျောက်ကွဲ' ဟုခေါ်လေသည်။

"မောင်ရင်...အဲဒီ နွယ်လောင်ကျောက်ကွဲအမြစ်လေးတွေကို လိုအပ်သလောက်ယူပါ၊ သူကထွက်လာတဲ့အစေးကို ရေမှာရောပြီး ခန္ဓာကိုယ်မှာရရှိတဲ့ဒဏ်ရာတွေကို သုတ်လိမ်းပါ၊ လူနာကို အမြစ်အနည်းငယ်ကျွေးပါ၊ သည်းခြေပျက်၊ သွေးလေချောက်ချား ရူးသွပ်သူကိုလည်း အဲဒီအမြစ်တိုက်ကျွေးပြီး လိုအပ်သလို အသုံးချနိုင်ပါတယ်မောင်ရင်"

ကျွန်ုပ်မှာ အဘိုးစကားကြောင့် အလွန်မှပင် ဝမ်းသာသွားမိလေ၏။ အဘယ်ကြောင့်ဆိုသော် လောလောဆယ် မောင်ထက်အောင်၏ဒဏ်ရာဝေဒနာများကို ကုသပေးရမည်။ ဒုတိယ မောင်ထက်အောင်မိခင်။

"ကျေးဇူးတင်ပါတယ် အဘိုး"

ကျွန်ုပ်သည် နွယ်လောင်ကျောက်ကွဲအမြစ်များကို လိုအပ်သလောက်ဖြတ်ကာ ယူဆောင်လာခဲ့ပြီး အဘိုးပြောသည့်အတိုင်း အစေးများကို ရေခွက်ကရေမှာရော၍ မောင်ထက်အောင် ဒဏ်ရာများကိုသုတ်လိမ်းကုသပေးကာ အမြစ်အနည်းငယ်ကိုလည်း ဝါးစားခိုင်းလေသည်။ အရသာမှာ ချဉ်သောအရသာရှိ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကျွန်ုပ်နှင့် ရွှေစကားတို့လည်း အမြစ်အနည်းငယ်စီကို စားလိုက်ပေရာ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်း၍ အား အင်သစ်များတိုးပွားလာသည်ဟု ခံစားမိလိုက်လေတော့၏။

"အဘိုးဆေးက တော်တော်စွမ်းတယ်နော် အဘ"

"အေး...ဟုတ်တယ်ရွှေစကား၊ သဘာဝတရားကြီးကို နား လည်ပြီး အသုံးချတတ်တဲ့ ဂန္ဓာရီဝိဇ္ဇာပညာရှင်ကြီးတွေဟာ အဲဒီ သစ်ပင်နွယ်ပင်တွေရဲ့ ပင်ကိုယ်သဘာဝအားဖြင့် ရှိအပ်တဲ့အာနိ သင်များမှ (ဟိတ်)တန်ခိုးအာနိသင်တွေထွက်ပေါ်လာအောင် တစ် မျိုးနဲ့တစ်မျိုးဆက်ဆံပေါင်းတဲ့ 'Correspondence Magic' ဝိဇ္ဇာပညာရဲ့စခန်းမှာထည့်သွင်းပြီး အသုံးပြုထားကြတာကွယ့်"

"ဩော်...အဘက စာရေးဆရာဆိုတော့ သိတာပေါ့နော်"

"စာရေးဆရာမို့ သိတာမဟုတ်ပါဘူးကွယ်၊ ဖတ်ထား မှတ်ထား၊ လေ့လာထားမိလို့ပါ ရွှေစကားရယ်"

ကျွန်ုပ်စကားကြောင့် ရွှေစကားက တခစ်ခစ်ရယ်မောနေ လေ၏။

"အင်း...သမီး ရွှေစကားလည်း ခုမှပဲ ပြုံးနိုင်ရယ်နိုင် တော့တယ်ကွ...ဟား...ဟား"

မောင်ထက်အောင်မှာ ကျွန်ုပ်တို့နှစ်ဦးပြောစကားကို လိုက် ရယ်ရင်း...





"အ"

"ဘာ...ဘာဖြစ်တာလဲ ကိုထက်"

"ရယ်စရာသိပ်မပြောနဲ့ကွ၊ နှုတ်ခမ်းတွေနာလို့"

"ဟား...ဟား...ဟား"

သူပြောမှပင် ပို၍ရယ်မောမိကြလေတော့၏။

"အခုမှသတိရမိတယ်၊ အဘတို့ ရွှေတိဂုံဘုရားပေါ်မှာ ...က မောင်လှလွင်ဆိုတဲ့လူငယ်လေးကို သူတော်စင်အဘိုးက ...လိုက်တဲ့ ဆေးမြစ်စိမ်ရေပုလင်းလေးဟာ နွယ်လောင်ကျောက် ...စ်ပဲဖြစ်ရမယ်"

"မောင်လှလွင်...ဟုတ်လားအဘ၊ ဘယ်ကလဲ"

ကျွန်ုပ်က အဖြစ်အပျက်ကို အကျဉ်းချုံးပြောပြလိုက်လေ

"မောင်လှလွင်ဆိုတာ ရန်ကုန်ကပါ၊ သူက ကြို့ကုန်းမှာ ...ယ်၊ တစ်နေ့တော့ သူ့သားလေးကို မကောင်းဆိုးဝါးမိစ္ဆာ ...င်က အိမ်လှေကားပေါ်ကနေတွန်းချလိုက်တာ နှစ်နှစ်သား ...ယ်ကလေးငယ်လေးဟာ ရှေ့သွားလေးတစ်ချောင်းကျိုးသွား ...ယ်"

"ဟင်...သနားစရာ အဘရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မောင်လှလွင်လည်း ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေရှာတာ၊ ကလေးကလည်းများ၊ ဇနီးကလည်း ဘာမှမ တတ်မို့ အဘဆီလာရောက်အကူအညီတောင်းတယ်၊ အဲဒါ တိဂုံကုန်းတော်ပေါ်မှာ အဘိုးနဲ့တွေ့ပြီး အဘိုးကူညီပေးလိုက် အဆင်ပြေသွားတာကွယ့်၊ အဘထင်ပါတယ်၊ အဘိုးပေးလိုက် ဆေးမြစ်စိမ်ပုလင်းလေးဟာ နွယ်လောင်ကျောက်ကွဲမြစ်ပဲ မှာပါ"

"အဘ...နွယ်လောင်ကျောက်ကွဲမြစ်ကို သမီးတို့မြင် တယ်ရှိအောင် လိုက်ကြည့်မယ်လေ"

"အေး...ကောင်းသားပဲ၊ ဗဟုသုတရတာပေါ့ကွာ"

သို့နှင့် ကျွန်ုပ်တို့သုံးဦးသည် ကျောက်တောင်ကုန်း ပေါ်သို့တက်ခဲ့ကြကာ နွယ်လောင်ကျောက်ကွဲပင်ကို ကြည့် လေတော့၏။

"အဘစာထဲမှာဖတ်ဖူးတာကတော့ ဒီနွယ်ပင်တွေဟာ လျှောက်နွယ်ပင်တစ်မျိုးပဲကွ၊ ဒီမှာကြည့်စမ်း ရွှေစကား၊ အ ရဲ့ပမာဏဟာ ဘယ်လောက်ရှိမယ်ခန့်မှန်းလဲ"

"အလျားက...အင်း...လေးလက်မခန့်၊ အနံ့ကတော့ လက်မလောက်ရှိမှာပေါ့အဘရယ်"





"ဟုတ်တာပေါ့ကွယ်"

ကျွန်ုပ်က ရွှေစကားကို ထောက်ခံပေးလိုက်၏။ အရွက် ရွက်သောအဆစ်တိုင်း၌ ခြားမြစ်(အဆစ်မြစ်)လေးများ (Adv-ntious Roots) ရှိလေသည်။ ထိုအမြစ်ကလေးများမှထွက် သာအစေးသည် ချဉ်သောအရသာရှိ၍ အက်ဆစ်ဓာတ်များပါ လေသည်။

"ဒီမှာကြည့်စမ်း မောင်ထက်အောင်"

မောင်ထက်အောင်နှင့် ရွှေစကားက ကျွန်ုပ်ပြသောနေရာ အမြစ်ကလေးများကို ကြည့်ရှုကြလေသည်။

"ဟောဒီအမြစ်ကလေးတွေဟာ နွယ်ပင်ရပ်တည်မှုရှိဖို့ တွက် ဒီကျောက်တုံးကြီးကို မြဲမြဲစွာကုပ်တွယ်ထားရတယ်ကွ"

သူတို့နှစ်ယောက်က ကျွန်ုပ်ဆက်မည့်စကားကို စိတ်ဝင် းနေလေ၏။

"ပြီးတော့ ဒီအမြစ်ငယ်လေးတွေမှာရှိတဲ့ အစေးလေးတွေ အက်ဆစ်ဓာတ်ပါတယ်ကွ၊ ဒီအမြစ်ကလေးတစ်ခုရဲ့ ကျောက် ပေါ်ဖိအားဟာ ဘယ်လောက်ရှိမယ်ထင်လဲ"

"ကျွန်တော် မသိပါဘူးဦးရယ်"

"ရွှေစကား ခန့်မှန်းကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း...အဘ၊ မခန့်မှန်းတတ်ဘူး"

"မှတ်ထား...ဖိုးအား တစ်ပေါင်ခွဲအထိရှိတယ်တဲ့ကွ"

"ဟင်...ဟုတ်လား၊ အံ့သြစရာကြီးနော်"

"အေး...အဲဒီဖိုးအားရယ်၊ အက်ဆစ်ဓာတ်ရယ်ကြောင့် ဒါ လောက်မာကျောတဲ့ကျောက်တုံးကြီး ကွဲအက်ရတာကွ"

"သြော်...ဟုတ်တာပေါ့၊ အဘက စာရေးဆရာဆိုတော့ ဒါတွေသိတာပေါ့နော်"

ကျွန်ုပ်က မောင်ထက်အောင်ကိုကြည့်လိုက်လေလျှင် မောင်ထက်အောင်က သူ့ပါးစပ်ကို လျှင်မြန်စွာ လက်ဝါးဖြင့်အုပ် ကာ ပိတ်လိုက်လေ၏။ ထိုအခါမှ ကျွန်ုပ်က စကားဆက်လေ သည်။

"စာရေးဆရာမို့ သိတာမဟုတ်ပါဘူးကွယ်၊ ဖတ်ထား မှတ်ထား၊ လေ့လာထားမိလို့ပါ၊ ရှေ့စကားရယ်"

"ဟား...ဟား...ဟား"

ကျွန်ုပ်တို့သုံးဦး၏ ကြည်နူးစွာရယ်မောသံသည် ညင်းလေ ပြေသွဲ့သွဲ့တွင် ပါဝင်စီးမျောသွားကြလေတော့၏။



## တောနင်းမည်သူ

### (၁၆)

တောတောင်ကြီးကား ညို့မှိုင်းအုံ့ဆိုင်းလျက်ရှိလေ၏။ နံနက်စောစောအချိန်မို့ သစ်ပင်ထက်တို့တွင် နှင်းပေါက်တို့က တွဲရရွဲခိုကာ တဖြောက်ဖြောက်ကျဆင်းနေကြလေသည်။

ဇော်မှိုင်းတို့စခန်း။

"ဆရာ...ဆရာ၊ မရှိတော့ဘူး...မရှိကြတော့ဘူး"

ကင်းသမားစကားကြောင့် ဇော်မှိုင်း အိပ်ရာထက်မှ ခေါင်း ထောင်ကြည့်လိုက်သည်။

"ဘာဖြစ်တာလဲကွ၊ စောစောစီးစီး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...ဆရာ၊ ဟိုမှာဖမ်းထားတဲ့လူတွေ တစ်ယော
မှမရှိတော့ဘူး"

"ဘာကွ"

"ဖမ်းထားတဲ့လူတွေ မရှိတော့ဘူးဆရာ"

ဖော်မှိုင်း အိပ်ရာထက်မှ ဝုန်းခနဲထလိုက်သည်။ ပြီးနော
တဲကြီးအတွင်းမှ ကမန်းကတန်း အပြင်သို့ထွက်လာလေ၏

"ဟိုကောင်တွေခေါ်စမ်း အောင်ပွား၊ မထကြသေး
လား"

မကြာမီ စခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်ကာ ထ
ကြသည်။

"ဟေ့ကောင်တွေ...မင်းတို့ တန်းစီရပ်နေကြစမ်း"

ဖော်မှိုင်းတပည့်များက ကြောက်ကြောက်လန့်လန့်နှင့် တ
စီနေကြလေ၏။ ဆရာ့လက်သံ မည်မျှပြောင်ကြောင်း သူတို့
ထားကြလေသည်။

"ကင်းသမား ဘယ်သူလဲ"

"စိုးနိုင်ပါ"

"ထွက်ခဲ့၊ အောင်ပွား...ငါ့နောက်လိုက်ခဲ့"

ထို့နောက် အချုပ်တဲသို့ သွားရောက်ကြည့်ရှုကြသည်





ာဲတံခါးပေါက်သော့ကြီးက ခတ်မြဲခတ်လျက်ရှိလေ၏။ ဘုရန်
ချောင်ကိုချည်ထားသောကြိုးများက ဓားဖြင့်ဖြတ်ထားသည်ကို
တွေ့ရ၏။ အချုပ်ခန်းဖောက်သလား စစ်ဆေး၏။ ဘာမှမထူး။
ဖောက်ဖျက်ရာမတွေ့။

"ဘာပစ္စည်းတွေပါသွားသေးလဲ"

"လားကုန်းမှာချည်ထားတဲ့ သူတို့ပစ္စည်းတွေပဲ ယူသွား
ကြတယ်ဆရာ"

"သူတို့ပစ္စည်းတွေဖြုတ်ယူသွားတာတောင် မင်းတို့မသိ
ဘူးလား။ မင်းတို့ ဘာလုပ်နေတာလဲဟင်၊ သောက်သုံးမကျတဲ့
ကောင်...ကဲ"

"ဖြောင်း"

"အား"

စိုးနိုင်ကား ဝင့်လည်လေပြီ။ သူ့ဆရာကိုကြောက်လွန်း
သဖြင့် ဒူးက တဆတ်ဆတ်တုန်နေလေ၏။

"ကျွန်တော်...ကျွန်တော် ညက တစ်ညလုံးမအိပ်ပါဘူး
ဆရာ၊ ကျွန်တော်နဲ့အတူ ကင်းကျတဲ့ကောင်တွေမေးကြည့်ပါ"

"ဒါဆို မင်းလွှတ်ပေးတာပဲနေမှာပေါ့"

"ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



“အား...မဟုတ်ပါဘူးဆရာ၊ ကျွန်တော်မလွှတ်ပါဘ

“အောင်ပွား...လူစစ်စမ်း၊ ပြီးတော့ ကင်းသမားတွေ
စစ်မယ်၊ တို့အထဲမှာ ဘယ်ကောင်သစ္စာဖောက်လဲဆိုတာ သ
ဖြစ်မယ်”

“ဟုတ်ကဲ့ဆရာ”

ထိုနေ့က စခန်းတစ်ခုလုံး ပွက်လောရိုက်သွားလေသည
ကင်းသမားတွေကို စိတ်ရှိလက်ရှိ ထုရိုက်စစ်ဆေးသော်လည
အဖြေကရှာမရ။ အဝင်ပေါက်ကြီးကလည်း ထွက်သွားခြ
မဟုတ်။ ဘေးဘယ်ညာမှာလည်း ဝါးရုံတောကြီးတွေက ပိ
ဆီးထားသည်။ ဘယ်အပေါက်ကထွက်သွားမှန်း သူတို့အဖြ
ရှာမရ။ ဇော်မှိုင်းမှာ ယမ်းပုံမီးကျ ဒေါသအိုးပေါက်ကွဲလျက်ရှိ
တော့၏။

“တောက်...အသုံးမကျတဲ့ကောင်တွေ၊ ငါ ဆင်ဝါးနေ
ကို လက်စားချေဖို့ ဘရန်ရှောင်ဆိုတဲ့ကောင်ကို တစိမ့်စိမ့်မျှ
သတ်မလို့ကွ၊ ဒါမှ ငါဘယ်လိုခံစားရတယ်ဆိုတာ ဆင်ဝါးနေ
သိမှာ၊ ခုတော့ သွားပါပြီကွာ”

ဇော်မှိုင်းက သူ့လူများကိုတန်းစီထားလျက် ရှေ့မှာ ခေါ





တုန့်ခေါက်ပြန်လျှောက်ကာ မကျေမချမ်းနှင့် ဒေါသအလွန်ဖြစ်
လျက်ရှိလေ၏။

“ဟိုကောင်မ ရွှေစကား၊ ဒင်းကိုပြန်မလွှတ်ဘဲထားပြီး
သူ့အဖေ သူဌေးဆီ ငွေလုပ်းညှစ်မလို့ဟာ၊ အခုတော့ သဲထဲ
ရေသွန်ဖြစ်ပါပြီကွာ...တောက်”

“အခု ဆ...ဆရာ၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ”

“ဘာဆက်လုပ်ရမလဲ...ဟုတ်လား၊ တောနင်းရှာရမှာပေါ့
ခွေးတိရစ္ဆာန်တွေရဲ့ တောနင်းရှာမယ်”

“ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့ မတွေ့တွေ့အောင်ရှာပါ့
မယ်”

ဇော်မှိုင်းက သူ့တပည့်များကို ရူးရူးရဲရဲကြည့်လိုက်သည်။

“မင်းတို့အထဲက သစ္စာဖောက်တဲ့ကောင်ရှိသလား”

“မရှိပါဘူး”

သူ့တပည့်များ ပြိုင်တူဖြေလိုက်ကြခြင်းပင်ဖြစ်၏။

“အေး...သစ္စာဖောက်တဲ့ကောင်ကိုတော့ အရှင်မထားဘူး၊
သေဖို့သာပြင်ထား၊ ကဲ...အောင်ပွား၊ လိုက်ရှာမယ့်အဖွဲ့ နှစ်ဖွဲ့
ခွဲလိုက်၊ ပြီးရင် မင်းတစ်ဖွဲ့၊ ငါတစ်ဖွဲ့ဦးဆောင်ပြီး တောနင်း
ရှာမယ်...ကြားလား”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ဆရာ"

"ဟင်း...ဟင်း...ဘရန်ရှောင်၊ မင်းတို့ မြေမရှိုး မိုးမပျံနိုင် ပါဘူးကွာ၊ ပြေးထားကြစမ်း...ပြေးထား"

ဇော်မှိုင်းက ကြိတ်မနိုင် ခဲမရ အံတကြိတ်ကြိတ်ဖြစ်ေ ပေတော့၏။ စိတ်တွင်းမှလည်း တောနင်းရှာဖွေရန်အတွက် ဖြ စည်စိတ်ကူးကာ အစီအစဉ်ဆွဲနေတော့၏။



## ခွင့်လွှတ်ခြင်းဆိုတာ

(၁၇)

မောင်ထက်အောင်သည် နွယ်လောင်ကျောက်ကွဲမြစ်၏ ဆေးတန်ခိုးအာနိသင်ကြောင့် မကြာမီအချိန်အတွင်း ဒဏ်ရာများ သက်သာပျောက်ကင်းကာ ခွန်အားသစ်များ ပြန်လည်ဖြစ်ပေါ် လျက် လန်းဆန်းလာချေတော့၏။

သို့သော် ဒဏ်ဖြစ်နေသော အညိုအမည်းကြီးများကား ကျန်ရစ်နေဆဲပင်ဖြစ်ပေ၏။ ကျွန်ုပ်က နွယ်လောင်ကျောက်ကွဲ အမြစ်၏အစေးကိုပြကာ...

"ဒီအစေးလေးကိုသာ မှန်မှန်သုတ်လိမ်းပေးရင် ဒီအညို အမည်းတွေလည်း သက်သာသွားပါလိမ့်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဦးရယ်၊ ကျွန်တော်ယုံကြည်ပါတယ်၊ အ[illegible] တောင် တော်တော်လေးအခြေအနေကောင်းနေပြီ"

"အဘ"

"ဟေ…ဘာလဲ ရွှေစကား"

"သမီးတို့ ရှေ့ခရီး ဘယ်လိုဆက်မလဲဟင်"

ရွှေစကားအမေးကို ကျွန်ုပ်လည်း ရုတ်တရက်အဖြေမ[illegible] နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် [illegible] မည်သည့်နေရာ၊ မည်သည့်ဒေသရောက်နေမှန်းမသိ၍ဖြစ်သ[illegible] ကျွန်ုပ်နည်းတူ မောင်ထက်အောင်လည်း မသိရှိပါပေ။

"အေး…အဘလည်း ရှေ့ခရီး ဘယ်လိုဆက်မလဲစဉ်းစ[illegible] နေတာ၊ တို့က ပြန်လှည့်မယ်ဆိုရင်တောင် လှည့်လို့ရနေပ[illegible] သမီးရယ်"

"ဟုက်ပါတယ်ဦး၊ ကျွန်တော့်အမေဟာလည်း သူ့အစ်[illegible] ကြီးကို ခင်တွယ်လွန်းလို့ တမ်းတနေတာမဟုတ်ပါဘူးဦးရယ[illegible] ရောဂါဝေဒနာကြောင့် သွေးလေချောက်ချားပြီး ထင်မိထင်[illegible] စွဲလမ်းတဲ့သဘောပါ၊ အခုဆို ဒီဆေးမြစ်အစွမ်းနဲ့တင် အ[illegible] ရောဂါကုလို့ရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

မောင်ထက်အောင်ပြောစကားကြောင့် ကျွန်ုပ်ဝမ်းသ[illegible] သွားမိသည်။





"အဲဒါအမှန်ပဲ မောင်ထက်အောင်၊ ဦးမှာလည်း ဒီလို [illegible]ဉ်မျိုးရှိနေပါတယ်၊ ဒီတော့ တို့တစ်တွေ ပြန်ဖို့ပဲ စဉ်းစားကြ[illegible] ပေါ့ကွာ"

မောင်ထက်အောင်က တစ်စုံတစ်ခုကို လေးလေးနက်နက် [illegible]စားနေလေ၏။ ပြီးမှ ဖြည်းလေးစွာပြောလေသည်။

"ဦးခွင့်ပြုမယ်ဆိုရင် ဇော်မှိုင်းတို့ကို ကျွန်တော်ပြန်ချချင် [illegible]ယ် ဦး"

ကျွန်ုပ်က မောင်ထက်အောင်ခံစားမှုကို နားလည်ပါသည်။ [illegible]ကားကတော့ ဘာမှမပြောဘဲ မောင်ထက်အောင်ကိုသာ [illegible]ကြည့်နေလေ၏။ မောင်ထက်အောင်က အံကိုတင်းတင်းကြိတ် [illegible]

"ကျွန်တော့်ဘဝမှာ ငယ်ငယ်ကတည်းက ဘယ်သူ့ကိုမဆို [illegible]အောင်မလုပ်ခဲ့ဖူးပါဘူး၊ သူတပါးကိုလည်း နှိပ်စက်ညှင်းပန်း [illegible]လုပ်ခဲ့ပါဘူး၊ ခုတော့ သူတို့က ကျွန်တော့်အပေါ်မှာ အငြိုး [illegible]ရက်စက်ခဲ့ကြတယ်၊ ကျွန်တော် အခွင့်သာရင် လက်တုန့် [illegible]ယ်ဦး"

ကျွန်ုပ်က သက်ပြင်းကိုအသာချရင်း မောင်ထက်အောင် [illegible]ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထက်အောင်...မင်းခံစားမှုကို ဦးနားလည်ပါတယ ကွာ၊ ဒါပေမယ့် ဦးတစ်ခုမေးချင်တယ်၊ မင်းဟာ ယောကျ် ကောင်းတစ်ယောက်လား"

"ဟုတ်တယ်ဦး၊ ယောကျ်ားတစ်ယောက်မို့ ကျွန်တေ ဟာ ရဲရဲဝံ့ဝံ့တုန့်ပြန်ချင်တာပါ"

မောင်ထက်အောင်က ရဲဝံ့တက်ကြွစွာ အားတက်သရေ ပြောလေသည်။

"ယောကျ်ားကောင်းဆို ရဲရင့်ကြံ့ခိုင်စွမ်းအပြင် မြင့်မြ တဲ့စိတ်ထားလည်းရှိရတယ်ကွယ့်"

"မြင့်မြတ်တဲ့စိတ်ထား...ဟုတ်လားဦး"

"ဟုတ်တာပေါ့ကွယ်၊ မြင့်မြတ်တဲ့စိတ်ထားဆိုတာ အမိ ကိုယ်ချင်းစာတရားရှိရမယ်၊ ကြုံလာသမျှ အခက်အခဲအန္တရာယ ဟူသမျှကို ရဲဝံ့စိတ်ဓာတ်နဲ့ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိရမည် မေတ္တာတရားနဲ့ သည်းခံခွင့်လွှတ်နိုင်စွမ်းရှိရမယ်၊ အမှန်တရ အတွက် ကိုယ်ကျိုးစွန့်ဝံ့ရမယ်၊ အဲဒါဟာ ယောကျ်ားကောင် တစ်ယောက်ရဲ့အရည်အချင်းပဲ"

ကျွန်ုပ်စကားကြောင့် မောင်ထက်အောင် စဉ်းစားသွ သည်။





"ဒါဆို ကျွန်တော်က ခွင့်လွှတ်ရမှာပေါ့...ဟုတ်လားဦး"

"ဟုတ်တာပေါ့ကွယ်၊ ခွင့်လွှတ်လိုက်ပါ၊ ပြုသူအသေ ဖြစ်သူအဟောင်းဆိုစကားရှိတယ်လေ၊ တို့ အခု သူတပါးနှိပ်စက် တာခံရတာဟာ ဝဋ်ကြွေးရှိလို့ သဘောထားလိုက်ပါကွာ၊ အရင် ဘဝက တို့လည်း သူတို့ကိုနှိပ်စက်ခဲ့လို့နေမှာပေါ့၊ ခွင့်လွှတ်နိုင်သူ ဟာ ကြီးမြတ်တဲ့စိတ်ထားပိုင်ရှင်ပဲကွယ့်"

"ကျွန်တော်တို့က ခွင့်လွှတ်တော့ရော ကိစ္စကပြီးသွားမှာ လားဦး"

"အင်း...လောကသဘာဝအရ သူ့သဘောသူဆောင်ပါ လိမ့်မယ်ကွယ်၊ ကောင်းသူက အကျိုးရပြီး မကောင်းသူက မကောင်းကျိုးခံစားရမှာ ဓမ္မတာပဲလေ၊ ခွင့်လွှတ်တယ်ဆိုတာ ကလည်း ဒူးထောက်အညံ့ခံတာ၊ အရှုံးပေးတာမှမဟုတ်တာ၊ အဓိကက ကိုယ့်ရဲ့စိတ်ကို လွှတ်လပ်ခွင့်ပေးလိုက်ခြင်းပါ"

ထိုအခါ ရွှေစကားက...

"ကိုယ့်စိတ်ကိုလွှတ်လပ်ခွင့်ပေးတယ်ဆိုတာ ဘာကိုဆို လိုတာလဲအဘ"

"ဒီလိုကွယ့် ရွှေစကားရဲ့ သမီးက ဗန်းမော်မြို့မှာရှိတဲ့ လူတစ်ယောက်ကို သိပ်နာကျည်းမုန်းတီးနေတယ်ဆိုပါတော့၊



www.burmeseclassic.com

www.burmeseclassic.com



သမီးက ခုလိုတောထဲရောက်နေလည်း သူ့အကြောင်းတွေးမိပြီး ဒေါသဖြစ်မနေတတ်ဘူးလား''

''ဖြစ်တာပေါ့အဘရယ်၊ တွေးမိတိုင်း ဒေါသဖြစ်တယ်''

''အေး...အဲဒီအချိန်မှာ သမီးသိပ်မုန်းတဲ့သူဟာ ဘာလုပ် နေမယ်ထင်လဲ''

''အဲဒါတော့ သမီးဘယ်သိမှာလဲ''

''သူဟာ သူ့အလုပ်ပဲ သူလုပ်နေမှာပေါ့၊ သမီးတွေးပြီး ဒေါသဖြစ်နေတာ သူဘယ်သိပါ့မလဲ၊ အဲဒီတော့ ဒီစိတ်ဖိစီးမှုဟာ မုန်းသူအပေါ် သက်ရောက်နေလား၊ ကိုယ့်အပေါ်ပဲ သက်ရောက် နေလား''

''ကိုယ့်အပေါ်ပဲသက်ရောက်ပြီး စိတ်ဖိစီးနေတာပေါ့ အဘ ရယ်''

''ဒါပဲပေါ့ကွယ်၊ ခွင့်လွှတ်လိုက်ရင် ဘာမှမရှိတော့ဘူး၊ ကိုယ့်ရင်ထဲ ဘာမှမရှိရင် စိတ်ဖိစီးမှုတွေ လွတ်လပ်သွားပြီမဟုတ် လား၊ ဒါကြောင့် မိမိစိတ်ကို လွတ်လပ်ခွင့်ပေးလိုက်ပါလို့ပြော တာ''

''ဩော်...သဘောပေါက်ပါပြီ''

''စိတ်လွတ်လပ်ခွင့်မရှိဘဲ ဖိစီးစိတ်နဲ့ ဒေါသဖြစ်နေရင် စိတ်က အကုသိုလ်ပဲ၊ အဲဒီစိတ်နဲ့များသေသွားရင် အပါယ်ငရဲပဲ''





''အမယ်လေး...ဟုတ်သားပဲ၊ ကြောက်စရာနော် အဘ''

''ဒါဆို ဘယ်သူက ဘာလုပ်လုပ် ခွင့်လွှတ်ရမှာလားဦး''

''ဒီလိုလည်း မဟုတ်ဘူးပေါ့ကွာ၊ ခွင့်လွှတ်ဖို့ဆိုတာ အရာ ...ထည့်သွင်းစဉ်းစားရမှာပေါ့၊ သူကျူးလွန်တဲ့အပြစ်က ဘယ်လို ...ပြစ်မျိုးလဲ၊ ဘာကြောင့် ခွင့်လွှတ်သင့်သလဲ၊ ခွင့်လွှတ်ပြီးတဲ့ ...နောက် ဘာအကြောင်းအကျိုးဆက်တွေဖြစ်လာနိုင်သလဲလို့ ...တော့ စဉ်းစားရမှာပေါ့ကွယ်၊ ခွင့်လွှတ်ခြင်းဆိုတဲ့ သဘောထား ...ကြီးမြင့်မှုကို ပြသနိုင်ရမှာဖြစ်ပေမယ့် မစူးစမ်း မဆင်ခြင်ဘဲ ...င့်လွှတ်မှုဟာ တချို့ကိစ္စတွေမှာ အဆိပ်ပင်ရေလောင်းဖြစ်တတ် ...ယ်လို့ တချို့သူတွေကဆိုကြတယ်၊ ဒါလည်းတွေးပြီး မစိုးရိမ် ... မကောင်းတာလုပ်သူဟာ တစ်နေ့နေ့တော့ သူ့သဘောသူ ...ဆောင်သွားမှာပါ''

မောင်ထက်အောင်က ဘာမှမပြော၊ ကျွန်ုပ်စကားကိုသာ ...ိုက်နားထောင်နေလေ၏။

''ဒါကြောင့် ယောကျာ်းကောင်းတစ်ယောက်ဖြစ်ချင်ရင် ...င့်လွှတ်တတ်အောင်လည်း ကြိုးစားရလိမ့်မယ်၊ မောင်ထက် ...အောင်မှာ ရဲရင့်တဲ့လက်ရုံးရည်ရှိပြီးသားဆိုတာ ဦးလည်းသိပါ ...ယ်ကွာ၊ အပြစ်ရှိသူကို ခွင့်လွှတ်လိုက်လို့ သူတို့ ဘာမှပြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးမထင်ပါနဲ့၊ တစ်နေ့နေ့မှာ လောကရဲ့ဒဏ်ခတ်ခြင်းကို ခံ
မှာပါ။ ဒါမှမဟုတ် တရားဥပဒေအရ အရေးယူခြင်းကို သူ
ခံစားရမှာပါ၊ အကုသိုလ်အပြစ်ဆိုရင်လည်း အပါယ်ငရဲပေ

ထိုအခါ မောင်ထက်အောင်မှာ သက်ပြင်းရှည်ကြီးချကာ

"ဟုတ်ပါတယ်ဦးရယ်၊ ကျွန်တော် သဘောပေါက်ပါ
သူတို့ကို ခွင့်လွှတ်နိုင်အောင်ကြိုးစားပါ့မယ်၊ ဦးစကားကိုလည်
နားထောင်ပါ့မယ်"

ထိုအခါမှ ကျွန်ုပ်နှင့် ရွှေစကားက ပြုံးရယ်နိုင်ကြပေတော့
၏။

"ကဲ...ကိုထက်၊ ဖွန်းလွဲမီကျော့ဒစ်"

"ဟင်...ဘာပြောလိုက်တယ်"

"ဖွန်းလွဲမီကျော့ဒစ်လို့ပြောတာ"

"ထင်းရှာပေးပါ...ဟုတ်လား၊ ဟား...ဟား...ဒီစကား
ဘယ်ကသင်တာလဲ"

"လုဂျာဆီကလေ၊ ဒီထက်မကသိသေးတယ်"

"ဟုတ်ပါပြီဗျာ...ဟုတ်ပါပြီ၊ ရှာပေးပါ့မယ်...ဟား...ဟား

မောင်ထက်အောင် ထင်းရှာပြီးသောအခါ ရွှေစကား
မီးမွှေးရန်ကြိုးစားလေ၏။ ကျွန်ုပ်က သူတို့ဆာနေသဖြင့် ညစ





စီစဉ်ခြင်းဖြစ်မည်ဟုထင်ကာ ဘာမှမပြောဘဲနေလိုက်လေ
သည်။

ထိုစဉ်...

"အဘရေ...အဘ"

"ဟေ...ဘာလဲ ရွှေစကား"

ရွှေစကားအသံကြောင့် ကျွန်ုပ်လည်း နေရာမှ အပြေးထ
ကာ ရွှေစကားမီးမွှေးနေရာသို့ အပြေးလာခဲ့လေ၏။

"ဟိုမှာ...ဟိုမှာ အဘ"

သစ်ပင်ကြီးခြေရင်းမှ အရာဝတ္ထုတစ်ခုသည် ကျွန်ုပ်တို့
နီးသို့ တရွေ့ရွေ့ချဉ်းကပ်လာနေ၏။

"ဘာလဲကွ၊ အကောင်လား၊ တိရစ္ဆာန်လား"

သေချာကြည့်လိုက်တော့ ရေမြှုပ်တွေလိုလို အစိမ်းပုပ်
ား။ ကျွန်ုပ်တို့မှာ အထိတ်တလန့်ဖြစ်သွားသည်။ မောင်ထက်
အောင်က ဓားမြှောင်ကိုဆွဲထုတ်လိုက်သည်။

"မောင်ထက်အောင်...ဘာမှမဟုတ်နဲ့၊ နောက်နည်းနည်း
ဆုတ်ပေးလိုက်ကြ"

ဖိုထားသောမီးသည် စွဲလောင်စပြုကာ မီးတောက်တက်
လာလေ၏။ ထိုခဏ၌ စိမ်းစိမ်းအရာကြီးသည် လှစ်ခနဲ မီးဖိုထံ



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်သွားရာ ရုတ်တရက် ဓာတ်ဆီဖြန်းလောင်းလိုက်သကဲ့သ ဝုန်းခနဲ မီးတောက်ကြီးတက်သွားလေ၏။ ပြီးလျှင် မီးခိုးငွေ့မျ အဖြစ်နှင့်ပျောက်ကွယ်သွားကာ ဖိုထားသောမီးသည် နဂိုအတိုင် ပင်ကျန်ခဲ့လေ၏။

"မောင်ထက်အောင်...မီးဖိုမီးပြန်ငြိမ်းလိုက်"

မောင်ထက်အောင်က ရေပူးယူ၍ မွှေးထားသောမီး ငြိမ်းလိုက်လေတော့သည်။

"အမယ်လေး...ရင်တုန်ပန်းတုန်ဖြစ်သွားတာပဲ ကိုထ ရယ်၊ အဲဒါ ဘာဖြစ်တာလဲမသိဘူး"

"အစ်ကိုလည်းမသိဘူး၊ ဒါထက် ညီမက ဘာဖြစ်လို့မီး တာလဲ"

"ကိုထက်နဲ့ အဘစားဖို့ ညနေစာစီစဉ်မလို့လေ၊ ညီမ မဆာပါဘူး၊ မနက်က ရွှေငှက်ပျောသီးစားထားတာ ခုထိမဆ သေးဘူး"

"အေး...ဟုတ်တယ် ညီမရဲ့၊ အစ်ကိုလည်းမဆာသေး ဘူးကွာ၊ အဘအတွက်ပဲ စားစရာလုပ်ရအောင်"

"မလုပ်နဲ့ကွ၊ အဘလည်း မဆာဘူး၊ ဒါဟာ အဘိုး တရားကျင့်ကြံအားထုတ်နေတဲ့ သူတော်စင်တွေစားတဲ့အစ အစာမို့ အာဟာရသိဒ္ဓိပြီးမြောက်နေတာပဲဖြစ်မှာပေါ့"





"အင်း...ဟုတ်တယ်နော် အဘ၊ ဒါနဲ့ ခုနဥစ္စာကြီး မီး လောင်တာ ဘာဖြစ်တာလဲအဘ"

"အေး...အဘလည်း အဲဒါပဲစဉ်းစားနေတာ ရွှေစကားရဲ့ ဟုတ်မှလွဲရော"

"မဟုတ်ရင်တော့ လွဲပြီပေါ့အဘရာ"

"ဟုတ်ရင်လည်း 'လွဲ'ပဲနေမှာပါကွယ်"

"ဘာလဲအဘရယ်၊ သမီးနားရှုပ်သွားပြီ"

"ကဲပါ...နောက်တော့ ရှင်းပြမှာပေါ့၊ ဒါထက် သမီးနဲ့ ာ်မှိုင်းတို့လည်း သိကြတယ်နော်"

"သိတာပေါ့အဘရယ်၊ အခွင့်ကြုံတဲ့အခါ အဘတို့ကို မီးက အဖြစ်မှန်ပြောပြမှာပါ၊ အခုလည်း ဖုံးကွယ်ထားတာ ရှိပါဘူးနော်...ဟဲ...ဟဲ"

"ဖုံးကွယ်ထားတာတော့ မရှိဘူးပေါ့ညီမရယ်၊ ဒါပေမယ့် ခွင့်ရရင်တော့ သိချင်တာပေါ့ကွာ"

အောက်ပါဇာတ်လမ်းသည် ရွှေစကားပြောပြလေသော မဘဝဇာတ်ကြောင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ငွေစကား ရွှေစကား

(၁၈)

မြစ်ကြီးနားမြို့။

မြစ်ကြီးနားမြို့တွင် စီးပွားရေးလောက၌ ရတနာကုန်သ
သူဌေးဦးပန်းအေးဆိုလျှင် မသိသူမရှိသလောက်ဖြစ်ပေ

ရတနာကုန်သည်သူဌေးဦးပန်းအေးတွင် သမီးနှစ်ယော
ထွန်းကားလေသည်။ သူတို့ညီအစ်မကား ငွေစကား
ရွှေစကား ဟူသည့် မိန်းမပျိုလေးနှစ်ယောက်ပင်ဖြစ်ပေသ

သူဌေးဦးပန်းအေးသည် သမီးနှစ်ယောက်ငယ်စဉ်က
ရဲစွာလုပ်ကိုင်စားသောက်ခဲ့ရသော်လည်း ကံကောင်းထောက်





ကျောက်စိမ်းတွင်း၌ ကျောက်အောင်ခဲ့သဖြင့် ကြီးပွားချမ်းသာ
သာရခြင်းဖြစ်ပေသည်။

ကြီးပွားချမ်းသာလာသည့်အလျောက် သမီးနှစ်ယောက်
ကိုလည်း လိုလေသေးမရှိထားခဲ့ကာ ပညာကိုသာ ကြိုးစားသင်
ယူစေလေသည်။

ငွေစကားဆယ်တန်းရောက်စနှစ်တွင် တစ်တန်းတည်း
ကျောင်းသားဖြစ်သူ ဇော်မှိုင်းနှင့် ရည်ငံမိကြလေ၏။ ထိုအချိန်
က ငွေစကားသည် ငယ်ရွယ်သူမို့ အချစ်ကိုဦးစားပေးမိခဲ့ခြင်းပင်
ဖြစ်သည်။

“ကိုဇော်”

“ဘာလဲအချစ်”

“နင် ခုတလော စာလည်းမကျက်ဘူး။ ဆေးလိပ်လည်း
သိပ်သောက်နေတယ်နော်”

ဇော်မှိုင်းက ဘာမှမပြော။ ချစ်သူငွေစကားကိုသာ
ယ်ကျဲကျဲဖြင့် ကြည့်နေလေ၏။

“နင် စီးကရက်တွေ သိပ်မသောက်ပါနဲ့ဟယ်”

ဇော်မှိုင်းက လက်တွင်းရှိစီးကရက်ကို ချက်ချင်းပင် လွှင့်
ပစ်နင်းချေပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ချစ်လေးစိတ်ဆင်းရဲမယ့်အလုပ် ဘာမှမလုပ်ပါဘူး ကွာ၊ ကိုယ်လိုက်နာမှာပေါ့၊ ကျေနပ်တော့နော်"

ထိုအခါမှ ငွေစကားမှာ ပြုံးရယ်လေသည်။ စကား နာခံသောချစ်သူအတွက်လည်း လွန်စွာမှကျေနပ်သွားမိလေ

"နင်စာတွေလည်းမကျက်ဘူးမဟုတ်လား"

"ကျက်ပါတယ်ဟာ၊ ဒါပေမယ့် ဆယ်တန်းဆိုတာ န ကြီးတယ်လေဟာ၊ ခက်လည်း ခက်ခဲတယ်မဟုတ်လား"

"ဒါတော့ ဒါပေါ့ဟာ၊ ဒါပေမယ့် စာကိုမှန်မှန်ကျက်သွ ရင် စာမေးပွဲအောင်မြင်မှာပါ၊ နင်ကြိုးစားဖို့သာ အဓိကပဲ"

"ကဲပါ...ဆရာမကြီးရယ်၊ ကျွန်တော်ကြိုးစားပါ့မယ်"

ဇော်မိုးက ပြောပြောဆိုဆိုနှင့် ငွေစကားကို သိုင်းဖ လိုက်လေ၏။ မိန်းကလေးဆိုတာ ယောကျ်ားတွေချော့တော့ ရစမြဲဖြစ်ပေသည်။

"ကဲပါ...ကိုဇော်ရယ်၊ အရမ်းကြီးဖက်ထားတာ အသ ရှုံကျပ်ပါတယ်၊ လွှတ်ပါဦး"

ထိုအခါမှ ဇော်မိုးက မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လို လေ၏။

"နင် ဟိုတစ်နေ့က ဘာဖြစ်လို့ကျောင်းမတက်တာလဲ"





ငွေစကားအမေးကြောင့် ဇော်မိုးကခေါင်းကုတ်ကာ ဘာဏ်နီဘာဏ်နက်ထုတ်သုံးရန် စဉ်းစားရလေ၏။

"ဟိုဟာ...အနူးနေမကောင်းလို့ပါ၊ အနူးနေမကောင်း တော့ အနီးကပ်ပြုစုရတယ်လေ၊ အဲဒါကြောင့် ကျောင်းမတက် ဖြစ်တာပါအချစ်ရယ်၊ တစ်မျိုးမထင်ပါနဲ့"

အမှန်တော့ မိခင်နေမကောင်းဖြစ်၍မဟုတ်။ ဇော်မိုးတို့ စိတ်တူကိုယ်တူသူငယ်ချင်းများ အချိန်းအချက်ပြုလုပ်ကာ 'ဝါး ရှောင်ဆည်'သို့ စက်ဘီးဖြင့်သွားကြပြီး ခေါင်ရည်သောက်ကြခြင်း ဖြစ်၏။ ထိုအချိန်က ဝါးရှောင်ဆည်ကြီးသည် လေ့လာသူ၊ အပန်း ဖြေသူများဖြင့် စည်ကားသိုက်မြိုက်နေချိန်ဖြစ်၏။ ထိုအကြောင်း အရာများကို ငွေစကားခမျာမသိရှာပေ။

ဒီလိုနှင့် ဆယ်တန်းစာမေးပွဲကြီးဖြေဆိုပြီးသောအခါ ငွေ စကားမှာ ဆယ်တန်းအောင်မြင်ပြီး ဇော်မိုးမှာ စာမေးပွဲကျကျန် နေခဲ့တော့လေ၏။

ညီမဖြစ်သူရွှေစကားမှာလည်း ရှစ်တန်းအောင်၍ ကိုးတန်း တက်ရလေသည်။ သူတို့ညီအစ်မမှာ နှစ်နှစ်ကြီး နှစ်နှစ်ငယ်မို့ အတန်းလည်း နှစ်နှစ်ကွာခြားလေသည်။ ငွေစကား တက္ကသိုလ် ရောက်တော့ ဇော်မိုးမှာ ဆယ်တန်းတစ်နှစ်ကျသဖြင့် ကျောင်း ဆက်မတက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အကြီးမငွေစကားကျောင်းပြီးချိန်တွင် မိဘနှစ်ပါးက အိမ်ထောင်ချပေးမည်ပြုသောအခါ...

“အဖေ...သမီးမှာ ချစ်သူရှိ ပါတယ်”

“ဟုတ်လား...ဘယ်သူလဲသမီး”

“ကိုဇော်မှိုင်းပါ၊ သမီးရဲ့ ဟိုအရင်က ကျောင်းနေဘက်ပါ”

ဦးပန်းအေးက ဆိုးသည်ကောင်းသည်မပြော၊ မောင်ဇော်မှိုင်းကို အိမ်အလည်ခေါ်လာပါဟုသာ မှာလိုက်လေသည်။

ထို့နောက် ဦးပန်းအေးသည် ဇော်မှိုင်းအကြောင်းကို တပည့်များမှတဆင့် စုံစမ်းခိုင်းရာ ဇော်မှိုင်းမှာ လူပေလူ… တစ်ယောက်ဖြစ်ပြီး ပညာရေးမှာလည်း ဆုံးခန်းမတိုင်ခဲ့ပေ။

ဆယ်တန်းလောက်တွင် သမီးကြီးငွေစကားနှင့် တွေ့ဆုံခဲ့ကြသည်မှ ငွေစကားက သံယောဇဉ်တွယ်နေခြင်းဖြစ်ဟန်ရှိသည်ကိုလည်း ဦးပန်းအေးရိပ်စားမိလေ၏။

ဇော်မှိုင်းကား ဘာအလုပ်တစ်ခုမှ မယ်မယ်ရရ လက်ကြေတင်းမလုပ်ဘဲ အသောက်အစား၊ လောင်းကစားတွင်သာ မွေ… လျော်နေကာ ငွေကိုလည်း ကြုံသလိုလုပ်ငန်းဖြင့် ရှာဖွေနေသူဖြစ်သည်။





ဇော်မှိုင်းအကြောင်းကိုသိသော ဦးပန်းအေးတို့လင်မယားမှာ သမီးကြီးငွေစကားကို အမျိုးမျိုး နားချဖျောင်းဖျနှစ်သိမ့်ခဲ့ကြလေ၏။

“သမီးရယ်...အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ကြည် စုတ်ထိုးဆိုစကားလို သမီးအိမ်ထောင်ဖက်ရွေးချယ်တဲ့အခါမှာ မမှားသင့်တာမမှားရအောင် သမီးအနေနဲ့ သေချာစဉ်းစားစေချင်တယ်”

“သမီးချစ်သူက ဘာဖြစ်နေလို့လဲဖေဖေ”

ဦးပန်းအေးက သမီးဖြစ်သူကို စေ့စေ့ကြည့်ရင်းပြောလိုက်သည်။

“သမီးချစ်သူကို ဖေဖေစုံစမ်းပြီးပြီ၊ သူဟာ ဆေးစွဲနေတဲ့ လူရှုပ်လူပေါတစ်ယောက်ဖြစ်နေတယ်သမီး၊ ဒါကြောင့် ဖေဖေပြောတာပါ”

ငွေစကားက သက်ပြင်းတစ်ချက်ခိုးရှိုက်လိုက်သည်။ သူမအနေနှင့် ဇော်မှိုင်းကိုချစ်နေမိသည်မှာ ကြာပြီဖြစ်၏။ ဒီသံယောဇဉ်ကို ဘယ်လိုဖြတ်ရမည်လဲ နားမလည်။ သူမမှာ ယုံကြည်မှုတစ်ခုရှိတာက ဇော်မှိုင်းသည် သူမ,ပြောလျှင်ရမည်၊ နားထောင်လိမ့်မည်ဟု သူမထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု သမီးရဲ့ကောင်လေး ဘာလုပ်နေသလဲ သမီးသ
လား"

ဦးပန်းအေးအမေးကြောင့် ငွေစကားက ဖခင်ဖြစ်သူ
မော့ကြည့်လိုက်မိသည်။

"သူ အရောင်းအဝယ်လုပ်ပြီး စီးပွားရှာနေတယ်ဖေဖေ"

ဦးပန်းအေးက သနားစရာကောင်းလှသော သမီးကြီး
စကားကိုကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေလေ၏။

"သူ ကောင်းရောင်းကောင်းဝယ်လုပ်နေတယ်လို့ သ
ထင်နေတာလား၊ မှားမယ်သမီး၊ ဇော်မှိုင်းဟာ တရားမဝ
မှောင်ခိုလုပ်ငန်းတွေလုပ်နေတယ်၊ ပြီးတော
မူးယစ်ဆေးဝါးကုန်သွယ် မှုတွေနဲ့လည်း ပတ်သက်နေတယ်
သတင်းသဲ့သဲ့ထွက်နေ တယ်"

ထိုစကားကြားတော့ ငွေစကားအံ့သြသွားသည်။ ပျာ
သလဲပင်...

"မဖြစ်နိုင်ဘူးဖေဖေ၊ ကိုဇော် ဒီလောက်မမိုက်နိုင်ဘူး"

ဦးပန်းအေးမှာ အချစ်စိတ်မွှန်နေသော သမီးကြီးအတွ
လွန်စွာစိတ်ထိခိုက်သွားရလေသည်။

"သမီးကငယ်သေးတော့ အတွေ့အကြုံနုနယ်သေးတာ
သမီးရဲ့၊ အခုအချိန်မှာ သမီးရဲ့စိတ်က အချစ်စိတ်ဖုံးလွှမ်း





တော့ အပြစ်ဆိုတာ မမြင်မိသေးတာဖြစ်မှာပါသမီးရယ်၊ ဖေဖေ
တော့ ကိုယ့်သားသမီးကို ဆင်စီးမြင်းရံတာပဲ တွေ့ချင်မြင်ချင်
တာပါ၊ သမီးအိမ်ထောင်ဖက်ကိုတော့ သေသေချာချာစဉ်းစား
ပြီးဖြတ်စေချင်တယ်"

ဦးပန်းအေးမှာ သဘောထားတင်းမာတတ်သူမဟုတ်သော်
လည်း သမီးဖြစ်သူကို လူကောင်းသူကောင်းဖြင့်သာ ရစေလိုပေ
ဆင်းရဲချမ်းသာ အဓိကမဟုတ်ပေ။

သို့သော် ဦးပန်းအေးသဘောထားကိုသိသွားသော အကြံ
သမားဇော်မှိုင်းသည် သူဌေးသမီးရလျှင် သူဌေးသားမက်ဖြစ်ရ
မည်ဟုကြုံးဝါးကာ ငွေစကားကို ရအောင်စည်းရုံးလေတော့၏။
နောက် မြစ်ကြီးနားမှ ဗန်းမော်သို့ ခိုးပြေးခဲ့လေတော့သည်။

ဦးပန်းအေးမှာ သည်းမှုတားနေသည့်ကြားက ခိုးရာလိုက်
ပြေးလေသောငွေစကားကို စိတ်နာကျည်းကာ အမွေပြတ်စွန့်
လွှတ်လိုက်လေသည်။

ထိုစဉ်က ရွှေစကားမှာ ကျောင်းမပြီးသေးပေ။ ကျောင်းပြီး
သောအခါ မိဘနှစ်ပါးက ရွှေစကားကို အိမ်ထောင်ချပေးရန်
စဉ်ကြလေသည်။

"သမီး အိမ်ထောင်မပြုချင်သေးဘူးဖေဖေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိဘဆိုတာ သားသမီးရှေ့ရေးကောင်းဖို့ စီစဉ်တာ ကွယ်၊ တော်ကြာ သမီးမမလို ဘာမဟုတ်တဲ့လူနဲ့တွေ့သွားမှ စိုးလို့ပါ"

"ဖေဖေကလည်း…သမီးက မမမှမဟုတ်တာ"

"ဒါဆို သမီးမှာ ချစ်သူရှိပြီလား၊ ချစ်သူရှိရင်လည် ဖေဖေ တို့ကိုပြောလေ၊ ဖေဖေလေ့လာအကဲခတ်မှာပေါ့"

ရွှေစကားက အင်းမလှုပ် အဲမလှုပ်နေသဖြင့် ဦးပန်းအေ က ချစ်သူမရှိဘူးဟုထင်မှတ်ကာ…

"ကြော်…ဒါများသမီးရယ်၊ အထွေအထူးပြောနေသေ တယ်၊ ဖေဖေတို့စီစဉ်တာပဲ လက်ခံလိုက်ပါသမီးရယ်"

ချစ်သူမရှိလည်း အိမ်ထောင်မပြုချင်သေးသောရွှေစကာ မှာ မိဘများကို ဘယ်လိုမှငြင်းပယ်မရသည့်အဆုံး ထိုပြဿနာ ရှောင်ထွက်ရန်စဉ်းစားကာ အချိန်အနည်းငယ်ယူ၍ အစီအစ ချပြီး အလစ်အငိုက်တွင် အိမ်မှထွက်ပြေးလာခဲ့သည်။ ရည်ရွ ချက်မှာ ဗန်းမော်တွင်နေထိုင်သော အစ်မဖြစ်သူထံသွားမည် ဆုံးဖြတ်လိုက်သည်။

မြစ်ကြီးနားမှ နဘားသို့ရထားစီး၊ နဘားမှ ကသာ ခရီးဆက်ခဲ့ကာ သင်္ဘောပေါ်တက်ခဲ့စဉ် ဦးပန်းအေး၏လူမျ





နောက်က ထပ်ကြပ်မကွာလိုက်လာကြသဖြင့် စာရေးဆရာအဘ ၏ အနေ့းကျကင်ဝတ်ကာ အကာအကွယ်ယူ ပုန်းကွယ်ခဲ့ရလေ သည်။ ဗန်းမော်ရောက်ပြီး ကျောင်းနေဘက်သူငယ်ချင်းများမှ တဆင့် အစ်မဖြစ်သူကိုရှာဖွေတွေ့ရှိခဲ့ရာ အစ်မဖြစ်သူမှာ ကလေး ငယ်လေးတစ်ယောက်နှင့် ဆင်းရဲဒုက္ခရောက်နေသည်ကိုတွေ့ခဲ့ရ သည်။

ရွှေစကားနှင့် ငွေစကားတို့ ညီအစ်မနှစ်ယောက်ဆုံတွေ့ ကြတော့ တစ်ဦးကိုတစ်ဦးဖက်ကာ မျက်ရည်ဖြိုင်ဖြိုင် စီးကျလေ သည်။

"ညီမလေး…ဘယ်လိုရောက်လာတာလဲ"

ရွှေစကားက မျက်ရည်တွေကြားမှ…

"မမကိုတွေ့ချင်လို့ လိုက်လာတာ၊ အခု မမတို့အခြေ အနေ ဘယ်လိုလဲ"

ငွေစကားမှာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလေသည်။

"ကိုဇော်မှိုင်းဟာ ဖေဖေတို့အမွေဖြတ်လိုက်တဲ့သတင်း ကြားတော့ မမကိုတစ်ယောက်တည်းထားပြီး ထွက်သွားလိုက် တာ ဒီနေ့အထိပေါ်မလာတော့ဘူး၊ မမလည်း သူ့ကို ဒီနေ့အထိ မျှော်လင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါဆို မမဘ၀ ဘယ်လိုရပ်တည်နေလဲ"

"သူမရှိတဲ့အချိန်ကစပြီး မမလည်း ရှိသမျှပစ္စည်းဥစ္စာတွေ ကို ထုခွဲရောင်းချ အပ်ချုပ်စက်လေးတစ်လုံးဝယ်ပြီးတော့ ဘ ကို ဖြစ်သလိုရှာဖွေကန်ရင်ဆိုင်ရင်း ဒီသားလေးကိုမွေးခဲ့ရတာ

ငွေစကားစကားကြောင့် ညီမဖြစ်သူမှာ ရင်ထဲထိခိုက်သွား မိသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် ဒုက္ခခံနေရတာလဲမမရယ် အိမ်ပြန်ခဲ့ရောပေါ့"

"မမလည်းစဉ်းစားမိပါတယ် ညီမရယ်၊ ဒါပေမယ့် မှာ ကိုယ့်အပြစ်နဲ့ကိုယ်မဟုတ်လား၊ ဖေဖေတို့ကိုလည်း ရင်မဆို ရဲ၊ ကိုယ့်လင်ယောက်ျားကလည်း စီးပွားဥစ္စာသွားရှာတာ တစ် ပြန်လာနိုးနဲ့ ဒီအချိန်ထိရောက်နေခဲ့တာ"

"ကဲပါ...မမရယ်၊ အားလုံးအဆင်ပြေအောင် ညီမစီ လိုက်ပါ့မယ်"

ဇော်မှိုင်းမှာ သူဌေးသမီးရသော်လည်း မှန်းချက်နှင့် နှ ထွက်မကိုက်သဖြင့် သူဌေးသမီးငွေစကားကိုပစ်ထားခဲ့ကာ လူ လူမိုက်လုပ်နေခြင်းကိုတော့ ငွေစကားမသိရှာပေ။

ရွှေစကားက ဇော်မှိုင်းကိုလိုက်ရှာ၍ အကျိုးအကြော





ပြကာ စည်းရုံးမည်ဟု ဆုံးဖြတ်လိုက်လေသည်။ သည့်အထဲ ရေးဆရာအဘကို အနွေးထည်ဝယ်၍ လာကန်တော့စဉ် ဖခင် န်းအေး၏လူများနှင့်တွေ့ကာ သူမကိုခေါ်ဆောင်ဖို့ဖမ်းဆီးကြ ထက်အောင်ရောက်လာပြီး လူဆိုးလူရမ်းကားများထင်၍ ကို ဝင်ရောက်ကယ်တင်ခြင်းဖြစ်သည်။

ရွှေစကားမှာ ဇော်မှိုင်းကိုရှာဖွေမည်ဆိုလျှင် အထက်ပိုင်း ာ်ရမည်ဖြစ်သဖြင့် စာရေးဆရာအဘနှင့် အကြံလိုက်ခဲ့ရာမှ အချိန်ထိကြုံတွေ့ခဲ့ရသည်များကို ပြောပြလေတော့၏။

ထိုအခါမှပင် ကျွန်ုပ်တို့လည်း ဇာတ်ရည်လည်ကြပေတော့

"မသိပါဘူးသမီးရယ်၊ အဘက သမီးကို လူကုံထံအသိုင်း ိုင်းက ပညာတတ်ဆိုတာသတိထားမိပေမယ့် တစ်ကိုယ်ရေ လွင့်နေတဲ့မိန်းကလေးတော့ မဖြစ်သင့်ပေဘူးလို့ ဝိတ်ထဲမှာ တယ်၊ သမီးဘာဆက်လုပ်မယ်စိတ်ကူးသလဲ"

"မမအခြေအနေကို ဖေဖေတို့ဆီ လှမ်းပြီးစာရေးထား ယ်၊ အဘအတွက် အနွေးထည်ဝယ်တဲ့နေ့ကလေ၊ အခု ဒီက ရင် သမီးလည်း မိဘတွေဆီပဲပြန်မှာပါ၊ ဖေဖေမေမေတို့ ည်း စိတ်ပူပန်နေကြလောက်ရောပေါ့၊ ပြီးတော့ ခုလောင်ဆို



www.burmeseclassic.com

www.burmeseclassic.com



လည်း သမီးကို အတင်းအကျပ်မလုပ်လောက်တော့ပါဘူး''

''အကယ်၍ သမီးမမကြီးလို အမွေပြတ်စွန့်လွှတ်ရင် ဘယ် လိုလုပ်မလဲ သမီးရွှေစကား''

''အဲဒီအခါကျရင် အဘပဲမွေးစားပေါ့...အဟား...ဟား''

ရွှေစကားက သူ့အပြောသူ သဘောကျနေလေသည်။

''ဖေဖေတို့က အဲလိုသဘောတော့မရှိလောက်ပါဘူး။ ရှ အချိန်တွေနည်းနည်းကြာလာတော့ မမကြီးကိုလည်း သူတို့ သတိ ရနေရှာပါတယ်၊ မမကြီးက ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ဆင်း မှုကို ကြိတ်ခံစားနေတာ၊ ခုဆို သမီးစာရေးလိုက်လို့သိသွားရင် မမကြီးကို အမြန်လာခေါ်ကြမှာပါ၊ ပြီးတော့ သမီးကိုလည်း ခွင့်လွှတ်မယ်ထင်ပါတယ်အဘရယ်''

''အေးကွယ်...ကောင်းပါတယ်၊ အခက်အခဲရှိရင်လည်း အဘကူပြောပေးရမှာပေါ့ကွယ်၊ ဟုတ်လား ရွှေစကား...ဟား... ဟား''

''အခု သမီးတို့ပြန်ဖို့ ဘယ်လိုစီစဉ်မှာလဲဟင် အဘ''

''အေး...အဲဒါစဉ်းစားနေတာ၊ အဘိုးနဲ့တွေ့ဦးမယ်လေ အဘိုးကိုပဲခွင့်တောင်းပြီး အပြန်လမ်းကို အကူအညီတောင်း တော့မှာပဲ''





ထိုနေ့တစ်နေ့လုံး ကျွန်ုပ်တို့သည် မောင်ထက်အောင်အား းကု အနားပေးခြင်းသာရှိ၍ ဟိုလိုလိုသည်လိုလိုနှင့်သာ အချိန် န်ခဲ့ရပေတော့သည်။ ညရောက်သောအခါ ဂူကြီးအတွင်းမှ သင်းရောင်တို့ ပေါ်ထွက်လာလေတော့သည်။ တစ်ညလုံး သင်းရောင်ကြောင့် ကျွန်ုပ်တို့သုံးဦးမှာ ဂူကြီးအနေအထားကို လှမ်းလှမ်းမှသာ ကြည့်ရှုနေကြပေ၏။ ထိုအလင်းကြောင့် အဲသို့ ဝင်ထွက်သွားလာနေကြသော လူရိပ်များကိုလည်း လှမ်း င်နေကြရလေသည်။

''အဘ''

''ဟေ''

''အဲဒီလူတွေ နေ့ခင်းမှာ လုံးဝမတွေ့ရဘူးနော်၊ ဂူကြီး လည်း လင်းနေတာပဲ''

''အင်း...ဟုတ်တယ် ရွှေစကားရဲ့၊ အကြောင်းရှိလို့နေမှာ ကွယ်''

''အဲဒီဂူထဲမှာ ဘာတွေလုပ်နေကြသလဲလို့ သမီးဝင်ကြည့် လိုက်တာ''

''အဘိုးခွင့်ပြုရင်တော့ ကြည့်ရမှာပေါ့ကွယ်၊ အဘိုးခွင့် ဘဲ ဘာမှမလုပ်ရဘူးနော်၊ အန္တရာယ်များတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အဘရယ်၊ သမီးအိပ်တော့မယ်"

"အေး...အေး...မောင်ထက်အောင်လည်း အိပ်ချင်အိ
တော့လေ၊ ဦးကတော့ တရားမှတ်လိုက်ဦးမယ်"

"ရပါတယ်ဦး။ ညီမ အရင်အိပ်ပါစေ၊ ကျွန်တော်က ညည
ပိုင်း ကင်းစောင့်ပေးလိုက်ပါဦးမယ်"

ကျွန်ုပ်လည်း ဘုရားရှိခိုးကာ သီလဆောက်တည်ခြင်း
မေတ္တာပို့အမျှဝေခြင်း၊ တရားရှုမှတ်ခြင်းတို့ပြုလုပ်ပြီးနောက် သ
တော်စင်အဘိုးကိုဦးခိုက်ကာ အိပ်ရာဝင်ခဲ့ကြလေတော့၏။



## ဒုတိယအကြိမ် အဖမ်းခံရခြင်း

(၁၉)

"ဟေ့ကောင်တွေ...ထကြစမ်း"

ကြမ်းကြမ်းတမ်းတမ်းအနှိုးခံရသဖြင့် ကျွန်ုပ်လည်း ကမန်း
တတန်းထလိုက်ပေရာ ကျွန်ုပ်တို့အား ဇော်မှိုင်းတို့အဖွဲ့ကမှဝိုင်း
အားကာ ဒုတိယအကြိမ်မြောက် ကျွန်ုပ်တို့ ထပ်မံဖမ်းဆီးခြင်းခံ
ရလေတော့၏။

"ဟား...ဟား...ဟား...သမင်ဆယ်လှမ်း ကျားတစ်လှမ်း
ပါကွ၊ မင်းတို့ ငါ့လက်က ပြေးမလွတ်ပါဘူးဘရန်ရှောင်ရာ၊
ဟေ့ကောင်တွေ...ဒီကောင့်ကို ကြိုးနဲ့တုပ်ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်မှိုင်း...နင် အပြစ်မရှိတဲ့လူကို ဘာဖြစ်လို့နှိပ် ချင်ရတာလဲ၊ သူမှာ ဘာအပြစ်ရှိလို့လဲ"

"နင်အေးအေးဆေးဆေးနေလိုက်ပါ ရွှေစကား၊ ငါ့ကိစ္စပါ၊ ဟော့ကောင်တွေ...သူ့ကို အဲဒီသစ်ပင်ကြီးမှာ ကပ် ထားလိုက်ကွာ"

"ဆရာ...သူတို့ကိုရော ကြိုးတုပ်ရမှာလား"

ကျွန်ုပ်နှင့် ရွှေစကားကို ရည်ညွှန်းပြောလိုက်ခြင်းဖြ

"သူတို့ကိုမတုပ်နဲ့၊ တစ်ယောက်က သေသေချာချာ ကြည့်နေ၊ ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်ရင် ပစ်သတ်ကွာ၊ ကဲ စကား၊ သိတယ်နော်၊ နင်က မိန်းကလေးမို့ ငါခွင့်လွှတ် ဟိုအဘိုးကြီးလည်း အသက်ကြီးနေလို့ပဲ၊ ဒါကိုအခွင့်အရေး မျက်စိနောက်အောင်မလုပ်နဲ့၊ ငါကမညှာဘူး"

ဇော်မှိုင်းလူများက မောင်ထက်အောင်ကို ကြိုးနှင့်တုပ် ကြလေပြီ။ ရွှေစကားမှာ မောင်ထက်အောင်ကိုသနားလွ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက်ကျလာလေတော့၏။ မောင်ထ အောင်ကား အဘ၏ဆုံးမစကားကြောင့် မိုက်ရူးရဲမဆန်ဘေ ပေ။ အံကြိတ်၍သာခံလေ၏။

အချိန်က နံနက်လင်းစပင်ရှိသေးရာ နေခြည်ထွက်





အနည်းငယ်မျှစောင့်ရပေဦးမည်။ ကျွန်ုပ်တို့ကံကြမ္မာရေ့ရေးကား မည်သို့ မည်ပုံဖန်လာလေဦးမည်မသိ။

"ဟိုကောင်...စိုးနိုင်"

"ဗျာ...ဆရာ"

"ကင်းကို နေရာဖြန့်ခွဲပြီးချထား၊ နယ်မြေအနေအထား လေ့လာ၊ ပြီးရင် ဟိုကောင်အောင်ပွားတို့အဖွဲ့နဲ့ ဆက်သွယ်ဦး"

"ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်တို့အနီးတွင် ဇော်မှိုင်းနှင့် သူ့တပည့်တစ်ယောက် သာ ကျန်ခဲ့လေတော့သည်။

"ဟား...ဟား...ဟား...ဘရန်ရှောင်၊ မင်းကပဲ ကံဆိုး သလား၊ ငါပဲကံကောင်းသလား မကြာခင်သိရမှာပေါ့ကွာ"

"ဟော့ကောင်...ဇော်မှိုင်း၊ ငါသေရမှာမကြောက်ဘူးကွ၊ မင်း ငါ့ကိုအခုသတ်လိုက်စမ်း"

"ဟား...ဟား မပူပါနဲ့ ဘရန်ရှောင်ရာ၊ မင်းသေရမှာပါ၊ ဒါပေမယ့် ငါ အခုမှအကြံတစ်ခုစဉ်းစားမိတယ်၊ မင်းကိုဖမ်းထား ပြီး မင်းအဖေဆင်ဝါးနော်ကို မျှားခေါ်ရမယ်၊ ပြီးမှ မင်းတို့နှစ် ယောက်လုံးကို သတ်မယ်လေကွာ၊ မကောင်းဘူးလား...ဟား... ဟား"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

မောင်ထက်အောင်က တောက်ခေါက်လိုက်သည်။ မကြ
မိ စိုးနိုင်ဆိုသူရောက်လာကာ...

"ဆရာ...နေရာတွေတော့ အားလုံးချထားပြီးပြီ"

"အေး...အဲဒါဆို ဟိုကောင်အောင်ပွားတို့ဆီ လှမ်းဆ
သွယ်လိုက်"

"ဟုတ်ကဲ့ဆရာ"

မကြာမီ ကျွန်ုပ်တို့သည် သေနတ်သံနှစ်ချက် ကြားလို
ရပေ၏။

"ဒိုင်း...ဒိုင်း"

ဇော်မှိုင်းတို့က သေနတ်သံနှင့်အချက်ပေးလိုက်ပြီး မကြ
မိ ခပ်လှမ်းလှမ်းတစ်နေရာမှ သေနတ်သံနှစ်ချက် ကြားလို
ရပြန်တော့၏။

"တောက်ဖောင်း...တောက်ဖောင်း"

မကြာမီပင် ဇော်မှိုင်းတို့အဖွဲ့ခွဲ အောင်ပွားတို့မှာ ဇော်မှိုင်း
တို့နှင့် လာရောက်ပူးပေါင်းလေရာ လူအင်အားဆယ်ယောက်
ရှိသွားလေတော့၏။

"ဘယ်လိုလဲ ဆရာမှိုင်း၊ အခြေအနေ"





"ဟား...ဟား...ဒီမှာကြည့်လေကွာ၊ ဒီကောင်တွေ မြေ
လျှိုးမိုးပျံမလုပ်နိုင်ပါဘူးလို့၊ ငါ့လက်က ပြေးမလွတ်ပါဘူးကွ"

ထိုစဉ်...

"ဆရာ...ဆရာ၊ ဒီအနီးနားမှာ ဂူကြီးတစ်ဂူတွေ့တယ်
ဆရာ"

"အေး...အေး...အဲဒီဂူကြီးမှာ ထူးခြားတာ ဘာရှိလဲဆိုတာ
စုံစမ်းကွာ၊ ဟိုကောင်ကင်းသမား"

"ဗျာ"

"မင်း ဒီလူကြီးနဲ့ ဒီမိန်းကလေးကို သေချာဂရုစိုက်စောင့်
နေဉ်၊ ငါ ဟိုဘက်ဂူကြီးကို သွားစုံစမ်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ဆရာ"

ရွှေစကားမှာ လွန်စွာထိတ်လန့်သွားဟန်ရှိပေ၏။ ကျွန်ုပ်
အနီးသို့ကပ်လာကာ...

"အဘ...ဟိုဂူကြီးထဲဝင်ပြီး အဘိုးတို့ကို ပြဿနာရှာရင်
ဒုက္ခပါပဲ"

"မပူပါနဲ့ကွယ်၊ အဘိုးဟာ တရားမွေ့တဲ့ သူတော်စင်ကြီး
ပါ၊ သူတို့ ဘာမှတတ်နိုင်မှာမဟုတ်ပါဘူးကွယ်"

ကျွန်ုပ်လည်း ရွှေစကားကိုအားပေးနှစ်သိမ့်ကာ မှက်စိ



www.burmeseclassic.com

www.burmeseclassic.com

မိုတ်လျက် ဘုရားအာရုံပြု၍ မေတ္တာသုတ်ကိုရွတ်ဖတ်နေမိ
တော့၏။ မောင်ထက်အောင်ခများကား ဂူပေါက်ကိုကျော
ကာ ကျွန်ုပ်တို့ရှိရာဘက်မျက်နှာလှည့်၍ သစ်ပင်နှင့် မတ်တ
အနေအထား ကြိုးတုပ်ထားလေသဖြင့် ဒုတိယအကြိမ် ဒု
ဝေဒနာခံစားနေရရှာလေ၏။



လောဘသားတို့ကြမ္မာဆိုး

(၂၀)

"ဆရာ...ဂူထဲက အလင်းရောင်တွေထွက်နေတယ်"

တပည့်တစ်ယောက်ကပြောလာသဖြင့် ဇော်မှိုင်းက အံ့ဩစွာစဉ်းစားနေလေသည်။ အလင်းရောင်တွေထွက်တဲ့ဂူဆိုလျှင် ရတနာဂူကြီးဖြစ်ပေလိမ့်မည်။ ဤတော ဤနေရာတွင် ယခုလို ရတနာဂူကြီးတစ်ခုရှိနေမှန်း သူတို့မသိခဲ့။ အမှန်အတိုင်းပြောရလျှင် ဤကဲ့သို့နေရာမျိုး ဒီတောတောင်ကြီးထဲမှာရှိနေမှန်း ခုမှပင် သိရခြင်းဖြစ်ပေသည်။

အမှန်တကယ် ရတနာဂူကြီးဆိုလျှင်တော့ သူတို့မှပေါက်


www.burmeseclassic.com

www.burmeseclassic.com



တိုးပေပြီ။ တစ်သက်တာသုံးမကုန်တော့ဟု ဇော်မှိုင်းတွေးလေ၏။

"ကဲ...အောင်ပွား၊ မင်းလူတစ်ယောက် သတ္တိကောင်းတဲ့ တစ်ကောင် ဂူထဲဝင်ပြီး အခြေအနေကြည့်ခိုင်းစမ်းကွာ"

"ဟုတ်ကဲ့ ဆရာမှိုင်း"

အောင်ပွားက သူ့တပည့်တစ်ယောက်ကိုလှမ်းခေါ်ကာ အကျိုးအကြောင်းပြောပြနေလေသည်။

"ဂူထဲဝင်ကြည့်ကွာ၊ သတိတော့ထား၊ အဲဒီအထဲမှာ ဘာတွေရှိတယ်ဆိုတာ သေချာလေ့လာခဲ့"

"ဟုတ်ကဲ့ ဆရာပွား"

အောင်ပွားတပည့်ဖြစ်သူသည် ဂူပေါက်ဝသို့လျှောက်သွားပြီးနောက် ဂူထဲမဝင်သေးဘဲ အပြင်မှပင် အခြေအနေလှမ်းကြည့်ပြီးနောက် ကြောက်လန့်တကြား နောက်လှည့်ပြေးလာလေ၏။

"အား...အမယ်လေး"

"ဟကောင်...ဘာဖြစ်လာတာလဲ"

"သ...သရဲဆရာ...သရဲ၊ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

"ဘာကွ...ဘာပြောတယ်"

"သရဲကြီးဆရာ၊ ကျွန်တော် ကြောက်...ကြောက်တယ်"





ထိုလူကိုကြည့်ကာ ဇော်မှိုင်း တော်တော်စိတ်ပျက်သွားသည်။

"တောက်...ဘာသရဲလဲကွာ၊ ငါ ဒီတောတောင်ထဲမှာနေလာတာကြာပြီ၊ ဘာသရဲမှမတွေ့ဖူးဘူး၊ ဟေ့ကောင် အောင်ပွား"

"ဗျာ...ဆရာမှိုင်း"

"သွား...ဒီတစ်ခါ မင်းကိုယ်တိုင် တစ်ယောက်ခေါ်ပြီး အခြေအနေသွားကြည့်၊ မင်းပါပြေးလာရင်တော့ နာပြီ"

"ဟုတ်ကဲ့ဆရာ"

အောင်ပွားက သူ့လူတစ်ယောက် ထပ်ခေါ်လိုက်သည်။ ပြီးနောက် သူတို့နှစ်ယောက် ဂူပေါက်ဝသို့ထွက်သွားသည်ကို ဇော်မှိုင်းက နောက်မှကြည့်နေလေသည်။

"အား...ကယ်ကြပါ"

"သရဲ...သရဲ"

အောင်ပွားတို့နှစ်ယောက်လုံး ပြန်ပြေးလာသည်ကိုကြည့်၍ ဇော်မှိုင်းအကြီးအကျယ်ဒေါသဖြစ်သွားသည်။ အောင်ပွားတို့နှစ်ယောက် အမောတကော သူ့နားရောက်လာသောအခါ...

"ဒါသရဲလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း"

"အား"

"ဘာသရဲလဲကွ"

"ဖြောင်း"

"အား"

"ဟင်...ငကြောက်၊ ငတုံးတွေ၊ ဒါနွေခင်းကြီးကွ၊ ပြီးတော့ မင်းတို့လက်ထဲကိုင်ထားတာ သေနတ်မဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့က တခြားဟာတွေသာမကြောက်တာ သရဲကျတော့ အရမ်းကြောက်တယ် ဆရာ"

"ဘာကွ...ငါနားရင်းထအုပ်လိုက်မယ်"

သရဲတဲ့။ ဇော်မှိုင်းစဉ်းစားလိုက်သည်။ သူက ဂူဆီလှမ်းကြည့်သော်လည်း ဘာမှမတွေ့ရ။ နည်းနည်းဝေးနေလို့ဖြစ်မည်။ သရဲဆိုတော့ရော ဘာဖြစ်လဲ၊ ကိုယ်ကလူပဲ။ သူတို့မှာ သေနတ်တွေရှိသည်။ သူအကြံရသွားသည်။

"အောင်ပွား"

"ဗျာ...ဆရာ"

"တို့လူတွေ အကုန်စုလိုက်စမ်း"





"ဟုတ်ကဲ့ဆရာ"

"ဟိုကင်းသမားတစ်ယောက်ပဲနေခဲ့"

ကျွန်ုပ်တို့ဘက်သို့ လှည့်ပြောခြင်းဖြစ်သည်။ သူတို့ဖြစ်ပျက်နေသမျှ၊ ပြုလုပ်နေသမျှအားလုံးကို ကျွန်ုပ်တို့က ပွဲကြည့်ပရိသတ်ပမာ ဖြစ်နေပေတော့၏။ သရဲဆိုသဖြင့် ရွှေစကားကစက်ကလေးပုကာ ကျွန်ုပ်အနီးသို့ တိုးကပ်လာထိုင်လေ၏။

"အဘ...သရဲဆိုရင် သမီးလည်းကြောက်တယ်"

"မကြောက်ပါနဲ့ကွယ်၊ တရားရှိသူကို သရဲကမခြောက်ပါဘူးကွယ့်"

ကျွန်ုပ်နှစ်သိမ့်လိုက်မှ ရွှေစကားလည်း အားတက်သွားဟန်ရှိလေသည်။

ဇော်မှိုင်းက အောင်ပွားကိုလူစုခိုင်းလိုက်သဖြင့် ဇော်မှိုင်းအနီးသို့ အားလုံးရောက်ရှိလာကြလေသည်။

"အားလုံး ဘယ်နှစ်ယောက်လဲအောင်ပွား"

"ဆရာအပါအဝင် ကိုးယောက်ပါဆရာ"

"အေး...ကောင်းပြီ၊ ငါပြောမယ် အားလုံးနားထောင်၊ သေနတ်ကျည်ထိုးပြီး ဂူကြီးဆီကို ရင်ဘောင်တန်းချီတက်မယ်၊ ငါအလယ်ကနေမယ်၊ ငါပစ်မိန့်ပေးရင် မင်းတို့ပြိုင်တူပစ်ရမယ် ဟောဒီမှာတွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဇော်မှိုင်းက သူ့ကျည်ခါးပတ်ကိုပြလိုက်သည်။

"လက်ပစ်ဗုံးသုံးလုံးပါတယ်၊ သရဲကိုတွေ့ရင် ငါ လက်ပစ်ဗုံးနဲ့ပစ်သွင်းမယ်၊ မင်းတို့က သေနတ်နဲ့ပိုင်းပစ်၊ ငါပြောတာ အားလုံးရှင်းကြရဲ့လား"

"ရှင်းပါတယ်ဆရာ"

"ကဲ...ရင်ဘောင်တန်း တန်းစီ၊ သွားမယ်"

ဇော်မှိုင်းတို့အဖွဲ့ ဂူကြီးကိုမျက်နှာမူ၍ သေနတ်တွေဖြင့် ချိန်ကာ တန်းစီချီတက်သွားကြလေပြီ။ ကျွန်ုပ်တို့ကား ဘာတွေဆက်ဖြစ်လာမည်မသိသဖြင့် အခြေအနေကို စောင့်ကြည့်နေရပေတော့၏။

ဇော်မှိုင်းတို့အဖွဲ့ ဂူပေါက်ကြီးရှေ့ရောက်သွားလေပြီ။ ရုတ်တရက် ဂူကြီးက မည်းမှောင်သွားတော့၏။ ဇော်မှိုင်းတို့အဖွဲ့ ရပ်လိုက်ကြ၏။

"ဘယ်မှာလဲကွ၊ မင်းတို့ပြောတဲ့သရဲ...ဟာင်၊ အလကားကောင်တွေ၊ ဂူထဲမှာ မှောင်မည်းနေတာပဲ၊ ဘာသရဲမှမရှိဘူး ဟေ့ကောင်အောင်ပွား"

"ဗျာ...ဆရာ"

"မီးတုတ်သွားလုပ်ကွာ၊ မီးတုတ်နဲ့ဝင်မယ်၊ ဟေ့ကောင်တွေ...ဂူထဲကိုသေချာချိန်ထားကြနော်"





"ဟုတ်ကဲ့"

အောင်ပွားက ကျွန်ုပ်တို့အနီးပြေးလာကာ ဝါးခြောက် စ်ခုကို ထိပ်ဖျားအား ကျောက်ခဲဖြင့်ထုချေလိုက်လေ၏။ ပြီး နောက် သူ့ခါးပတ်ကျည်အိတ်ထဲမှ သေနတ်တိုက်ရန်အတွက် ည့်ထားဟန်တူသော ဆီချေးအဝတ်စုတ်တစ်ခုကို ထုတ်လိုက် သ၏။ ပြီးနောက် ကျည်ဆံနှစ်တောင့်ကို ထိပ်ဖူးဖြုတ်ကာ မ်းမှုန့်များကို ထိုအဝတ်စုတ်အတွင်းသွန်ထည့်၍ အထုပ်ထုပ် ဝါးလုံးခြောက်ထိပ်ဖျား ညှပ်လိုက်လေ၏။ ထိုအခါ မီးတုတ် ွယ်ဖြစ်သွားပြီး အပြေးယူသွားကာ မီးတုတ်ကို ဆရာ့လက် ထည့်လိုက်လေ၏။

"ကဲ...မီးရှို့လိုက်ကွာ၊ ဟေ့ကောင်တွေ...အားလုံးရယ်ဒီ နော်"

"ဟုတ်ကဲ့ဆရာ"

အောင်ပွားက ဇော်မှိုင်းကိုင်ထားသောမီးတုတ်ကို မီးခြစ် ဖြင့် မီးရှို့လိုက်လေရာ မီးတုတ်ထဲမှယမ်းမှုန့်စွမ်းအားကြောင့် ခနဲ မီးတောက်ဖြစ်သွားလေတော့၏။

ထိုအခိုက်...

"ရှီး"



www.burmeseclassic.com

www.burmeseclassic.com



''ငေါ...ဝေါ''

ဂူထဲဆီမှ မီးအလင်းတန်းကြီးတစ်ခုသည် အရှိန်ပြင်း ဖြင့် ဇော်မှိုင်းကိုင်ထားသော မီးတုတ်ရှိရာသို့ပြေးဝင်ဟပ် တောက်လောင်လေရာ ကြီးမားလှသော မီးတောက်ကြီး ဖြစ်ပေါ်လာပြီးနောက် ဇော်မှိုင်းတစ်ကိုယ်လုံးအား မီးစွဲ လေတော့၏။

''ဝုန်း''

''အား...လုပ်ကြပါဦးဟ''

ဇော်မှိုင်းတစ်ကိုယ်လုံး ရုတ်တရက်မီးလောင်သွာ တပည့်များမှာ ရုတ်တရက်ကြောင်နေခိုက် ဇော်မှိုင်းခါးပ လက်ပစ်ဗုံးများ အဆက်မပြတ်ပေါက်ကွဲထွက်ကုန်လေတော့ ကျွန်ုပ်တို့လည်း ယောင်ယမ်း၍ မြေပြင်၌ဝပ်စင်းလိုက်မိတော့

''ဝုန်း''

''ဝုန်း''

''ဝုန်း''

ကျွန်ုပ်တစ်သက်၌ ဤအဖြစ်ဆိုးမျိုးကို ယခုတစ်ကြိမ် ကြုံတွေ့ဖူးလေသောကြောင့် လွန်စွာမှပင် ထိတ်လန့်တုန် ချောက်ချားသွားခဲ့ရပေတော့၏။ ပေါက်ကွဲမှုများ၏ မီးခိုးလုံ အောက်တွင်ကား...



ဇော်မှိုင်း၏လူများ မြေပြင်၌ အတုံးအရုံးဖြစ်ကုန်သည့် အပြင် ဇော်မှိုင်းကား အစအနပင်ရှာမရတော့ပေ။

ပေါက်ကွဲသံကြီးများ၏နောက်၌ တိတ်ဆိတ်ခြင်းက ရုတ် တရက်လွှမ်းမိုးသွားခဲ့ပေ၏။

နေထွက်စပြုပြီ။

ကျွန်ုပ်သည် ဝပ်စင်းနေရာမှ လူးလဲထကာ အခြေအနေ ကိုကြည့်ပြီးနောက် သေနတ်ကိုင်ကင်းသမားဘက်လှည့်လိုက် လေသည်။ ကင်းသမားကား ကြောက်လွန်းသဖြင့် အဆတ်ဆတ် တုန်နေပေတော့၏။

''ဒီမှာမောင်ရင်၊ မောင်ရင်တို့ဆရာကြီးနဲ့ အဖွဲ့သားတွေ အားလုံးတော့ အမိုက်ဇာတ်သိမ်းသွားပြီကွ၊ အဲဒီတော့ မောင်ရင် တစ်ယောက်ပဲကျန်တော့တယ်၊ အဲဒီတော့ မောင်ရင် ဘာဆက် လုပ်ဖို့စိတ်ကူးရှိသလဲ''

''ကျွန်တော်...ကျွန်တော်...''

''ကဲ...ကဲ...မင်းလက်နက် အဘဆီအပ်ပါ၊ မင်းကို တို့က ဘာမှမလုပ်ပါဘူး၊ ခွင့်လွှတ်ပါတယ်ကွာ''

''ဟုတ်...ဟုတ်ကဲ့အဘ''

ထိုကင်းသမားက ကျွန်ုပ်ထံလာရောက်၍ သေနတ်ကိုအပ် လာသည်။

ခုနစ်စင်ကြယ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



''ကဲ...မောင်ရင်၊ လက်စနဲ့ပဲ ဘရန်ရှောင်ကို ကြိုးသွား ဖြည်ပေးပါ''

''ဟုတ်ကဲ့အဘ''

ထိုကင်းသမားက ဘရန်ရှောင်အား ကြိုးသွားဖြည်ပေးစဉ် ကျွန်ုပ်က သေနတ်ကျည်ဘောက်အတွင်းမှ ကျည်ဆံများကို ထုတ်ယူကာ ချောင်းအတွင်းသို့ အားလုံးလွှင့်ပစ်လိုက်လေတော့ ၏။

ကြိုးဖြည်ပြီးသောအခါ ဘရန်ရှောင်နှင့် ကင်းသမားသည် ကျွန်ုပ်တို့အနီးရောက်လာလေတော့၏။

''တော်ပါသေးရဲ့ ကိုထက်ရယ်၊ ညီမစိတ်ပူလိုက်တာ''

''အစ်ကိုက ဘာမှမဖြစ်ပါဘူးကွာ၊ ဒါနဲ့ ဦး၊ ဘယ်လိုဖြစ် ဖြစ်သွားကြတာလဲ''

''အေး...နောက်မှ ဦးရှင်းပြမယ်ကွယ့်၊ ဟော...ဟိုမှာ ထဲက အဘိုးထွက်လာပြီ''

အဘိုးလက်ထဲတွင် ပန်းကန်ပြားလေးတစ်ချပ် ကိုင်ဆောင် လာပေ၏။ ပန်းကန်ပြားထဲတွင် ရွှေငှက်ပျောသီးလေးလုံးတွေ လိုက်လေသဖြင့် ကျွန်ုပ်တို့မှာ ယခုမှ ဆာလောင်မှုကို သတိ မိကြလေတော့သည်။ သူတော်စင်အဘိုးအိုက...





''ရော့...လူလေးတို့၊ ဒါစားကြ''

ကျွန်ုပ်တို့သည် သူတော်စင်အဘိုးပေးသော ရွှေငှက်ပျော င်းကို တစ်လုံးစီဝေငှစားသောက်ကြလေ၏။ ပြီးသော် သူတော် င်အဘိုးက ကျွန်ုပ်အား လက်ညှိုးထိုး၍...

''မောင်ရင်...အဘိုးနဲ့ ခဏလိုက်ခဲ့ပါ''

''ဟုတ်ကဲ့အဘိုး''

ကျွန်ုပ်လည်း အဘိုးနှင့်လိုက်ရန်ပြင်ဆင်၍ မောင်ထက် ဆောင်တို့အား မှာကြားရလေ၏။

''မောင်ထက်အောင်...မင်းနဲ့ ကင်းသမားက ဂူရှေ့က မြင်မတော်တဲ့အလောင်းတွေကို မြေမြှုပ်လိုက်ပါ''

''ဟုတ်ကဲ့ဦး''

''သမီးရွှေစကား''

''ရှင်''

''သမီးက ပစ္စည်းတွေသိမ်းဆည်းထားပါ၊ အဘ အဘိုးနဲ့ ဏလိုက်သွားဦးမယ်''

''ဟုတ်ကဲ့အဘ''

ကျွန်ုပ်သည် သူတော်စင်အဘိုးနှင့်အတူ ဂူအတွင်းသို့ င်ရောက်လိုက်ပါသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူတော်စင်အဘိုးနှင့်အတူ ဂူအတွင်းသို့ ဝင်ခဲ့လေတော့၏။ ဂူဝ၌ ညှိစိုစိုသွေးနံ့တို့နှင့်အတူ ယမ်းနံ့များ[illegible] ဖုံးလွှမ်းနေဆဲပင်ဖြစ်သည်။

ကျွန်ုပ်သည် ဂူအတွင်းဘက်သို့ရောက်သောအခါ အလင်[illegible] ထွက်နေသောဂူနံရံများကို သေချာလေ့လာမှတ်သားခဲ့လေ[illegible] ဂူနံရံအခြေတွင် လူအရိုးစုများတွေ့ရသဖြင့် ကျွန်ုပ်မှာ များစွာ[illegible] အံ့သြရလေသည်။

ဂူကြီးသည် အထဲသို့တော်တော်ဝင်လာပြီးသည့်နောက်[illegible] အမြွာမျှားသဖွယ်ဖြစ်နေသော ဂူလမ်းကြောင်းများ ငါးခုခန့်[illegible] သွားလေရာ ဘယ်ဘက်အစွန်ရှိဂူပေါက်ထဲသို့ သူတော်စင်အဘိုး[illegible] ဝင်ရောက်သွားလေသဖြင့် ကျွန်ုပ်လည်း အဘိုးနောက်မှ လိုက်[illegible] သွားရလေ၏။ ထိုဂူ၏အဆုံးစွန်တစ်နေရာတွင် သူတော်စင်အဘိုး[illegible] တရားအားထုတ်ဟန်ရှိသည့်ကျောက်ဖျာကြီးတစ်ခုကို တွေ့ရလေ[illegible] ၏။ ကျောက်ဖျာအထက်နားတွင် ဉာဏ်တော်အမြင့်နှစ်တော[illegible] ခန့်ရှိ ရှေးဟောင်းဘုရားဆင်းတုတော်တစ်ဆူကို ကြည်ညိုဖွယ်[illegible] ဖူးတွေ့ရလေသဖြင့် ကျွန်ုပ်လည်း ထိုင်ကာဦးခိုက်လိုက်မိလေ[illegible] ကျောက်ဖျာကြီးအနီး၌ သူတော်စင်ကြီးက ခေတ္တရပ်ကာ...

''မောင်ရင်...ဒီမှာ ခဏစောင့်ပါဦး''





''ဟုတ်ကဲ့အဘိုး''

သူတော်စင်အဘိုးသည် ကျွန်ုပ်အား ကျောက်ဖျာအနီးတွင် [illegible]အားခဲ့ပြီးနောက် ကျောက်ဆောင်ကျောက်စွယ်များအတွင်းသို့ [illegible]င်ရောက်ပျောက်ကွယ်သွားလေသဖြင့် ကျွန်ုပ်မှာ ယောင်လည် [illegible]ည်ဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်သည် ဂူကြီး၏ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှု [illegible]လေရာ ကျွန်ုပ်၏ဘယ်ဘက်ဘေးတွင် အတွင်းသို့ဝင်သွားသော [illegible]ပေါက်တစ်ခုကိုတွေ့ရှိရပြန်လေသဖြင့် စူးစမ်းလိုသောစိတ်ကို [illegible]ထိန်းနိုင်ရကား ထိုဂူပေါက်ဝမှ အနီးသို့တိုးလျက် အတွင်းဘက် [illegible] ချောင်းမြှောင်းကြည့်ရှုမိလေ၏။

ထိုစဉ် သူတော်စင်အဘိုးပြန်ရောက်လာကာ...

''ရော့''

''ဒါဘာလဲအဘိုး''

''ရတနာတွေကွယ့်၊ ဒီဂူကို လောဘသားတွေ မကြာခဏ [illegible]ရောက်တတ်ကြတယ်၊ ဒါပေမယ့် သူတို့အားလုံးဟာ အဖြစ် [illegible]တွေနဲ့ကြုံကြရတာပဲကွယ်''

''ဒီရတနာတွေကို ကျွန်တော် ဘာလုပ်ရမှာလဲအဘိုး''

''ဒီရတနာတွေကိုထုပ်ခွဲပြီး ဘုရားမှာလှူပေးပါကွယ်၊ ပြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီမှာရှိတဲ့ မကျွတ်မလွတ်ပုဂ္ဂိုလ်တွေကိုရည်စူးပြီး အမျှ
ဝေစေလိုပါတယ်''

အဘိုးစကားကြောင့် ကျွန်ုပ်လည်း ကတိပေးလိုက်ရ
တော့၏။

''ဟုတ်ကဲ့အဘိုး၊ ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်''

''မကြာခင် ကချင်ပြည်နယ်ကြီးမှာ သာသနာဖွံ့ဖြိုး
တက်လာဦးမှာကွယ့်၊ ပဌာန်းဆက်အကြောင်းတရားတွေကရှိ
တော့ အဲဒီမှာပဲ ကုသိုလ်ပြုလှူဒါန်းပေးပါကွယ်''

''ဟုတ်ကဲ့အဘိုး၊ စိတ်ချပါခင်ဗျာ''

ကျွန်ုပ်သည် ဂူအတွင်းမှ သူတော်စင်အဘိုးပေးလိုက်သော
အထုပ်လေးတစ်ထုပ်ယူ၍ အပြင်ထွက်လာသောအခါ၌ မော
ထက်အောင်တို့မှာ ရှင်းလင်းပြီးဖြစ်နေပေပြီ။ ထို့အတူ ရွှေစက
လည်း ပစ္စည်းများထုပ်ပိုးသိမ်းဆည်း၍ အသင့်ဖြစ်နေသဖြ
ကျွန်ုပ်တို့သည် ထိုနေရာလေးမှာဖယ်ခွာခဲ့ကြကာ ကျွန်ုပ်တို့အ
သူတော်စင်အဘိုးညွှန်ပြလိုက်သည့်လမ်းကိုရှေ့ရှုလျက် အပြ
အတွက် ခရီးဆက်ခဲ့ကြလေတော့သတည်း။

# အပြန်ခရီး

## (၂၁)

ကျွန်ုပ်တို့သည် ချောင်းရိုးလေးအတိုင်း အထက်သို့ဆန်
တက်ခဲ့ကြလေတော့၏။ တချို့နေရာတို့ကား တောကြီးနက်လွန်း
တာ ချောက်ကမ်းပါးကြီးများဖြစ်နေသောကြောင့် ကွေ့ပိုက်ရှောင်
ဖယ်ကာ သွားကြရလေ၏။

''မောင်ထက်အောင်ရေ…ဒီချောင်းရိုးလေးကိုတော့ မျက်
ခြေမပြတ်စေနဲ့ကွ၊ ဒီချောင်းရိုးလေးအတိုင်း အထက်တက်မှ
တို့လာလမ်းပြန်တွေ့လိမ့်မယ်''

''ဟုတ်ကဲ့ဦး''



www.burmeseclassic.com

www.burmeseclassic.com



နေ့တဝက်ကျိုးသောအခါ အလာခရီးတုန်းက ကျွန်ုပ်တို့ ခေတ္တထမင်းစားရာနေရာလေးသို့ ဖောက်ထွက်ရောက်ရှိလာခဲ့လေတော့၏။ ကျွန်ုပ်တို့သည် ထိုနေရာလေးမှာပင် ခေတ္တအနားယူကြလေ၏။ ကျွန်ုပ်က...

"ဟိုသူငယ် ဒီကိုလာပါဦးကွ"

"ဟုတ်ကဲ့အဘ"

"မင်းနာမည် ဘယ်လိုခေါ်သလဲကွယ့်"

"ကျွန်တော့်နာမည် မောင်တင့်ခေါ်ပါတယ်အဘ၊ စီဟက်ဆိုတဲ့ရွာလေးမှာနေတာပါ"

"အေးကွာ...ခု မင်းဘဝရှေ့ရေး ဘယ်လိုခရီးဆက်မလဲဆိုတာ သိချင်လို့ကွယ့်"

"ကျွန်တော့်ကို သက်ဆိုင်ရာအဖွဲ့အစည်းမှာ အပ်ပေးပါအဘရယ်၊ ကျွန်တော့်မိုက်ပြစ်တွေကို နောင်တရမိနေပါပြီ၊ နောက်ဆိုရင် ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ကိုင်စားသောက်ပါတော့မယ်အဘရယ်"

"အေးကွယ်...သာဓုခေါ်ပါတယ်၊ လူဆိုတာ အမှားကင်းခဲတယ်ကွယ့်၊ မှားမှန်းသိရင် အချိန်မီပြင်တော့ ကောင်းတာပေါ့ကွယ်"





အတန်ကြာသောအခါ ရွှေစကား ကျွန်ုပ်အနီးရောက်လာလေသည်။

"အဘ"

"ဟေ"

"မိုက်ဆာနေပြီလား"

ရွှေစကားက ကျွန်ုပ်အနီးလာထိုင်ရင်း မေးလိုက်၏။

"ဟင့်အင်း...မဆာပါဘူးကွယ်၊ အဘိုးကျွေးလိုက်တဲ့ ရွှေငှက်ပျောသီးတန်ခိုးက တစ်နေ့လုံးအဆာခံနိုင်တယ်မဟုတ်လား"

"ဟုတ်တယ်နော် အဘ၊ သမီးဖြင့် အရမ်းအံ့ဩတာပဲ၊ အဘိုးက ဒီလိုပဲ တောထဲမှာနေတာလားဟင်"

"အင်း...ဆိုပါတော့ကွယ်၊ ဝိဇ္ဇာ လိပ်စာမရှိ စကားရှိသကွယ့်၊ သူတော်ကောင်းတရားကျင့်ကြံအားထုတ်နေတဲ့ လောကီဝိဇ္ဇာ၊ လောကုတ္တရာဝိဇ္ဇာအစစ်အမှန်တွေဟာ လူအများသိကုန်ကြမှာ အလွန်စိုးရိမ်တယ်၊ လူသိမခံလိုဘူး၊ လူမြင်မခံလိုဘူး"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

"လူတွေအထင်ကြီးမှာ မလိုလားဘူးကွယ့်၊ ပြီးတော့ မိမိကျင့်ကြံအားထုတ်နေတဲ့အကျင့်တရားကိုလည်း လူအများသိမှာစိုးတယ်၊ ဒါကြောင့် သူတို့ဟာ လူတောထဲမှာမနေလိုဘူး၊ လူသူ



www.burmeseclassic.com

www.burmeseclassic.com



လေးပါးရှိရာနေရာမှာ အားမထုတ်ဘူး၊ မပွားများဘူး၊ မကျင့်ဆောင်ဘူး၊ ဒါကြောင့် တစ်ခါတရံမှာ လူတွေမကြည်ဖြူအောင်နေတတ်ကြတယ်၊ ရှုးသွပ်ဆွံ့အနေတတ်ကြတယ်၊ ပြီးတော့ သူတို့က လောဘနည်းတယ်၊ ဒေါသမရှိဘူး၊ မောဟမာန်မာနမရှိဘူး၊ လူသူလေးပါးနဲ့လည်း သိပ်စကားမပြောဘူး၊ မကောင်းသူပယ်၊ ကောင်းသူကိုကယ်တတ်ကြတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ သူတော်စင်ဝိဇ္ဇာအစစ်လို့ ဝေပုလ္လရာမဆရာတော်က ရေးသားတော်မူခဲ့တယ်ကွယ့်''

''ဟင်...ဒါဆို အဘရယ်၊ ဝိဇ္ဇာအတုဆိုတာရှိသေးတယ်ပေါ့''

''ရှိတာပေါ့ကွယ်၊ ဒီခေတ်ကြီးက အတုအယောင် အင်မတန်ပေါများတာကွယ့်၊ အဲဒီလိုဝိဇ္ဇာတုတွေဟာ ရုပ်ပျက်ဆင်းပျက်နဲ့ ဣန္ဒြေမရှိဘူး၊ တည်ငြိမ်မှုမရှိဘူး၊ အရပ်တကာ၊ မြို့တကာ လှည့်လည်သွားလာတတ်ကြတယ်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေထားပြီး နောက်လိုက်တပည့်တွေနဲ့ ဟိတ်ဟန်ထုတ်တတ်ကြတယ်၊ ဘယ်မှာ အမျိုးသမီး၊ ညာမှာ အမျိုးသားယောက်ျားထားပြီး ဟိတ်ဟန်ပြတဲ့တောင်ဝှေးကိုလည်း ကိုင်ဆောင်ထားတတ်သေးတယ်၊ ဓာတ်ခန်းဓာတ်နန်းတွေနဲ့ ကန်တော့ပွဲအံစုံနဲ့ ပိတ်





ဖြူစင်ကြယ်ဝတ်ပြီး ဦးတဖွဖွလုပ်၊ နံနက်စာ၊ ညစာအကုန်စား၊ တချို့က ဖနီးမယားတွေနဲ့ ဦးဖွနဲ့ ရှာရသမျှအကုန်အပ်တဲ့ ဝိဇ္ဇာတု ဝိဇ္ဇာယောင်တွေလည်း ရှိတတ်ကြသေးတယ်ကွယ့်''

''ဟင်...တကယ်မလွယ်ဘူးနော်''

''ဟုတ်တာပေါ့ကွယ်၊ ပညာသတိရှိတဲ့သူတွေကတော့ ဝိဇ္ဇာတု ဝိဇ္ဇာအစစ်ကို အကဲခတ်ကြည့်ရုံနဲ့ သိရှိတတ်ကြတယ်ကွယ့်''

''အဘက စာရေးဆရာဆိုတော့ ဒါတွေသိတာပေါ့နော်''

''စာရေးဆရာမို့ သိတာမဟုတ်ပါဘူးကွယ်၊ အဘက ဖတ်ထား မှတ်ထားမိလို့ပါရွှေစကားရယ်''

ထိုစကားကို ကျွန်ုပ်ပြောခြင်းမဟုတ်။ မောင်ထက်အောင်က ကျွန်ုပ်ကိုယ်စားဝင်ပြောလိုက်၍ ဝါးခနဲပွဲကျသွားလေတော့သည်။

ထို့နောက် ကျွန်ုပ်က...

''ကဲ...ကဲ...အမောလည်းပြေပြီ၊ ခရီးဆက်ကြစို့၊ အဆင်းစခန်းဆိုတော့ မြန်မှာပါ၊ မိုးမချုပ်ခင် မိုးမောက် အချိန်မီရောက်နိုင်မှာပါ''

ကျွန်ုပ်ခန့်မှန်းခြေမှန်လေ၏။ ကျွန်ုပ်တို့သည် မိုးမချုပ်မီ



www.burmeseclassic.com

www.burmeseclassic.com



ပင် မိုးမောက်သို့ ရောက်ရှိခဲ့လေတော့၏။ ကျွန်ုပ်သည် မိတ်ဆွေ
ဖြစ်သူ ဆင်ဝါးနော်အား ကျွန်ုပ်တို့ကြုံတွေ့ခဲ့ရသောအဖြစ်အပျက်
တို့ကို အတိုချုံးပြောပြကာ မောင်တင့်ကို သေနတ်နှင့်အတူ
ဆင်ဝါးနော်ထံသို့ အပ်ပေးလိုက်၏။ ဆင်ဝါးနော်ကလည်း အမြင်
မှန်ရလာသည့်မောင်တင့်ကို အလုံးစုံကူညီမည်ဖြစ်ကြောင်း ပြော
ကြားအားပေးကာ သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံပေးလိုက်လေ
၏။

ကျွန်ုပ်တို့သည် ရေမိုးချိုးကာ ခေတ္တအနားယူပြီးနောက်
ညနေစာစားသောက်ပြီးသောအခါ စကားပြောဖြစ်ကြသည်။
မောင်ထက်အောင်က...

"အဝါး...အနူးလည်း အတော်ပိန်သွားတယ်နော်"

(အဝါး= အဖေ၊ အနူး= အမေ)

"ဟုတ်တယ် ဘရန်ရှောင်၊ ဒီရက်တွေမှာ သူ အအိပ်
အစားနည်းတယ်"

"အခု အနူးအိပ်ပျော်သွားပြီအဝါး။ ကျွန်တော် ဆေးထိုး
ချော့တိုက်ပြီး သိပ်ထားတယ်၊ ဆေးမြစ်က သိပ်အစွမ်းထက်
တယ်"

"အေး...ကောင်းတာပေါ့ကွာ"



"အဝါး...ကျွန်တော်မရှိတော့ ကားထွက်ဖြစ်လား"

"အေး...ထွက်ဖြစ်တာပေါ့၊ ငါ လူ့ဘားရှာပြီးထည့်ထား
တယ်၊ ရှာခရီးသည်တွေက တို့ကားပဲ အားထားနေရတာမဟုတ်
လား"

မောင်ထက်အောင်သည် ခေတ္တစဉ်းစားကာ တွေးတွေး
ဆဆပြောလေ၏။

"အဝါး...ကျွန်တော်ကတော့ ဒီကနေ မြို့လိုနေရာမျိုးမှာ
ပြောင်းနေချင်တယ်"

"ဟေ...ဘာဖြစ်လို့လဲကွယ်"

မောင်ထက်အောင်စကားကို ကျွန်ုပ်ရော၊ ရွှေစကားပါ
စိတ်ဝင်စားနေမိလေသည်။ မောင်ထက်အောင်က...

"အနူးကျန်းမာရေးကြောင့်ပါ၊ မြို့မှာနေပြီး ဖိဖိစီးစီးဆေး
ကုချင်တယ်၊ ပြီးတော့ မိသားစုဘဝလုံခြုံရေးအတွက်လည်း
ပါတာပေါ့"

ဆင်ဝါးနော်က ပွတ်ချွန်းလိပ်ကို မီးညှိဖွာရှိုက်ရင်း...

"အေး...ဘရန်ရှောင်၊ နင်က အတွေးတစ်မျိုးကိုး၊ ငါက
ဒီမှာပဲ နေထိုင်လုပ်ကိုင်ရတာပျော်တယ်ဟ၊ ဘယ်မှသိပ်မသွား
ချင်၊ မပြောင်းချင်ဘူး၊ ဒါပေမယ့် နင်ပြောတာလည်း မှန်ပါတယ်
ဘရန်ရှောင်၊ ငါစဉ်းစားမယ်လေ"

ခုနစ်စင်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအဖစကားပြတ်သွားတော့ ကျွန်ုပ်က ရွှေစကားဘက်လှည့်၍...

''သမီးအစီအစဉ်ကရော ဘယ်လိုလဲကွယ့်''

''သမီး မနက်ဖြန် ဗန်းမော်ဆင်းမယ်လေ''

ရွှေစကား၏ပြောစကားကြောင့် မောင်ထက်ဒေအာင်က...

''ရောက်တုန်း တစ်ရက်နှစ်ရက်နားပါဦးလား ညီမရယ်၊ နောက်ဆိုရင် ညီမလည်း ဒီကို တော်တော်နဲ့ရောက်ဖြစ်မှာမဟုတ်ဘူးလေ''

ကျွန်ုပ်က...

''ဟုတ်တာပေါ့ သမီးရယ်၊ နောက်ရက်ကျမှ အဘတို့ အတူသွားကြတာပေါ့၊ အဘလည်း မြစ်ကြီးနားကို ခရီးဆက်စရာရှိသေးတယ်ကွယ့်''

''ဟင်...ဟုတ်လားအဘ၊ မြစ်ကြီးနားကို ဘာကိစ္စသွားမှာလဲဟင်''

ကျွန်ုပ်က ချက်ချင်းမဖြေဘဲနေသဖြင့်...

''ပြောပါ အဘရဲ့၊ ဘာကိစ္စလဲ''

''သမီးကို သမီးမိဘတွေဆီ ပြန်လိုက်ပို့မလို့''





''ဟင်...တကယ်၊ တကယ်နော်အဘ''

ရွှေစကားဝမ်းသာသွားဟန်ကြောင့် ကျွန်ုပ်လည်း ရွှေစကားကို ပြုံးပြုံးကြီးကြည့်နေလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

နာနာဘာဝဂူ

(၂၂)

နောက်ရက်တွင် ဒေါ်ခေါင်နူးသည် သိသိသာသာပင် ကျန်းမာရေးကောင်းလာသည်ကိုမြင်တွေ့ရသဖြင့် ကျွန်ုပ်တို့မှာ အတိုင်းမသိဝမ်းသာမိရလေတော့၏။

ကျွန်ုပ်သည် သူငယ်ချင်းဖြစ်သူ ဆင်ဝါးနော်က ကင်းစခန်း သွားနေသဖြင့် အိမ်ရှေ့အရိပ်ရသောနေရာရှိ ပက်လက်ကုလား ထိုင်တွင်သွားထိုင်ကာ ကြုံတွေ့ခဲ့ရသောခရီးစဉ်အကြောင်းကို ပြန်လည်တွေးတောနေမိပေတော့၏။

ထိုအခိုက် မောင်ထက်အောင်နှင့် ရွှေစကားတို့နှစ်ယောက် သည် အိမ်ဝိုင်းထဲဝင်လာသည်ကို ကျွန်ုပ်တွေ့လိုက်ရပေ၏။

ခုနစ်စင်ကြယ်စာပေ



"ဘယ်လိုလဲဟေ့ သမီးရွှေစကား၊ ရေပူစမ်းသွားတာ ပျော်ရဲ့လား"

"ဟုတ်ကဲ့အဘ၊ သမီးပျော်ပါတယ်၊ ဒီခရီးက သမီး အတွက် အမှတ်ရစရာတွေ များသွားပြီအဘရယ်"

ကျွန်ုပ်အနီးရှိထိုင်ခုံလေးများတွင် သူတို့နှစ်ဦးက ဝင် ရောက်ထိုင်လိုက်လေသည်။

"အဘ…သမီးသိချင်တာ ရှိသေးတယ်လေ"

"ဟေ…ဘာပါလိမ့်ကွာ၊ သမီးက ဘာသိချင်သေးတာလဲ"

"ဟိုလေ…ဂူထဲက သရဲဆိုတာ"

"သြော်…အေး…ဟုတ်တာပေါ့၊ ပြောပြရမှာပေါ့"

"အဘ အဲဒီဂူထဲရောက်တော့ သရဲနဲ့တွေ့လားဟင်"

"မတွေ့ပါဘူးကွယ့်၊ ဒီလိုကွယ့်…အဘထင်တာမမှားဘူး၊ အဲဒီဂူကြီးက အလင်းတွေထွက်နေတာ သမီးသိတယ်နော်"

"ဟုတ်ကဲ့အဘ"

"အေး…အဲဒါ လူမိုက်ဖော်မှိုင်းတို့ထင်သလို ရတနာတွေ ရဲ့ အလင်းထွက်နေတာလို့ မထင်လေနဲ့ကွယ့်"

"အဲဒါ ဘာကြောင့်လင်းနေတာလဲဦး၊ ကျွန်တော်လည်း သိတ်ဝင်စားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ...အဲဒါ 'လွဲ' လို့ခေါ်တဲ့သတ္တဝါတစ်မျိုးက အရော
တွေထွက်နေတာပါကွယ်"

"လွဲ...ဟုတ်လား"

"အေး...ဟုတ်တယ်၊ အင်္ဂလိပ်မှာအသုံးပြုတဲ့ ဘင်၊ ၎
အဲလိုဆန်ဆန် သတ္တဝါတစ်မျိုးပေါ့၊ သူက လွဲစိမ်း၊ လွဲကျက်
နှစ်မျိုးရှိတယ်၊ သူက အမှောင်ထဲမှာပဲမြင်နိုင်တယ်၊ သမီးကိုပြေ
ရဦးမယ်၊ သမီးမှတ်မိလား၊ မီးမွှေးတော့ သစ်ပင်ကြီးခြေရင်း
ရေမြှုပ်လိုစိမ်းစိမ်းကြီး မီးထဲဝင်သွားတာ"

"အင်း...ဟုတ်တယ်၊ သမီးမှတ်မိပြီအဘ၊ အဲဒါ သမီး
အကောင်ကြီးတစ်ကောင်မှတ်နေတာ"

"အေး...အဲဒါ လွဲစိမ်းပဲ"

"ဟင်...ဟုတ်လား"

"လွဲရဲ့သတ္တိက သူ့အနီးမှာမီးရှို့လိုက်ရင် အဲဒီလွဲမှာရှိ
တဲ့ဓာတ်က လေဆာရောင်ခြည်လိုပဲ မီးရှိရာကိုပြေးဟပ်ပြီး
လောင်တော့တာပဲ၊ ဖော်မှိုင်းဟာ အဲလိုဖြစ်ပြီး သေသွားတာ
ကွယ့်"

"ဟာ...အံ့သြစရာပါလားဦးရယ်၊ ကျွန်တော် အဲဒါတွေ
မသိဘူးဗျ"





"အဘရယ်...သမီးက တစ်မျိုးထင်နေတာ၊ ဂူထဲမှာ သရဲ
တွေ့တယ်လို့ သူတို့ကအော်နေတော့ သရဲကပဲလုပ်လိုက်သလား
ို သမီးကထင်နေတာ"

"ဟား...ဟား...သရဲဆိုတာ တခြားကွ၊ ပြီးရင်သိမှာပါ၊
နဲ့ဆက်ပြီး လွဲအကြောင်းပြောပြရဦးမယ်၊ လွဲကျက်ကို ရှေး
ရင်တွေလက်ထက်က တုံးတုံးတစ်တစ် လက်ဝတ်လက်စား
ွလုပ်ဝတ်ကြတယ်၊ ခုခေတ်ကျောက်စိမ်းလက်ကောက်၊
ျောက်စိမ်းလက်စွပ်ပုံသဏ္ဌာန်မျိုးပေါ့ကွာ၊ သူ့ရဲ့အရောင်က
ကြိုးလိုလို ရွှေလိုလိုအရောင်ရှိတယ်"

"သူက တန်ဖိုးရှိလားအဘ"

"ဘယ့်နှယ့်ပြောပါလိမ့်ကွယ်၊ အင်မတန်တန်ဖိုးကြီးတာ
ွယ့်၊ ဟိုဘက်နိုင်ငံကဆိုရင် ကျောက်စိမ်းထက် များစွာပိုပြီး
ေးပေးကြတယ်တဲ့"

မောင်ဆက်အောင်နှင့် ရွှေစကားက ငြိမ်သက်စွာတွေးနေ
ကြသည်။ ရွှေစကားက...

"ညညဆိုရင် သမီးတို့မြင်ရတာ အဲဒီဂူကြီးထဲမှာ လူအဝင်
ထွက်တွေလည်း မြင်တွေ့နေရတယ်၊ ပြီးတော့ သမီးတို့



www.burmeseclassic.com

www.burmeseclassic.com



လာကယ်ကြတဲ့လူတွေလည်း အဲဒီဂူထဲဝင်သွားကြတယ်
အထဲမှာ အဘ ဘာတွေတွေ့ခဲ့လဲဟင်"

"လူအရိုးတွေတွေ့ခဲ့တယ်၊ ဟိုးအရင်နှစ်များစွာက ဒီ
ထဲရောက်လာတဲ့ ထင်းခုတ်သမားတစ်စုထင်ပါရဲ့၊ ဘု
ဘာမသိ မီးတုတ်တွေနဲ့ ဂူထဲဝင်လာဟန်တူပါတယ်၊ အဲ
ဖော်မှိုင်းတို့လို အဖြစ်မျိုးကြုံပြီး မီးလောင်သေထားတာဖြစ်မှာ
သူတို့ဟာ အဲဒီမှာပဲ ကျွတ်လွတ်ဟန်မတူဘူး၊ သူတော်စင်အ
ကတော့ သူတို့အတွက် ကျွတ်တမ်းဝင်ဖို့ကြိုးစားရင်း အဲဒီဂူ
တရားအားထုတ်နေတာ၊ သူတို့လည်း အချိန်တန်ရင် ကျွတ်မှာ
ပြောတယ်ကွယ့်"

"ဪ...သမီးသဘောပေါက်ပါပြီ"

"ဂူရဲ့ဟိုးအတွင်းထဲဝင်သွားတော့ သူတော်စင်အဘိုး က
ကြံအားထုတ်တဲ့နေရာမှာ ရှေးဟောင်းဘုရားဆင်းတုတော်တစ်
ရှိတယ်ကွယ့်၊ ဉာဏ်တော်နှစ်တောင်လောက် အမြင့်ရှိမှာ
အဲဒီနေရာလေးမှာပဲ သူတော်စင်အဘိုးက ကျင့်ကြံအားထု
နေတာ၊ အဲဒီမှာ သူတော်စင်ကြီးက အဘကို တာဝန်တစ်ခု
အပ်လိုက်တယ်ကွယ့်၊ အဘမှာ အဲဒီတာဝန်ကျန်သေးတယ်

"အဘရေ...သမီးဖြင့် ဒီအတွေ့အကြုံဟာ သိပ်ပြီးတန်





ဖိုးတာပဲလို့တွေးမိပါတယ်၊ လောကကြီးကကျယ်ပြောလှတော့ သမီးတို့မသိသေးတာတွေ၊ သိသင့်တာတွေ အများကြီးရှိသေးတယ်နော်၊ သူတော်စင်အဘိုးတို့လို ပုဂ္ဂိုလ်မျိုးတွေရှိတယ်ဆိုတာတောင် သမီးက ခုမှကိုယ်တွေ့ကြုံရတာ"

"အတွေ့အကြုံ ဗဟုသုတ အကြားအမြင်ဆိုတာ များများသိရှိလေ တန်ဖိုးရှိလေပေါ့သမီးရယ်၊ အဘကတော့ အဲဒီဂူကို 'ပြိတ္တာဂူ'လို့ အမည်ပြုထားတယ်"

ကျွန်ုပ်တို့စကားကောင်းနေစဉ် မောင်ထက်အောင်က...

"ဦး...ကျွန်တော် အနွးကိုသွားကြည့်လိုက်ဦးမယ်၊ ပြီးရင် အနွးကိုဆေးတိုက်လိုက်ဦးမယ်နော်"

"ကိုထက်...ညီမပါလိုက်မယ်၊ အဘ သမီး အနွးကို သွားကြည့်လိုက်ဦးမယ်နော်"

"အေး...အေး"

သူတို့နှစ်ဦးသည် ကျွန်ုပ်ကိုနှုတ်ဆက်လျက် အိမ်အတွင်းဝင်သွားကြလေတော့၏။ ကျွန်ုပ်ကား သူတော်စင်အဘိုးအိုနှင့် ထူးဆန်းသော ပြိတ္တာဂူကြီးအကြောင်းကိုသာ ဆက်လက်တွေးတောနေမိပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အချစ်သဘော

## (၂၃)

"ဘော်...ဘူ...ဘော်"

ကျွန်ုပ်နှင့် ရွှေစကားတို့စီးနင်းလိုက်ပါလာမည့် သင်္ဘောကြီးက မကြာမီအချိန်အတွင်း ဗန်းမော်ဆိပ်ကမ်းမှ ထွက်ခွာတော့မည်ဖြစ်ပေသည်။

ကျွန်ုပ်သည် ဗန်းမော်မြို့ကြီးကို နှုတ်ဆက်အကြည့်ဖြင့် ကြည့်ကာ အတွေးနယ်ချဲ့နေမိပေ၏။

မောင်ထက်အောင်၏မိခင် ဒေါ်ခေါင်နူးမှာကား 'နှယ်လောင်ကျောက်ကွဲ'မြစ်၏ ဆေးအစွမ်းကြောင့် ရက်ပိုင်းအတွင်း





သိသိသာသာပင် ထူထူထောင်ထောင်ရှိလာကာ စကားလည်း ပြန်လည်ပြောဆိုခြင်းပြုပြီဖြစ်သည်။

ကျွန်ုပ်နှင့် ရွှေစကားလည်း ပြန်ရန်ပြင်ဆင်နေကြ၏။

"ကိုထက်"

"ဘာလဲ ညီမ"

"ညီမတို့မြစ်ကြီးနားကို အလည်လိုက်ခဲ့ပါလားဟင်"

မောင်ထက်အောင်က ရွှေစကား၏ပြောစကားကြောင့် ငိုင်တွေသွားရှာလေ၏။ ပြီးမှ သက်ပြင်းမှုင်းမှုင်းချကာ...

"ညီမကို အစ်ကိုလည်း လိုက်ပို့ပေးချင်ပါတယ်ကွယ်၊ အခုလောလောဆယ် အဝါးကလည်း တာဝန်တွေများ၊ အနေကလည်း ကျန်းမာရေး သိပ်မကောင်းရှာတော့..."

မောင်ထက်အောင်စကားကြောင့် ရွှေစကား မျက်ရည်ဝဲလာသည်။

"အစ်ကိုကို နားလည်ပေးနော်"

ရွှေစကားက ဘာမှပြန်မပြောတော့။ ပစ္စည်းတွေကိုသာ သိမ်းဆည်းနေလေ၏။ ကျွန်ုပ်တို့သည် ဗန်းမော်ရောက်ပြီးနောက် သင်္ဘောကြိုတင်လက်မှတ် တစ်ရက်ကြိုဖြတ်ကာ ဗန်းမော်တွင် တစ်ညနားရလေ၏။ ရွှေစကား၏အစ်မ ငွေစကားကို လာရောက်

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားပြီဖြစ်ကြောင်းသိရလေသဖြင့် ကျွန်ုပ်တို့ ဝမ်းသာ မိရပေတော့သည်။

"ဘော်...ဘူ...ဘော်"

သဘော်ကြီးက ဒုတိယအကြိမ် ရှည်လျားစွာဥသြဆွဲပြန်၏။

ရွှေစကားရင်ထဲ၌ အလိုလိုဝမ်းနည်းစိတ်များ ဖြစ်ပေါ်လာလေသည်။ ဝမ်းနည်းစိတ်ကြောင့်ထင့်။ မျက်ရည်စများက မျက်ဝန်းတွင် သိုင်းဖွဲ့လာလေတော့၏။

သူမက ဖြစ်ပျက်ကြုံတွေ့ခဲ့သမျှအကြောင်းကို ပြန်လည်စဉ်းစားမိတော့ ကိုထက်ကို အရမ်းသတိရမိ၏။

တောထဲတွင် ကိုထက်နှိပ်စက်ခံရပုံ၊ သူမကိုစောင့်ရှောက်ပုံ၊ ရိုးသားမှုရှိပုံ၊ ကြင်နာမှုရှိပုံတွေကို မျက်စိထဲမြင်ယောင်လာသည်။

သူမ ကိုယ့်စိတ်ကိုယ် မညာတမ်းဆန်းစစ်ကြည့်နေမိ၏။ သူမ ကိုထက်ကိုချစ်နေမိပြီလား။

သူမက ကိုယ့်နှလုံးသားကို ကိုယ်မညာချင်။ တွယ်တာမိသော သူ့စိတ်ကို သူမလက်ခံနားလည်လိုက်မိလေပြီ။

သို့သော် သူမတွယ်တာမိလေသော ချစ်သူသည် သူမအနီး ၌မရှိချေပြီ။ ပွင့်လင်းခွင့်မရှိသော အချစ်နှလုံးသားအတွက် ရင်နာရလေမလား။ ကံကြမ္မာကို ယိုးမယ်ဖွဲ့ရလေမလား သူမ မစဉ်းစားချင်တော့။



"ဘော်...ဘူ...ဘော်"

သဘော်ကြီးက တတိယဥသြဆွဲကာ ကုန်းဘောင်များ တင်ကြပေတော့၏။ ထိုစဉ် လူငယ်တစ်ယောက် နောက်လွယ်ကျောပိုးအိတ်တစ်လုံးဖြင့် သဘော်ပေါ်သို့ သုတ်သုတ်အမြန်တက်လာသည်ကို သဘော်အပေါ်ထပ်မှ ကျွန်ုပ်တွေ့လိုက်ရလေ၏။

ကျွန်ုပ်သည် ရွှေစကားကို လှည့်ကြည့်လိုက်မိလေရာ ရွှေစကားသည် အဝေးတောင်တန်းကြီးများကို ငေးမျှော်ကြည့်လျက် မျက်ရည်တွေတွေစီးကျနေရှာလေ၏။

"သမီးရွှေစကား"

"ရှင်...အဘ"

ကျွန်ုပ်ခေါ်သံကြောင့် ရွှေစကားက မျက်ရည်များသုတ်ကာ ကျွန်ုပ်ဘက်သို့လှည့်လာလေ၏။

"ဘာတွေများ ဝမ်းနည်းပူဆွေးနေရတာလဲသမီးရယ် ကြေနွတော့ ဒီကောင်မလေး မောင်ထက်အောင်ကို သတိရနေပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ကျီစယ်စကားကြောင့် ရွှေစကားက မျက်ရည်ကြားမှ ပြုံးလိုက်လေသည်။ ကျွန်ုပ်သည် လူငယ်ဘာဝကို နား လည်မှုရှိရလေကား...

"အဘ မောင်ထက်အောင်ကိုခေါ်ပေးမယ်လေ၊ သူ့ကို တွေ့ရင် သမီးက ဘာပြောမှာလဲ၊ အဘသိချင်တယ်ကွယ်"

ရွှေစကားက ရှက်ပြုံးလေး ပြုံးလိုက်လေသည်။

"ညီမ"

"ဟင်"

ရွှေစကားနောက်မှ မောင်ထက်အောင်အသံကြောင့် သူမ က အံ့ဩစွာနောက်လှည့်ကြည့်လိုက်သည်။ ပြီးနောက် အံ့ဩ ဝမ်းသာစွာ မောင်ထက်အောင်ကို ပြေးဖက်လိုက်လေ၏။

"ကိုထက်...ကိုထက် လိုက်လာတယ်...ဟုတ်လား"

"အင်း...လိုက်လာတာပေါ့၊ ညီမနဲ့မခွဲနိုင်ဘူးလေ"

"သွား...အပိုတွေ"

ကျွန်ုပ်တို့မှာ ကြည်နူးစွာ ပြုံးတူရယ်မောမိကြပေတော့ ၏။ နောက်မှ ရွှေစကားက တအံ့တဩစကားဆိုလေသည်။

"ဒါနဲ့ ကိုထက်က ဘယ်ကဘယ်လို..."

"သြော်...ကိုထက်လိုက်ဖို့ ဦးကိုရော၊ အနူးနဲ့ အဝါးကို





ခွင့်ပြောတိုင်ပင်ပြီးသားပါ၊ အဲ...မတိုင်ပင်မိတာဆိုလို့ ရွှေစကား ဆိုတဲ့ ညီမတစ်ယောက်ပဲ"

"ဟင်...ကြည့်စမ်း...ကြည့်စမ်း၊ သူတို့က တိုင်ပင်ပြီးလုပ် ကြတာပေါ့လေ၊ ညီမကတော့ ကိုထက်နဲ့ခွဲရပြီမှတ်ပြီး မျက်ရည် တွေဘာတွေကျလို့ အခုတော့ ရှက်လိုက်တာ"

ရွှေစကားက ရှက်မျက်နှာနှင့် မောင်ထက်အောင်ကျောကို ထုနေလေရာ ကျွန်ုပ်တို့မှာ တဟားဟားရယ်မောမိကြလေတော့ ၏။

"ကဲပါ...ညီမရယ်၊ ညီမက ကိုထက်ကိုချစ်တယ်ဆိုတာ နောက်ကျနေပါပြီ၊ ကိုထက်ကလေ ညီမကို စတွေ့မြင်တဲ့နေ့က တည်း တိတ်တခိုးချစ်နေမိတာပါ၊ ဒီမှာကြည့်"

မောင်ထက်အောင်က ရွှေစကားကို လူဆိုးများလက်မှ ကယ်တင်ခဲ့စဉ်က ကျပ်ထုပ်ထိုးရန် ရွှေစကားပေးခဲ့သော သွေး စွန်းလက်ကိုင်ပုဝါလေးကို ထုတ်ပြလိုက်လေ၏။ ရွှေစကားက လက်ကိုင်ပုဝါလေးကိုကြည့်ကာ အလွန်ကျေနပ်သောမျက်နှာလေး ဖြင့်...

"ဒါဖြင့် ကိုထက်က ဘာလို့ဖွင့်မပြောရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ထက်အောင်က ရွှေစကားမျက်နှာလေးကိုကြည့်ကာ...

"အစ်ကိုတို့က အိမ်ရှင်လေ၊ အိမ်ရှင်ဆိုတာ ဧည့်ဝတ်ကျေပွန်ရမယ်၊ ဧည့်သည့်ကိုစောင့်ရှောက်ရမယ်၊ အခွင့်အရေးမယူရဘူးမဟုတ်လား၊ ညီမက အစ်ကို့ကို အခွင့်အရေးသမားထင်ပြီး မုန်းသွားမှာ အစ်ကိုကြောက်လှပါတယ်ကွာ၊ ပြီးတော့ ညီမနဲ့ အစ်ကို့ဘဝက အခြေအနေချင်းကွာခြားတယ်မဟုတ်လား။ ဒါတွေအစစတွေးပြီး ညီမကို ဖွင့်မပြောရက်ခဲ့တာပါ"

ထိုအခါ ရွှေစကားမှာ မောင်ထက်အောင်၏ဗိုက်ခေါက်ကို ဆွဲလိမ်လိုက်လေတော့၏။

"အား...နာတယ်ညီမရဲ့...ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

ကျွန်ုပ်တို့သုံးဦးရယ်မောသံသည် ဧရာဝတီမြစ်ပြင်ကိုလေပြေညင်းနှင့်အတူ လွင့်ပျံ့ပါသွားလေတော့၏။ သင်္ဘောကြီးသည် အစုန်ခရီးကိုဦးတည်လျက် ဆက်လက်ခုတ်မောင်းနေပေတော့သည်။

## ဗြိတ္တာဂူနှင့် နွယ်လောင်ကျောက်ကွဲ

(၂၄)

ကျွန်ုပ်တို့သည် ကသာမှတဆင့် နဘား၊ နဘားမှတဆင့် မြစ်ကြီးနားသို့ ရထားခရီးဖြင့် ရောက်ခဲ့ကြပေတော့၏။ မြစ်ကြီးနားဘူတာကြီးသို့ရောက်သောအခါ ရွှေစကားသည် အငှားကားတစ်စီးငှား၍ သူနေထိုင်ရာအိမ်သို့ ကျွန်ုပ်တို့အားခေါ်ဆောင်သွားလေ၏။ ရတနာကုန်သည် သူဌေးဦးပန်းအေးတို့လင်မယားကားသဘောထားကောင်းဟန်ရှိကြပြီး သမီးဖြစ်သူရွှေစကားကို ဝမ်းသမ်းတနည်းကြိုဆိုရှာလေ၏။

"ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ်၊ အမေတို့ တင်ရက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှ ရင်မအေးရဘူး၊ သမီးလေးကိုပဲ ရှာဖွေနေကြတာ''

ရွှေစကားသည်လည်း မျက်ရည်တွေတွေကျကာ မိဘနှစ်ပါး ကို ရှိခိုးဦးခိုက် တောင်းပန်သမှုပြုလေ၏။

''သမီးကိုခွင့်လွှတ်ပါ ဖေဖေနဲ့မေမေ၊ နောင်ကို မိဘစိတ် ဆင်းရဲအောင် သမီးမလုပ်တော့ပါဘူးရှင်''

''ဩော်...သမီးရယ်၊ မိဘဆိုတာ သားသမီးအပေါ် ဘယ် တော့မှ မေတ္တာမပျက်ဘူးကွယ့်၊ ခွင့်လွှတ်ပြီးသားပါကွယ်''

မိခင်ဖြစ်သူ ဒေါ်စံပယ်က ရွှေစကား၏ဦးခေါင်းလေးကို ပွတ်သပ်ရင်း မျက်ရည်တွေတွေကျနေရှာလေ၏။

''မမကြီးရောဟင်''

''ရှိတယ်သမီးရဲ့၊ မမကြီးကို ဗန်းမော်မှာသွားခေါ်ခဲ့ရတယ် လေ၊ မေမေ့မှာ ကံဆိုးရှာတဲ့သမီးကြီးဘဝကိုမြင်တွေ့ခဲ့ရလို့ ဝမ်း နည်းစိတ်မကောင်းဖြစ်ရတာကတစ်မျိုး၊ သမီးငယ်ရွှေစကားကို စိတ်ပူပန်သောကရောက်ရတာကတစ်မျိုးနဲ့ မေမေ့မှာ ကိုယ်စိတ် ပင်ပန်းနေတာ ကြာပါပြီကွယ်''

မိခင်ဖြစ်သူစကားကြောင့် ရွှေစကားမှာ မျက်ရည်ဖြိုင် ဖြိုင်ကျရရှာသည်။

''ခွင့်လွှတ်ပါမေမေရယ်''





ထိုစဉ် တစ်နှစ်သားအရွယ်ရှိ ကလေးငယ်လေးကိုပွေ့ချီ ကာ ငွေစကားရောက်ရှိလာလေ၏။

''မမ''

''ညီမလေး''

ညီအစ်မနှစ်ယောက် ဝမ်းနည်းဝမ်းသာပွေ့ဖက်လိုက်ကြ သတော့သည်။ ရွှေစကားက ကလေးကိုပွေ့ချီခေါ်လိုက်သည်။ လေးက တစ်နှစ်ကျော်ရှိပြီမို့ သိတတ်စပြုနေပြီဖြစ်၏။ မျက်နှာ သောရွှေစကားထံ သိပ်နေချင်ဟန်မရှိဘဲ အဘွားဖြစ်သူထံ သာ လက်ကမ်းနေသဖြင့် ရွှေစကားက ကလေးငယ်ကို မိခင် သူထံ လှမ်းပေးလိုက်သည်။

''မြင်တွေ့နေကျမဟုတ်တော့ တူလေးက နည်းနည်းစိမ်း ယ်မေမေ''

''ခဏပါကွယ်၊ နောက်ဆို ကလေးကသိလာမှာပါ၊ လာ... ငါ့မြေး ဘွားဘွားဆီကိုလာခဲ့''

ကလေးငယ်က အဘွားဖြစ်သူထံကို ရွှင်မြူးစွာလိုက်ပါ သဖြင့် ရွှေစကားက အစ်မဖြစ်သူကို လက်တို့ခေါ်ကာ အပြင် ခဲ့လေ၏။

''မမကိုပြောစရာရှိလို့ မမရဲ့''

www.burmeseclassic.com

www.burmeseclassic.com



"မမလည်း ညီမလေးကိုမေးချင်နေတာကွယ်၊ ညီမလေး ပြောမှာ ကိုဇော်မှိုင်းအကြောင်းမဟုတ်လား"

"ဟုတ်တယ်မမ"

ညီအစ်မနှစ်ဦး အတွေးကိုယ်စီဖြင့် ခေတ္တမျှငြိမ်သက်သွား ကြသည်။ သူတို့နှစ်ဦးသည် တရုတ်စကားပင်အောက်ရှိ ထိုင် တန်းလေးပေါ်သို့ ဝင်ထိုင်လိုက်ကြသည်။

"အဆုံးစွန်စကားတွေကို မမရင်ဆိုင်ဖို့ အသင့်ပြင်ဆ ပြီးသားပါ ရွှေစကားရယ်၊ ပြောသာပြောပါ"

ရွှေစကားက သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။ မှ စကားကို ဖြည်းညင်းစွာပြောလေ၏။

"ကိုဇော်မှိုင်းရင်ထဲမှာ မမမရှိတော့ဘူး"

ငွေစကားမျက်ဝန်းတွင် မျက်ရည်ဥတို့တွဲခိုနေကြ သည်။

"မသိပြီးသားပါကွယ်၊ မမသိပေမယ့် အချိန်လွန်သွ ပြီလေ၊ မမရဲ့မိုက်မဲမှု၊ ရူးသွပ်မှုဒဏ်တွေကို မမကျေနပ် ခံစားသွားမှာပါ"

"အို...မမရယ်"

ရွှေစကားက အစ်မဖြစ်သူကို ကြင်နာစွာ ပွေ့ဖက်နှစ်





လိုက်လေသည်။ ဖြစ်ကြောင်းကုန်စင်သိရလေသောအခါ ငွေ ကားခမျာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ဝမ်းနည်းကြေကွဲစွာ ကြွေးလေ၏။

ဦးပန်းအေးတို့မှာ ကျွန်ုပ်တို့ညီသည်နှစ်ဦးကို လွန်စွာမှ ဆိုက်ပေ၏။ သမီးနှစ်ယောက်နှင့် မိသားစုစည်းစည်းလုံးလုံး နေသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြဟန်ရှိသည်။ စကားတို့သားအမိမှာလည်း ကျွန်ုပ်တို့ကို ဝမ်းသာစွာကြိုဆို လေ၏။

သူဌေးဦးပန်းအေး၏ချမ်းသာကြွယ်ဝမှုမှာ အတော်ကြီးမား ရှိလေ၏။ ခြံဝိုင်းအကျယ်ကြီးအလယ်တွင် နှစ်ထပ်တိုက်ကြီး လှပစွာဆောက်လုပ်ထားပြီး ဘုရားခန်းကြီးမှာလည်း ခမ်းနား ညီဝါစွာ သီးသန့်ခန်းတည်ဆောက်ထားပေ၏။ ထိုအရာကို ညွှန်ခြင်းအားဖြင့် ဦးပန်းအေး၏ ဘာသာတရားကိုင်းရှိုင်းမှု ကျွန်ုပ်တို့ သိရှိနားလည်ခွင့်ရလိုက်ပေသည်။ ကျွန်ုပ်နှင့် ဝင်ထက်အောင်ကို အခန်းတစ်ခုတွင်ထားကာ လိုလေသေး အောင် ပြုစုစောင့်ရှောက်ကြလေသည်။ ခြံဝိုင်းကြီးတစ်ခုလုံး သစ်ပင်ပေါက်နေသည့်နေရာမှလွဲ၍ တစ်ဝိုင်းလုံး ကွန်ကရစ် ည်ခင်းထားလေသဖြင့် ကြည့်မြင်လေရာမှာ ရှင်းသန့်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပေ၏။ ထူးခြားသည်မှာ မီးဖိုဆောင်ကို အိမ်နောက်၌ သီး
ခြားဆောက်လုပ်ထားခြင်းပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ခရီးပန်းလာကြသဖြင့် ရေမိုးချိုး
ခေတ္တ အိပ်စက်အနားယူကြပြီးနောက် ညနေပိုင်းတွင် ကျွန်ုပ်
ဦးပန်း အေးတို့ ဧည့်ခန်းမ၌ စကားပြောဖြစ်ကြပေတော့
ရွှေစကား က...

"ဖေဖေ...ဒါ သမီးကို မိဘနဲ့မခြား ပြုစုစောင့်ရှောက်ပေး
တဲ့ အဘစာရေးဆရာပါ"

"ဩော်...ဟုတ်ကဲ့ဆရာ၊ သိရတာ ဝမ်းသာပါတယ်
အမည် ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည် ဦးအံ့ထူးအောင်ပါ၊ ဒီကမိတ်ဆွေ သူ့
ဦးပန်းအေးအကြောင်းကိုတော့ သမီးရွှေစကားပြောပြထား
သိထားရပြီးပါပြီ"

"ဟုတ်ကဲ့ဆရာ၊ ဆရာနဲ့ ခုလိုသိကျွမ်းခင်မင်ခွင့်ရတ
ကျွန်တော် အင်မတန်ဂုဏ်ယူပါတယ်၊ ပြီးတော့ ကျွန်တော့်သမီး
လေးရွှေစကားကို မိဘသဖွယ် ပြုစုစောင့်ရှောက်ပေးတယ်သိ
ပြန်တော့လည်း ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ဖေဖေ...သူကတော့ ကိုထက်အောင်လို့ခေါ်ပါတယ်၊ ဇ
မော်ဘက်ကပါ၊ ပြီးတော့ သမီးချစ်သူလည်းဖြစ်ပါတယ်"





"ဟင်"

ဦးပန်းအေးက မောင်ထက်အောင်ကို တအံ့တသြကြည့်
ိုက်လေ၏။

"သမီးချစ်သူကို ဖေဖေ့ဆီခေါ်လာခဲ့ပြီနော်၊ သူ့ကို ဖေဖေ
သ့လာအကဲခတ်ပါ၊ ပြီးရင် သမီးတို့ကို လက်ထပ်ပေးပါနော်"

ဦးပန်းအေးက ရုတ်တရက် မျက်ခုံးနှစ်ဘက်မြင့်တက်
သွားကာ...

"ဖေဖေ သဘောကျနှစ်သက်သူမဟုတ်ဘူးဆိုရင်ကော
သမီး"

ရွှေစကား တွေဝေသွားရှာသည်။

"သမီး ဖေဖေ့စကားနားထောင်ပါ့မယ်"

ဦးပန်းအေးက တစ်ချက်ပြုံးလိုက်သည်။ ကျွန်ုပ်က...

"မောင်ထက်အောင်က ဥစ္စာစနကလွဲပြီး ကျန်တဲ့အရည်
အချင်းတွေကိုတော့ ကျုပ်က ထောက်ခံမဲအပြည့်ပေးပါတယ်"

"ဩော်...ဆရာက ထောက်ခံမဲပေးပြီဆိုတော့ အမှတ်က
ီးဆယ်ရာခိုင်နှုန်းရသွားပြီပေါ့ ဆရာရယ်...ဟား...ဟား"

ကျွန်ုပ်တို့နှစ်ဦး သဘောကျစွာ ပြိုင်တူရယ်မောမိလိုက်
ကြလေတော့၏။ ရွှေစကားက...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ...သမီးတို့နှစ်ယောက် အပြင်မှာသွားထိုင်မ
နော်၊ ဖေဖေတို့ လွတ်လွတ်လပ်လပ်စကားပြောပါ"

သူဌေးဦးပန်းအေးခေါင်းညိတ်ပြသဖြင့် သူတို့နှစ်ဦး အပြ
သို့ထွက်ခွာသွားလေ၏။ ထိုအခါမှ ကျွန်ုပ်သည် အိတ်အတွင်း
ရတနာသေတ္တာဗူးလေးထုတ်ယူကာ ဦးပန်းအေးရှေ့သို့ တိုး
လိုက်လေသည်။

"ဦးပန်းအေး...ကျုပ်ကို ဒီရတနာပစ္စည်းတွေတန်ဖိုး
ဖြတ်ပေးပါ"

"ဟင်...မနည်းပါလားဆရာ"

ဦးပန်းအေးသည် ရတနာသေတ္တာဗူးလေးမှ ရတနာပစ္စ
များကို တစ်ခုချင်းကြည့်ကာ စိတ်ပါဝင်စားနေ၏။ ပြီးနော
ကျွန်ုပ်ဘက်သို့လှည့်ကာ...

"ဒီပစ္စည်းတွေက ကာလတန်ဖိုးမနည်းပေဘူးဆရာ
တွေက ဆရာ့ပစ္စည်းတွေလား"

ကျွန်ုပ်က မဟုတ်ကြောင်းပြောပြီးလျှင် ကျွန်ုပ်နှင့်
စကား၊ မောင်ထက်အောင်တို့တွေ့ဆုံပုံ၊ ကျွန်ုပ်တို့မိတ်ဆွေ
ဝါးနော်အားကူညီကြပုံ၊ တောတွင်း၌ ကျွန်ုပ်တို့ကြုံခဲ့ရသော
နှင့် အခက်အခဲများ၊ ပြိတ္တာဂူတွင် သူတော်စင်အဘိုးနှင့်တွေ့





ပုံများကို ခရေစေ့တွင်းကျပြောပြလေရာ သူဌေးဦးပန်းအေးမှာ
လွန်စွာမှပင် အံ့ဩလျက် စိတ်ဝင်စားစွာနားထောင်နေလေတော့
၏။

"ပြိတ္တာဂူထဲရောက်တော့ သူတော်စင်အဘိုးက ကျုပ်ကို
ခေါ်ပြီး ဒီရတနာတွေကိုပေးတယ်၊ ပြီးတော့ ဒီရတနာပစ္စည်းတွေ
ကို ထုခွဲရောင်းချပြီး ဂူထဲက မကျွတ်မလွတ်ပုဂ္ဂိုလ်တွေအတွက်
ရည်စူးလှူပေးဖို့ တာဝန်တစ်ခုပေးအပ်ခဲ့ပါတယ်၊ ဒါကို ကျုပ်က
ဆောင်ရွက်ရတာပါ၊ ပြီးတော့ ဒီရတနာတွေ ကျုပ်ဆီမှာပါလာ
တာ လောဘသားတွေအနံ့ရသွားရင် အန္တရာယ်ရှိနိုင်တာမို့ မည်
သူတစ်ဦးတစ်ယောက်ကိုမှ အသိမပေးခဲ့ပါဘူး၊ ယုတ်စွအဆုံး
ကျုပ်အနီးကပ်မှာရှိနေကြတဲ့ မောင်ထက်အောင်နဲ့ ရွှေစကား
တောင် လုံးဝမသိရှိပါဘူး"

ကျွန်ုပ်စကားဆုံးသောအခါ ဦးပန်းအေးသည် မျက်နှာ
တစ်ခုလုံးဝင်းလက်သွားကာ...

"ဝမ်းသာလိုက်တာဆရာရယ်၊ ဆရာ့ကို ကျွန်တော်
အလွန်လေးစားပါတယ်၊ ကျွန်တော်ဟာလည်း သာသနာကို
ကြည်ညိုသူတစ်ဦးပါ၊ ဆရာဖြစ်စေချင်တာတွေအားလုံး ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် ကူညီဆောင်ရွက် ကုသိုလ်ပြုပါရစေ၊ ဆရာ ဘာဆေ
လုပ်လိုပါသလဲ''

''ကျုပ်ကို အဘိုးကမှာလိုက်တဲ့အတိုင်း ဆက်လ
ဆောင်ရွက်မှာပါ၊ ကျုပ် အောင်ဇေရန်အောင်ဘုရားကို သွ
လိုပါတယ်''

''ရပါတယ်ဆရာ၊ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပါမယ်
ခုပဲသွားကြတာပေါ့ဆရာ၊ အပြန်မှပဲ ညစာစားကြတာပေါ့''

သူဌေးဦးပန်းအေးက ရတနာပစ္စည်းများကို စာရင်း
ပြီးနောက် ကျွန်ုပ်အား တစ်စောင်သီးသန့်ကူးပေးကာ လုံခြုံ
သိမ်းဆည်းပြီးနောက် သူ့ကားဒရိုင်ဘာကိုခေါ်ကာ ကားအဆ
သင့်လုပ်စေသည်။ ရွှေစကားက...

''ဖေဖေတို့ ဘယ်သွားမလို့လဲဟင်''

''အောင်ဇေရန်အောင်ဘုရားသွားဖူးမလို့ သမီးရဲ့''

''သမီးတို့လည်းလိုက်မယ်လေ''

''ကားမဆံ့လောက်ဘူးကွယ့်''

''ဖေဖေကလည်း...ဒရိုင်ဘာကိုထားခဲ့ပါ၊ ကားကို ကိုထ
မောင်းလိမ့်မယ်၊ ကိုထက်...ရတယ်မဟုတ်လား''



''ရတော့ရပါတယ်ညီမရယ်၊ ဟို...ကိုထက်က လမ်းမှမသိ
တာ၊ ဖြစ်ပါ့မလား''

''လာပါကိုထက်ရယ်၊ ညီမလမ်းပြောပြမှာပေါ့၊ အဆင်
ပြေတယ်နော်ဖေဖေ''

''အေး...အေး...ရပါတယ်ကွာ၊ ကဲ...ကဲ...တက်ကြ ဖေ
ဖေနဲ့ဆရာက နောက်မှာထိုင်မယ်''

သို့ဖြင့် ကျွန်ုပ်တို့သည် ဆလွန်းကားဖြူလေးကို မြို့သစ်
ကြီးရပ်ကွက်သို့ ဦးတည်မောင်းနှင်ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့သည် 'တပ်ဦးကျောင်း'ရှိ အောင်ဇေရန်အောင်
ဘုရားသို့ သွားရောက်ရှိခိုးဦးခိုက်ပြီးနောက် တပ်ဦးကျောင်း၏
ကျောင်းထိုင်ဆရာတော်ကြီး 'ဦးဝါယမိန္ဒ'ကို သွားရောက်ဖူးမြော်
ခဲ့ကြလေသည်။

''အောင်ဇေရန်အောင်ဘုရားကို ဘုန်းဘုန်း ဦးစီးတည်
ထားခဲ့တာကွယ့်၊ ဉာဏ်တော်အမြင့် ၅၅တောင်ရှိတယ်''

ဆရာတော်ကြီးက ကျွန်ုပ်တို့အား ပဋိသန္ဓာရစကားဖြင့်
ဧည့်ခံလေသည်။

ကျွန်ုပ်တို့သည် ဘုရားဖူးပြီးသောအခါ ပတ်ဝန်းကျင်များ
ကို လှည့်လာကြည့်ရှုကြလေ၏။

---

ခုနှစ်စင်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒီကိုလာရခြင်းကိစ္စက အကြောင်းရှိပါသလား"

"အင်း...ရှိပါသော်ကော ဦးပန်းအေးရယ်၊ ဒီဘုရားဝတ္ထု မြေမှာ နောင်သိပ်မကြာခင် ဘုရားဆင်းတုပုံတော်များစွာ တည် ထားကိုးကွယ်မှုပြုကြရလိမ့်မယ်လို့ အဘိုးကပြောလိုက်ပါတယ် အဲဒီအခါကျရင် ကျုပ်တို့၊ ဦးပန်းအေးတို့က တတ်အားသရွေ့ ပါဝင်ကုသိုလ်ပြုကြရမယ်မဟုတ်လား"

"ဟုတ်တာပေါ့ဆရာရယ်၊ သာသနာပြုလုပ်ငန်းဆိုတာ အင်မတန်မွန်မြတ်လှတာမဟုတ်လား။ ဒါနဲ့ဆရာ၊ ဘယ်လိုပုံ မျိုး သာသနာဖွံ့ဖြိုးလာမှာလဲ"

"မြန်မာနိုင်ငံမှာ ထောင်ပြည့်သာသနာပြုလုပ်ငန်းတွေ များစွာရှိတယ်မဟုတ်လား၊ ဇောတိတစ်ထောင်၊ မုနိတစ်ထောင် သရက်တစ်ထောင်၊ အင်ကြင်းတစ်ထောင်၊ ကံ့ကော်တစ်ထောင် စသည်ဖြင့် များစွာရှိခဲ့ကြတယ်၊ ဒီနေရာမှာ အဲဒီလို သာသနာ ဖွံ့ဖြိုးတိုးတက်လာဦးမှာ မလွဲဘူးလို့ဆိုတယ်"

(မှတ်ချက်။ ။ နောင်အခါ ၁၃၆၃-ခုနှစ်တွင် သာသနာ ပြုဆရာတော် ဦးဥတ္တရသီရိမှ မြန်မာနိုင်ငံမြောက်ဖျား ကချင် ပြည်နယ်အတွင်း ခရစ်ယာန်ဘာသာအများစုနေထိုင်ရာဒေသ တွင် ဗုဒ္ဓဘာသာကိုးကွယ်မှုနည်းပါးခြင်း၊ ပုထိုးစေတီ သာသနိက





အဆောက်အဦးနည်းပါးခြင်း၊ ဗုဒ္ဓဘာသာ တိုးတက်ထွန်းကား ပြီး ကချင်ပြည်နယ်ကြီး သာသနာ့အရောင် ထွန်းလင်းတောက် ပြောင်စေခြင်းအကျိုးငှာ 'သပြေတစ်ထောင်' ရုပ်ပွားတော်ဘုရား များကို တည်ထားကိုးကွယ်တော်မူလေသည်)

"အဲဒီအခါကျရင် အဘိုးဆောင်ရွက်နိုင်းတဲ့အလှူဒါန အတွက် ကုသိုလ်ပြုဖို့ သူဌေးဦးပန်းအေးအနေနဲ့ အထူးပဲ ကူညီ ပေးပါလို့ မေတ္တာရပ်လိုပါတယ်၊ အခု ရတနာပစ္စည်းတွေကိုလည်း ဦးပန်းအေးအိမ်မှာပဲ ခေတ္တသိမ်းဆည်းထားပေးပါ၊ ကျုပ်ဆီမှာ ထားရင် ထိန်းသိမ်းရခက်ခဲပြီး လောဘသားတို့အန္တရာယ်လည်း အင်မတန်များလှတာမို့ ဦးပန်းအေးအနေနဲ့ ကူညီပေးပါ၊ သာ သနာပြုလုပ်ငန်းကြီး အကောင်အထည်ပေါ်လာခဲ့တဲ့အခါ ကျုပ် တစ်ခေါက်ပြန်လာပြီး ကုသိုလ်အမှုတွေကို ဆောင်ရွက်ပါ့မယ်"

ကျွန်ုပ်အကြံကို သူဌေးဦးပန်းအေးလည်း လက်ခံလေ၏ ပြီးနောက် ကျွန်ုပ်တို့သည် ဘုရားကို လက်ျာရစ်တစ်ပတ်ရစ်မြော် ကြပြီးနောက် ကျွန်ုပ်က...

"တစ်လက်စတည်း ဦးပန်းအေးကို ကျုပ်ပြောစရာစကား ရှိပါတယ်"

"ဟုတ်ကဲ့...ပြောပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းစရာပေမယ့် ဒါအမှန်တရားမို့ လက်ခံနားလည်ပေးပါ"

"ဟုတ်ကဲ့...ပြောမှာသာပြောပါဆရာ"

"ကျုပ်တို့ကို တောတွင်းမှာ ဖမ်းဆီးနှိပ်စက်သူဟာ အဖြစ်ဆိုးနဲ့ကြုံပြီး သေသွားရှာတယ်၊ သူဟာ တခြားသူမဟုတ်ပါဘူး ဦးပန်းအေးရဲ့သားမက်ဖြစ်သူ ဇော်မှိုင်းပါ"

"ဗျာ...ဇော်မှိုင်း"

ဦးပန်းအေးမှာ မထင်မှတ်သောစကားကြားလိုက်ရ၍ သမီးကြီးအတွက် စိတ်မကောင်းဖြစ်ကာ ရုတ်တရက် မိုက်ခနဲဖြစ်သွားရပေတော့၏။

ကျွန်ုပ်တို့လည်း သူဌေးဦးပန်းအေးကိုတွဲခေါ်ကာ အိမ်ပြန်ခဲ့ကြပြီးနောက် ကျွန်ုပ်တွင်ပါလာသော နွယ်လောင်ကျောက်ကွဲမြစ်ကို ဆေးအဖြစ်တိုက်ကျွေးလေရာ မကြာမီ သက်သာလန်းဆန်းလာလေတော့၏။

"ကံတရားက အင်မတန်ဆန်းကြယ်လှပါတယ်ဆရာရယ်၊ ကျွန်တော့်သမီးကြီးအတွက်နဲ့ ကျွန်တော့်မြေးလေးအတွက် စိတ်မကောင်းဖြစ်မိတာပါ၊ ဘာပဲဖြစ်ဖြစ် သူတို့တစ်တွေကို ကျွန်တော်တို့မိဘဝတ္တရားအတိုင်း စောင့်ရှောက်သွားမှာပါ"



ကျွန်ုပ်သည် မြစ်ကြီးနားမြို့၌ ရက်အနည်းငယ်နေပြီးနောက် ရန်ကုန်ပြန်ရန် ပြင်ဆင်ရလေတော့၏။

"အဘ"

"ဟေ"

"ရန်ကုန်ပြန်ရောက်ရင် သမီးကိုသတိရနေမှာလား"

"ဘယ့်နှယ့်ပြောလိုက်ပါလိမ့် ရွှေစကားရယ်၊ အဘရင်ထဲမှာ သမီးတို့အမြဲရှိနေမှာပါ"

"သမီးတို့မင်္ဂလာရက် သတ်မှတ်ပြီးရင် အဘဆီ စိတ်စာပို့လိုက်မယ်၊ ဖြစ်အောင်လာရမယ်နော်"

"အေး...အေး...အဘအားရင်လာမှာပေါ့၊ ဒါနဲ့ သမီးတို့နှစ်ယောက်ကိစ္စ အဆင်ပြေသွားကြပြီလား"

"ပြေသွားပြီအဘ၊ ဖေဖေမေမေက ကိုထက်နဲ့သဘောတူ တည်ဖြူပါတယ်၊ မင်္ဂလာပွဲကို အဘလာဖို့မသေချာရင် ရန်ကုန်ထိလာခေါ်မှာနော်"

"အဲဒါပိုကောင်းတာပေါ့ကွယ်၊ သမီးတို့လည်း ဘုရားဖူးရင်း လာခဲ့ကြပေါ့"

"ဖေဖေနဲ့ မေမေက နွယ်လောင်ကျောက်ကွဲမြစ်အကြောင်းကို အင်မတန်သဘောကျနေတယ်၊ သိပ်အစွမ်းထက်တာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟုတ်တာပေါ့ကွယ်၊ ဆေးလျှရသောအကျိုး(၁၀) ပါးရှိတယ်လို့ ပုဏ္ဏပကိဏ္ဏကကျမ်းမှာ အဆိုရှိတယ်ကွယ့်၊ (၁) အသက်ရှည်သည်၊ (၂) ခွန်အားကြီးသည်၊ (၃) ပညာကြီးသည်၊ (၄) အဆင်းလှသည်၊ (၅) အခြံအရံများသည်၊ (၆) ချမ်းသာကြီးသည်၊ (၇)ဘေးအန္တရာယ်မရှိသည်၊ (၈) ကြောင့်ကြစိုးရိမ်မှုမရှိသည်၊ (၉) အချင်းခပ်သိမ်းရှိသူတို့ရှိသေသည်၊ (၁၀) ချစ်သောသူနှင့်ကွေကွင်းခြင်းမရှိသည်လို့ ဆယ်မျိုးရှိတယ်ကွယ့်"

"ဟုတ်လားအဘ၊ အဘက စာရေးဆရာဆိုတော့ ဒါတွေအကုန်သိတာပေါ့နော်"

ကျွန်ုပ်က...

"မောင်ထက်အောင်ရေ...ဦးကိုယ်စား ဖြေပေးပါဦးကွယ်"

မောင်ထက်အောင်က...

"စာရေးဆရာမို့ သိတာမဟုတ်ပါဘူးကွယ်၊ အဘက ဖတ်ထား မှတ်ထားလို့ပါရွှေစကားရယ်"

"ဟား...ဟား...ဟား"

ကျွန်ုပ်တို့သုံးဦး ကြည်နူးစွာရယ်မောလိုက်ကြလေတော့၏။

ကျွန်ုပ်သည် ရွှေစကားတို့စီစဉ်ပေးသောအမြန်ရထားကို





အိပ်စင်ဖြင့်လိုက်ပါလာခဲ့လေတော့၏။ ဘူတာ၌ ကျွန်ုပ်အား မျက်ရည်ဖြင့်နှုတ်ဆက်လာကြသော မောင်ထက်အောင်နှင့် ရွှေစကားတို့အား စိတ်မကောင်းစွာနှုတ်ဆက်လက်ပြခဲ့ပြီးနောက် ရထားကြီးသည် မန္တလေးမြို့သို့ ဦးတည်ခုတ်မောင်းခဲ့လေ၏။

ကျွန်ုပ်လည်း အိပ်ခန်းတွဲမှ ဖိမ်နှင့်လိုက်ပါကာ 'ပြိတ္တာရွာနှင့် နွယ်လောင်ကျောက်ကွဲ'အမည်ရှိ ဝတ္ထုကြီးကိုရေးသားရန်အတွက် စိတ်ထဲမှ ဇာတ်အိမ်တည်ဆောက်လျက် လိုက်ပါလာခဲ့လေတော့သည်။

www.burmeseclassic.com

# နိဂုံး

## (၂၅)

ကျွန်ုပ်သည် ရန်ကုန်မြို့ကြီးသို့ပြန်လည်ရောက်ရှိပြီးနောက် တခြားစာမူကိစ္စများ၊ လုပ်ငန်းကိစ္စများ၊ လူမှုရေးရာကိစ္စများ ရှုပ်ထွေးနေသဖြင့် 'နွယ်လောင်ကျောက်ကွဲ'စာမူကြီးကို အတော်နှင့်မရေးဖြစ်သေးဘဲ ရှိနေလေ၏။

ဤသို့ဖြင့် တစ်လခန့်ကြာလတ်သော် တစ်နေ့နံနက်၌ ကျွန်ုပ်သည် စာရေးမည်ဟုစိတ်ကူးကာ ကျွန်ုပ်နေ့စဉ်မှတ်တမ်းများကို ပြန်လည်ကြည့်နေခိုက် ကျွန်ုပ်အိမ်သို့ စာရေးဆရာ ကိုမုဒြာဆိုသူတစ်ဦး ရောက်လာလေ၏။





"ဆရာအုံ...ဘာတွေများ အလုပ်ရှုပ်နေသလဲဗျ"

စာရေးဆရာ ကိုမုဒြာက ကျွန်ုပ်အိမ်တွင်းသို့ဝင်လာရင်း လှမ်း၍နှုတ်ဆက်လိုက်လေ၏။

"စာရေးဆရာဆိုတော့ စာရေးဖို့ပြင်ဆင်နေတာပေါ့ဗျာ လာ...ထိုင်ဗျို့ ကိုမုဒြာ၊ ကျုပ်တို့လည်း မတွေ့တာ အတော်ကြာပြီနော်၊ ဒါနဲ့ လာရင်းကိစ္စ အကြောင်းရှိသလား"

"ရှိတယ်ဆရာရဲ့၊ ဒါပေမယ့် အရေးတကြီးကိစ္စတော့ မဟုတ်ပါဘူးဆရာ၊ သိလိုတာလေးတွေ ဆရာ့ ဩ"

ထိုစဉ် ကျွန်ုပ်တပည့်ဖြစ်သူ မောင်မျိုးရောက်လာပြီး...

"ဆရာ...အပူသုံးဆောင်မလား၊ အအေးသုံးဆောင်မလား"

ဧည့်သည်ကိုမေးလိုက်သဖြင့် ကိုမုဒြာက...

"အအေးပဲလုပ်ဗျာ"

"ကဲ...ကိုမုဒြာ၊ မေးလိုလည်းမေးပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်သိသမျှသာဖြေနိုင်မှာပဲမို့ အားလုံးတော့လည်း သိနိုင်ဖို့မလွယ်ဘူးဗျ"

www.burmeseclassic.com



"ဟုတ်ပါတယ်ဆရာရယ်၊ ကျွန်တော်ကလည်း ဆရာ သိလိုသိငြားပါ"

ကဲ...ဆို"

"ကျွန်တော် ကြာအကြောင်းသိချင်လို့ဗျ၊ တချို့ ကြာမျိုး ငါးမည်လို့လည်းရေးသားကြတာ တွေ့ဖူးတယ်ဆရာ"

စာရေးဆရာ ကိုမှုဒြာကား မြန်မာတိုင်းရင်းဆေးနှင့်ပတ် သက်၍ စိတ်ဝင်စားမှုရှိသည့်အလျောက် သစ်ပင်တို့၏ အသီး အရွက်၊ အခေါက်၊ အမြစ်၊ အညွန့်၊ ဥစသည်များစွာကို လေ့လာ နေသူဖြစ်သလို ဆေးစာပေဆောင်းပါးများစွာကိုလည်း မဂ္ဂဇင်း တချို့၌ ရေးသားနေသူတစ်ဦးဖြစ်ပေ၏။ ဤကြာကိစ္စသည်လည်း သူတို့ဆေးစပ်၊ ဆေးကြိတ်ရာ၌ ပါဝင်ပေလိမ့်မည်ဟု ကျွန်ုပ်ခန့် မှန်းမိသည့်အလျောက်...

"ဆေးဝါးဖော်စပ်တာနဲ့များ သက်ဆိုင်နေမယ်ထင်တယ် ကိုမှုဒြာ"

"ဟုတ်တယ်ဆရာ"

"အင်း...ကြာမျိုးငါးမည်ကို ဦးပုညရေးတဲ့ 'ဆဒ္ဒန်ဆင်မင်း ဝတ္ထု'မှာတော့ ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာပုဏ္ဍရိက်၊ ကြာ သိမ်လို့တော့ ငါးမျိုးဖွဲ့ဆိုထားတယ်ဗျ"





"ဟုတ်တယ်ဆရာ၊ အဲဒီအထဲမှာ ကျွန်တော်သိလိုတာ ကြာပုဏ္ဍရိက်အကြောင်းပဲဆရာရဲ့"

"ဘာတွေများလုပ်ဖို့လည်း ကိုမှုဒြာရဲ့"

"သဖင်နီ (ခေါ်) မဟာမြိုင်ဆေးတော်ကြီးကြိတ်ရာမှာ ကြာပုဏ္ဍရိက်ဟာ အရေးကြီးတဲ့ဆေးစုဝင်တစ်ခုဖြစ်တယ်ဆရာ၊ အဲကြောင့် ပုဏ္ဍရိက်ကြာဆိုတာ ကျွန်တော်သိချင်တာပါဆရာ၊ ဆေးအဘိဓာန်ထဲမှာရှာကြည့်တော့ ကြာနီ၊ ကြာဖြူ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာတံဆိပ်လို့ ခွဲခြားပြဆိုထားတာတွေ့ရတယ် ဆရာ"

ထိုစဉ် မောင်မျိုးက အအေးလာချသဖြင့်...

"ကဲ...သောက်လိုက်ပါဦး ဆရာမှုဒြာ၊ ကြုံလို့ပြောရဦး မယ်၊ ကျုပ်သိခဲ့ဖူးတဲ့ စေပိုင်ဆရာတစ်ယောက်က အဲဒီဆေးစု ထဲမှာပါဝင်တဲ့ ပုဏ္ဍရိက်ကြာအစစ်ကို ရှာဖွေမသုံးဘဲ မြစ်ညီးရိုး တာ ပုဏ္ဍရိက်ကြာအတုကို ထည့်သုံးသတဲ့"

"ဟုတ်တယ်ဆရာ၊ အဲဒါ သိပ်စိတ်ပျက်ဖို့ကောင်းပါတယ်၊ ကျွန်တော်က ဆေးဖော်စပ်ရာမှာ အင်္ဂါရပ်နဲ့မညီညွတ်ရင် ဆေး အာနိသင်မထက်မြက်မှာစိုးလို့တဲ့အတွက် တကယ့်ကြာပုဏ္ဍရိက် ကိုပဲ အသုံးပြုချင်တာပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com



''နေဦးဗျ၊ ကျုပ် စာအုပ်တွေမွှေလိုက်ဦးမယ်''

ကျွန်ုပ် စာအုပ်များမွှေနှောက်ရှာဖွေနေစဉ် စာရေးဆရာ ကိုမုဒြာက...

''ကျွန်တော်နဲ့သိခဲ့ကြတဲ့ ဓာတ်၊ ဗိန္ဒော၊ အဂ္ဂိရတ်ပညာ ကို လိုက်စားကြတဲ့ဆရာတချို့ကလည်း ဒီကြာမျိုးငါးပါး သိသူရှားနေတယ်ဆရာရဲ့၊ တချို့ဆရာတွေက အပြာရောင်ရှိ ကြာအသေးကိုပဲ ကြာပုဏ္ဍရိက်လို့ အခိုင်အခံ့ပြောနေကြလေရဲ့

ကျွန်ုပ်သည် စာအုပ်တစ်အုပ်ကိုဆွဲထုတ်လိုက်ကာ အော ကျော်စံထားဆရာတော်ပြုစုထားသော အဘိဓာန်ပါဠိနိသ ပါတာလဝဂ်၌ပါသောစာအချို့ကို စာရေးဆရာကိုမုဒြာအား ထောက်ပြလိုက်လေ၏။

''သိတံ-ဖြူသော၊ ကမလံ- ကြာသည်၊ ပုဏ္ဍရိကံ ပုဏ္ဍရိကမည်၏တဲ့ဗျ၊ ဒီလိုတွေ့ရတယ်၊ ပြီးတော့ ပုဏ္ဍရိ သဒ္ဒေါ- ပုဏ္ဍရိကသဒ္ဒါသည်၊ သေတမ္ဗုဇေ- ကြာဖြူ၌လည်း ကောင်း၊ X X X X X ၊ ဘဝေ- ဖြစ်၏လို့ ပြဆိုထားလေတော့ ဒါကိုထောက်ခြင်းအားဖြင့် အပြာရောင်မဖြစ်နိုင်ဘူးဗျ၊ ပုဏ္ဍရိ ကြာဆိုတာ အဖြူရောင်ပဲဖြစ်ရမယ်''

ကျွန်ုပ်တို့သည် ပုဏ္ဍရိက်ကြာနှင့်ပတ်သက်၍ ထို





လောက်နှင့်သော ရှာဖွေသိရှိဆွေးနွေးပြီးနောက် အဖြေမှန်ကိုကား ရရှိခဲ့ကြပါပေ။

''ဒီလိုလုပ်ပါလား ကိုမုဒြာ၊ ကျုပ်မှာ ရုက္ခဗေဒနဲ့ပတ် သက်လို့ ကျွမ်းကျင်တဲ့အသိမိတ်ဆွေတစ်ယောက် ပြင်ဦးလွင် းမှာရှိတယ်ဗျ၊ သူက စာပေဗဟုသုတလည်းရှိပေတော့ သူ သိကောင်းသိလိမ့်မယ်၊ အချိန်ရလို့ကြုံကြိုက်ရင်တော့ သူ့ဆီ သွားရလိမ့်မယ်ထင်တယ်ဗျ''

''သူ့နာမည် ဘယ်လိုခေါ်သလဲဆရာ''

''ဦးအောင်ချစ်တဲ့ဗျ၊ သူက စိုက်ပျိုးရေးဥယျာဉ်ခြံတွေလုပ် ပြင်ဦးလွင်အနီးအနားမှာနေထိုင်တဲ့လူဗျ''

''ဟုတ်ကဲ့ဆရာအုံး၊ အခွင့်သင့်တဲ့အခါ ကျွန်တော်တို့ သွား င့်ရင်သွားကြတာပေါ့''

စာရေးဆရာ ကိုမုဒြာလည်း ကျွန်ုပ်ကိုနှုတ်ဆက်၍ ပြန် သွားလေ၏။

မှတ်ချက်။ ။ နောင်တွင် ထိုပုဏ္ဍရိက်ကြာကိုအကြောင်း ၍ ကျွန်ုပ်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ဇာတ်လမ်းကြီးတစ်ပုဒ် အလျဉ်းသင့်က ဝတ္ထုစာအုပ်တစ်အုပ်အဖြစ် ရေးသားတင် ပြဦးမည်။ (စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ ကိုမှုဒြာပြန်သွားလေသောအခါ ကျွန်ုပ်သည် တပည့်ဖြစ်သူ မောင်မျိုးဖျော်ပေးသော ကော်ဖီကျကျကိုသောက်ရင်း 'နှယ်လောင်ကျောက်ကွဲ' စာမူကြီးကိုရေးသားရန်စဉ်းစားနေခိုက် ကျွန်ုပ်အိမ်ရှေ့သို့ အငှားကားလေးတစ်စီး ဆိုက်ရောက်လာလေတော့၏။

"ဆရာ...ဧည့်သည်လာတယ်"

မောင်မျိုးကလှမ်းပြောသဖြင့် ကျွန်ုပ်လည်း စာရေးနေရာမှထကာ ဧည့်ခန်းအတွင်းသို့ထွက်လာခဲ့လေ၏။ အငှားကားပေါ်မှ ဆင်းလာသူတို့မှာ ရွှေစကားနှင့် မောင်ထက်အောင်တို့ပင် ဖြစ်နေပေသည်။

"အဘ...နေကောင်းလား"

ရွှေစကားက ခရီးရောက်မဆိုက်ပင် ဝမ်းသာအားရနှင့် ကျွန်ုပ်အား လှမ်းရှုံ့နှုတ်ဆက်ကာ အပြေးဝင်ရောက်လာလေ၏။ မောင်ထက်အောင်က နောက်မှ အထုပ်အပိုးများဆွဲကာ လိုက်လာလေသည်။

"အေး...နေကောင်းပါလေ့ကွယ်"

ရွှေစကားက ကျွန်ုပ်လက်နှစ်ဖက်ကိုကိုင်၍...





"ဝမ်းသာလိုက်တာ အဘရယ်၊ သမီး အဘကို နေ့တိုင်း သတိရနေတာ"

"အေးကွယ်...အဘလည်း သတိရပါတယ်၊ အားလုံးနေကောင်းကြရဲ့မဟုတ်လား"

"ဟုတ်ကဲ့...ကောင်းကြပါတယ်အဘ"

ထို့နောက် သူတို့နှစ်ဦးသည် ကျွန်ုပ်အတွက် လက်ဆောင်ပစ္စည်းများကိုပေးလေ၏။

"ဟောဒါက အဘအတွက် ကချင်ပုဆိုး၊ ခါက ကချင်လွယ်အိတ်၊ ပျားရည်၊ ဒါက ဂရိတ်ဖရုံ၊ စားစရာ"

"ဟဲ့...များလှချည်လား ရွှေစကားရဲ့"

"ဒါတောင် မနိုင်တော့လို့ အဘရဲ့...ဟင်း...ဟင်း"

ကျွန်ုပ်တို့သည် ရောက်တတ်ရာရာစကားများကိုပြောကြရင်း...

"သမီးတို့ ရှေ့လဆန်းမှာ မင်္ဂလာဆောင်ဖြစ်မယ်အဘရဲ့၊ အဲဒါလာဖိတ်ရင်း သမီးတို့ ရန်ကုန်မှာ ဘုရားလာဖူးကြတာ၊ အခု သမီးတို့ ကျောက်မြောင်းက အဒေါ်အိမ်မှာတည်းကြတယ်၊ အဘ မြစ်ကြီးနားလိုက်မယ်မဟုတ်လား"

ကျွန်ုပ်က စဉ်းစားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လဆန်း...ဟုတ်လား"

"ဟုတ်တယ် အဘ"

ကျွန်ုပ်လည်း ပြက္ခဒိန်လှန်ကြည့်ကာ...

"အင်း...ပွဲတစ်ခုနဲ့တော့ တိုက်ဆိုင်နေပြီကွယ့်"

"ဟင်...ဘာလဲ၊ အဘမလာဘူးလား"

ကျွန်ုပ်က ရွှေစကားကို နှစ်သိမ့်ရလေ၏။

"အဘမလာချင်လို့တော့ မဟုတ်ပါဘူးသမီးရယ်၊ ဒီလ ကုန်ရင် အဘလည်း မော်ဘီမြို့နယ်ထဲက ကြည်အေးကျောင်း တိုက်၊ မိုးကုတ်ဝိပဿနာတရားစခန်းမှာ စခန်းဝင်ဖို့ စာရင်းပေး ထားပြီးပြီကွယ့်၊ ကဲ...သမီးရယ်၊ နှုတ်ခမ်းကြီးစူပုတ်မနေနဲ့တော့ နော်၊ အခုလည်း အဘနဲ့တွေ့နေရတာပဲ၊ သမီးတို့မင်္ဂလာပွဲ မဂ်လာဖြစ်ပေမယ့် မကြာခင်မှာ သာသနာပြုအလှူခံရီးကို အဘ လာရဦးမယ်လေ၊ အဲဒီအခါကျလည်း တွေ့ကြရဦးမှာပဲဟာ"

မောင်ထက်အောင်က...

"ကဲပါ...ညီမရယ်၊ အဘမှာက သိပ်အားလပ်တာမဟုတ် ဘူး၊ ပြီးတော့ နောက်လည်းတွေ့ကြဦးမှာပဲဟာ၊ အဘစိတ်ဆင်း ရဲအောင် လုပ်မနေပါနဲ့နော်"

ရွှေစကားက မျက်ရည်များဝိုင်းလာလေ၏။





"သမီးက အဘစိတ်ဆင်းရဲအောင်လုပ်တာမဟုတ်ပါဘူး အဘကို မိဘလိုချစ်လို့ပြောတာပါ"

"ကဲပါကွယ်...မျက်ရည်သုတ်၊ ရွှေတိဂုံဘုရားရောက်ပြီး ပြီလား"

"ဟင့်အင်း...မနက်က ရထားဆိုက်တယ်၊ ကျောက်မြောင်း က အဒေါ်ဆီဝင် ပစ္စည်းတွေထားခဲ့ပြီး အဘဆီတန်းလာတာ"

"ကဲ...ဒါဆို ရွှေတိဂုံဘုရားသွားဖူးမယ်၊ ပြီးရင် (၂၉)လမ်း က ဒေါ်စောရီထမင်းဆိုင်မှာ အဘထမင်းလိုက်ကျွေးမယ်...ဟုတ် ပြီလား"

ထိုအခါမှပင် ရွှေစကားမျက်နှာလေး ပြုံးရွှင်သွားလေတော့ ၏။ ကျွန်ုပ်တို့သည် အငှားကားဖြင့်ပင် ရွှေတိဂုံဘုရားသို့ထွက် လာခဲ့ကြပေတော့၏။

"သမီးရဲ့ဖေဖေနဲ့မေမေတို့ရော နေကောင်းကြရဲ့လား ကွယ့်"

"ဟုတ်ကဲ့...ကောင်းကြပါတယ်အဘ၊ ဖေဖေတို့ မေမေ တို့အနီးမှာ မမရော၊ မြေးလေးပါရှိတဲ့အတွက် ဖေဖေတို့ကတော့ သူ့မြေးလေးကို အကဲပိုနေကြလေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ကောင်းတာပေါ့ကွယ်၊ သားအဲချစ် မြေးအနှစ်လို့ဆိုတယ်မဟုတ်လား"

"အဲဒါကိစ္စမရှိဘူးအဘရဲ့၊ အသက်ကြီးမှ ပုတီးချ မြေး,မဆိုသလိုဖြစ်နေတာ"

ရွှေစကားပြောမှ အားလုံးရယ်မောမိကြလေ၏။

"ဒါနဲ့ သမီးနဲ့ ဂမောင်ထက်အောင်တို့အစီအစဉ်ကရော ဘယ်လိုများစီစဉ်ထားသလဲ"

"ကိုထက်နဲ့သမီးက မြစ်ကြီးနားမှာပဲ မင်္ဂလာဆောင်ကြမှာပါအဘ၊ ပြီးရင် သမီးက ကိုထက်နဲ့ ဗန်းမော်ကိုလိုက်သွားမယ်လေ၊ ဗန်းမော်မှာအခြေချစီးပွားလုပ်ကြမယ်လို့ စိတ်ကူးထားကြတယ်"

"သမီးမိဘတွေက ခွင့်ပြုလား"

"ခွင့်ပြုပါတယ်အဘ၊ မေမေက သမီးကိုသိပ်မခွဲချင်ပေမယ့် နားလည်မှုရှိပါတယ်၊ ပြီးတော့ သူတို့အနီးမှာ မမကြီးနဲ့ မြေးလေးကလည်းရှိနေတော့ သူတို့ဖြေသာတာလည်းပါပါတယ်၊ ဗန်းမော်မှာက ကိုထက်မိဘတွေရှိသေးတယ်လေ၊ ဒီတစ်ခါကျရင် သမီးတို့က ကိုထက်မိဘတွေကို တစ်လှည့်စောင့်ရှောက်ရ





ဦးမယ်မဟုတ်လား။ ဖေဖေကလည်း သမီးတို့ကို စီးပွားထူထောင်ပေးမှာပါ"

"အေး...အေး...ကောင်းတာပေါ့ကွယ်"

"ကျွန်တော်ကတော့ ဗန်းမော်မှာ ကားဝယ် လိုင်းကားထောင်ပြီး ခရီးသွားလုပ်ငန်းလုပ်မှာပါဦးရယ်၊ ဒီအလုပ်ကို ကျွန်တော်လည်းကျွမ်းကျင်တယ်လေ၊ ရွှေစကားကတော့ ရွှေရတနာဆိုင်လေးတစ်ဆိုင်ဖွင့်မယ်လို့ သူကစိတ်ကူးနေတယ်"

"ကောင်းတာပေါ့ မောင်ထက်အောင်ရယ်၊ ဒါနဲ့ ထား... မစပ် မောင်ထက်အောင် အရင်က ရန်ကုန်ရောက်ဖူးလား"

"အခုမှရောက်ဖူးတာပါဦး"

"ကိုထက်ကတော့ ရန်ကုန်ကို အခုမှရောက်ဖူးတာ၊ သမီးကတော့ ဒါနဲ့ဆို သုံးကြိမ်မြောက်ရောက်ဖူးတာပဲ၊ ဒါပေမယ့် အဘပြောပြတဲ့ ဓမ္မစေတီဘုရားတို့၊ ကျားခြေသေ့ဘုရားတို့ သမီးသတိမထားမိဘူး။ လိုက်ပို့ပေးနော်အဘ"

"အေး...အေး...လိုက်ပို့ပေးမှာပေါ့ ရွှေစကားရယ်၊ သမီးမှမဟုတ်ပါဘူး၊ ဒီဘုရားစေတီလေးတွေကို ရန်ကုန်မှာရှိတဲ့လူတချို့တောင် မသိတဲ့သူတွေရှိကြတယ်ကွယ့်"

သို့နှင့် ကျွန်ုပ်တို့သည် ဘုရားသို့ရောက်ရှိခဲ့ကြလေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံဘုရားအား ဖူးမြော်ကြည်ညိုခြင်း၊ မွေးနံ့များတွင် ကုသိုလ်ပြုခြင်း၊ ရေလှူခြင်း၊ ရွှေဆိုင်းချခြင်းများပြုလုပ်ပြီးနောက် ကျားခြင်္သေ့ဂူဘုရားသို့ရောက်ခဲ့ကြပေ၏။

ကျားခြင်္သေ့ရုပ်ပွားတော်များမှာ ရွှယ်တူရုပ်ပွားတော်သုံးဆူကို ပလ္လင်တစ်ခုတည်းမှာထားရှိပြီး ရုပ်ပွားတော်၏အောက်ခြေမှာ ကျားရုပ်နှင့် ခြင်္သေ့ရုပ်များရှိလေသည်။ (အလျဉ်းသင့်က အကျယ်ရေးပါဦးမည် - စာရေးသူ)

ထို့နောက် ကျွန်ုပ်တို့သည် အနောက်ဘက်မုခ်နှင့် မြောက်ဘက်မုခ်ကြားရှိ အောင်မင်းအောင်စေတီသို့ သွားရောက်ဖူးမြော်ကြလေသည်။ ထိုစဉ်...

"ဟင်...အဘိုး"

ကျွန်ုပ်တို့သည် ဘုရားဝတ်ပြုပြီးနောက် လှည့်ကြည့်မိရာ မထင်မှတ်ဘဲ သူတော်စင်အဘိုးနှင့် ထပ်မံကြုံတွေ့ကြရလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့သုံးဦးသည် မတိုင်ပင်ပါဘဲ သူတော်စင်အဘိုးအား ရှိခိုးဦးခိုက်လိုက်ကြလေ၏။

"အိမ်း...အရွယ်ကြီးသောသူ၊ ဂုဏ်ဖြင့်ကြီးသောသူတို့အား အရိုအသေ မြတ်နိုးတနာပြုသောစေတနာဟာ 'အပစာယန'လို့ခေါ်ပေတယ်၊ အတိတ်ကုသိုလ်ကံတွေကြောင့် အခုလိုဆုံတွေ့ကြရပေတယ်၊





ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္န ဟိတေနဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝယထောဒကေ။

(၁) ရှေးလွန်လေးပြီးသော ကိုယ်၏အဖြစ်တို့၌ တကွနေဖူးခြင်း၊ (၂) မျက်မှောက်ယခုဘဝ ဤကိုယ်အဖြစ်၌ အစီးအပွားကိုရွက်ဆောင်ခြင်း၊ အဲဒီနှစ်ပါးကြောင့် ရေ၌ ကြာကဲ့သို့ ချစ်ကြည်လေးမြတ်ခြင်းဖြစ်ကြပေတယ်"

"ဟုတ်ပါတယ်အဘိုး"

ရွှေစကားက...

"အဘိုး...အဘိုးက ဒီမှာနေတာလားဟင်"

သူတော်စင်အဘိုးက ပြုံး၍...

"အဘိုးတို့က ဘယ်နေရာကိုမှ အတည်တကျနေလေ့မရှိပါဘူးကွယ်"

"ဟင်...ဒါဆို သမီးတို့က အဘိုးကိုတွေ့ချင်တယ်ဆိုရင် မလွယ်ဘူးပေါ့နော်"

"စိတ်ထဲမှာရှိနေရင် အမြဲတွေ့နေရသလိုပဲလို့ မှတ်ထားပေါ့ကွယ်၊ အဘိုးကိုသတိရတယ်ဆိုရင် သာသနာကောင်းကျိုး လောကကောင်းကျိုးတွေကိုဆောင်ရွက်ပါ၊ ဒါဟာ အဘိုးကို သတိရပြီး အဘိုးစကားနားထောင်ခြင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့လိုက်နာပါ့မယ်အဘိုး"

"အရွယ်ရှိခိုက်ကြိုးစားကြရမယ်ကွယ့်၊ အရွယ်(၁၀)ပါးကို သိကြရဲ့လား"

ရွှေစကားနှင့် မောင်ထက်အောင်က ကျွန်ုပ်ထံသို့ လှည့်ကြည့်ကြလေ၏။ ကျွန်ုပ်က...

"မသိပါဘူး အဘိုးရယ်"

"မှတ်ထားကွယ့်၊ မန္ဒ၊ ခိဍ္ဍ၊ ဝဏ္ဏ၊ ဗလ၊ ပညာ၊ ဟာယန၊ ပဗ္ဘာရ၊ ကုင်္ကလ၊ မုမ္ဗ၊ အနုဿာနသယတဲ့၊ အဲဒါ အရွယ် (၁၀)ပါးပဲ"

"ဟုတ်ကဲ့အဘိုး၊ ရှင်းပြပါဦးခင်ဗျာ"

"၁။ မန္ဒ- ပညာနုံသည် (ဆယ်နှစ်)

၂။ ခိဍ္ဍ- ပျော်လွင့်သည် (နှစ်ဆယ်)

၃။ ဝဏ္ဏ- အဆင်းလှသည် (သုံးဆယ်)

၄။ ဗလ- အားရှိသည် (လေးဆယ်)

၅။ ပညာ- ပညာရှိသည် (ငါးဆယ်)

၆။ ဟာယန- အားယုတ်သည် (ခြောက်ဆယ်)

၇။ ပဗ္ဘာရ- လေးလံသည် (ခုနစ်ဆယ်)

၈။ ကုင်္ကလ- ကိုင်းညွတ်သည် (ရှစ်ဆယ်)



BURMESE CLASSIC .com



၉။ မုမ္ဗ- တွေဝေသည် (ကိုးဆယ်)

၁၀။ အနုဿာနသယ- မထအိပ်နေခြင်းဖြင့်နေသည် (အနှစ်တစ်ရာ)လို့ ဆိုတာကွယ့်၊ ကဲ...လူလေးတို့လည်း အရွယ်ရှိခိုက် ဥစ္စာ၊ ပညာ၊ ကုသိုလ်ရှာကြပေါ့ကွယ်"

အဘိုးသည် ပြောဆိုပြီးနောက် ကျွန်ုပ်တို့ရှေ့မှောက်မှ တရွေ့ရွေ့ထွက်ခွာပျောက်ကွယ်သွားလေတော့၏။ ထိုအခါ ရွှေစကားက ကျွန်ုပ်ဘက်လှည့်၍...

"အဘက စာရေးဆရာဆိုတော့ သူတော်စင်အဘိုးပြောတာတွေ မှတ်မိမှာပေါ့နော်"

ကျွန်ုပ်လည်း ခေါင်းယမ်း၍...

"စာရေးဆရာလည်း အဲဒီလောက်မှတ်ဉာဏ်မကောင်းတော့ အားလုံးမမှတ်မိပါဘူး ရွှေစကားရယ်"

"ဟား...ဟား...ဟား"

ကျွန်ုပ်တို့သုံးဦးသည် ကြည်နူးစွာဖြင့် ပြိုင်တူရယ်မောလိုက်မိကြလေတော့သတည်း။

ခပ်သိမ်းသတ္တဝါ ချမ်းသာပါစေ



www.burmeseclassic.com